# မုံရွေးဆရာတော်
# မှတ်စု

ဟံသာဝတီ

၄ ၅၁၀


မုံရွေး ဇေတဝန်ဆရာတော်

အရိယဝံသ အာဒိစ္စရံသီ မဟာထေရ်မြတ်


ရေးမှတ်စုဆောင်းအပ်သော

# မုံရွေးမှတ်စု


ရန်ကုန်မြို့

ဟံသာဝတီပုံနှိပ်တိုက်

၁၃၂၅-ခု (သာသနာ-၂၅၀၇) ၁၉၆၃-ခု

မုံရွေးမှတ်စု
ပေမူမှ စာအုပ်အဖြစ်ဖြင့်
ပထမအကြိမ် ပုံနှိပ်ခြင်း
၁၉၆၃-ခု၊ ဇွန်လ

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon.

★

ရန်ကုန်မြို့၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီ ပုံနှိပ်တိုက်အတွက် (မှတ်ပုံတင်အမှတ် ၀၅၀-
၀၃၂) ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

# အက္ခရာစဉ်-မာတိကာ


**အ**

အကြော ၃-ပါးအထူး ၇၅
အခေါ်နှင့်သရုပ်ခြားနားပုံ ၈
အဇိန္တိယျာဂါထာ ၁၅
အဋ္ဌကဇာတ်ဂါထာ ၁၁၄
အတွင်းမှဩော ၉-ဆူ ၃၆
အမိပ္ပါယ်မဖြောင့်သော
စကား ၇၉
အနက်မှားပြင်ချက် ၃၁
အနာဝင်ဆေး ၁၆
အနာပဆုပ်ဆေး ၁၆
အနွံသိုက်စာ ၈၂
အပင်းစမ်းနည်း ၁၇
အပါယ်ရောက်ကြောင်း
၆-ပါး ၃၀
အပူဝင်ဆေး ၁၆
အပြင်မှဩော ၉-ဆူ ၃၆
အဖျော် ၁၀-ခု ၇၆
အဘယမင်းသား ၅၀
အဘြိုက် ၇၈
အမိဖြစ်သောနတ်သမီးများ ၇၃
အမေရိကာဘိုက် ၆-လကျူး ၉၂
အမျိုးအနွယ်-၆၀ ၉၁
အမြီးနှင့်ခေါင် ၄၉-၇၈
အယူမင်္ဂလာလျှောချင်း ၁၀၆
အယူမင်္ဂလာခွန်းချင်း ၁၀၇
အရပ် ၈-မျက်နှာအရှင် ၃၁
အရပ်တပါးနေသည်းခံလေ ၅၁
အလှူ ၃-ပါး ၃၆
အဝမ္မိအတွင်းဘုရား၉-ဆူ ၃၆
အဝမ္မိအပြင်ဘုရား၉-ဆူ ၃၆
အသကမင်းငယ်နာမည် ၅၀
အသက်ကြီးနှင့်စိတ်ပုတီး ၄၇
အသင်္ချေဂဏန်း ၃၅
အသတ်မပါရွှာ ၄-ရွာ ၅၆
အင်္ဂတေစပ်နည်း ၆၆
အပ်သောအဖျော် ၈၀
အမ္ဗုရေတိမ်ဟော ၈၇

**အာ**

အာတုရံ အသုစိံ ဂါထာ
ဟောခြင်းအကြောင်း ၁၂
အာဒိသကေ်တ ၄၇
အားရှစ်ပါးတွင်ဆိုပုံ ၇

**ဣ**

ဣဋ္ဌာရုံ အနိဋ္ဌာရုံ ၁၉
အိပ်မက်ရသိုက်စာ ၁၀၄
အိပ်မက်ကောင်းမကောင်း
မြပြင်နည်း ၄၂
အိမ်ကျောင်းအစိပ်အပိုင်း
ခေါ်ပုံ ၃၂
အိမ်ခန်းဖွင့် ၂၂

## အက္ခရာစဉ်-မာတိကာ


အိမ်ဆောက်ကျမ်း ၂၁-၂၂
အိမ်ဆောက်ရာ၌ရှေးစကား ၂၂
အိမ်ဆောက်ရာ၌ ရှေးအစဉ်အလာ ၂၄
အိမ်ဆောက်ရာ၌ ၄၂
အိမ်ဆောက်မှတ်သွယ် ၈၀
အိမ်ဆောက်ဆောင်ရာသော ပန်း ၉၄
အိမ်သစ်တက်သောအခါ ၂၅

### ဥ

ဥဒါဟရဏ်-ဥဒါဟိုရ် ၅၄
ဥစ္စနာစကား ၇-ကျောင်း ၅၅
ဥပ္ပါတသန္တိပရိတ်ရွတ်သည့် နေ့ ၅၇
ဥ၊ ၃-ပါး ၂၈
အုန်းသီးပြတ်ခြင်းမပြတ်ခြင်း ၂၂

### ဦ

ဦးတလုံးကပညာ ၄၂
ဦးရင်ခြိမ်ဆိုသံထောက် ၁၀၉
ဆေန်ခေါ်ပုံ ၃၂
ချောင်းမောင်ဖျော် ၉၇

### ဩ

အော့နာဝမ်းကျဆေး ၁၆
ဩောက်အထက် ၉၂
အောင်ပင်လယ်ကန့်တူး သည့်နှစ် ၁၁၂

### က

ကရော၅-ပါးအဓိပ္ပါယ် ၅၃
ကချေသည်ဆင်ယင်ထုံး ၆
ကတိုးနံ့ ၃၄
ကလာပ်နိဿယစကား ၉၀
ကလျာဏပုထုဇဉ်သေက္ခ ၉၂
ကလိယုဂ်လက္ခဏာ ၂၉
ကဝိလက္ခဏာသတ်ပုံနှင့် အဖွင့် ၁၁၁
ကင်းကိုက်နာဆေး ၄၆
ကင်းခြေများဆေး ၁၆
ကပ္ပဝဏ္ဏနာကျမ်းပြု ဆရာတော်ကျောင်း ၆
ကပ္ပသဒ္ဒါ ၂၈
ကန္တာရ ၆-ပါး ၁၆
ကာလကဏ္ဏိနှင့်လက္ခီ ၇၉
ကာလမှတ်ရာအာဓာရ ၃-ပါး ၁၅
ကာလ၃-ပါး ၄-နည်း ၁၉
ကိကီမင်းဆက် ၇
ကိန္နရာဆိုသောစကား ၆၄
ကိန္နရာပါသောဇာတ်စုံ ၆၂
ကိန္နရာတို့ကိုယ်နှင့်မျက်နှာ ၅၃
ကုလားအကြောင်း သူဟောင်းစကား ၁၁၂
ကိုးခန်းလာစကား ၇၈
ကောမော်ကော်မော် ၅၄
ကျဉ်-ကြည်ခွဲထား ၇၂
ကျမ်းအဆိုခြားနားချက် ၃၈

ကျမ်းဂန်လာအိပ်မက်များ ၄၃
ကျောက်ဂဝံရုပ် ၈၅
ကျောက်စာရေးပုံ ၂၀
ကျောက်ဆိုထုံး ၂၈
ကျောင်းလှူကျိုး ၉-ပါး
၁၂-ပါး ၂၆
ကျောင်းဦးလှည့်ကျောက်
စာပြောင်း ၄၁
ကျွတ်ဆုတောင်းယောက်ျား ၄၅
ကြက်သရေရှိနတ်သမီး ၈-ဦး ၄၄
ကြက်သွန်ခင်းဆရာတော် ၃၀
ကြက်သရေနှင့်အမြဲတေ ၆၄
ကြည့်အပ်မကြည့်အပ် ၃၀
ကြမ္မာဒိုက်ဝတ္ထုစကား ၅၅
ကြမ်းပိုးဆေး ၈၄

ခ

ခရသင်း ၂-မျိုး ၉
ခင်ပွန်းအဓိပ္ပါယ် ၂၂
ခဂ္ဂဝိသာဏသုတ်ဂါထာ ၁၁၃
ခန္ဓာ ၅-ပါးဥပမာ ၆၇
ချည်ဆတ်ခေါ်ပုံ ၇၄
ချမ်းသာပွားရပ်ရွာများ ၉၅

ဂ

ဂုဏ်၅-ပါး ၃၇
ဂေါဝိန္ဒသုတ် ၁

င

ငှက်ဘို့ရာထူးဌာနန္တရ ၆၈

စ

စတုလောကပါလနတ်မျိုး
များ ၉၀
စတေ-အစစ် ၇၉
စပါးသွင်းအခါရွေးနည်း ၈၀
စက္ကီသုတ်အဖွင့် ၄၄
စစ်သူကြီးဉာဏ်စွမ်း ၁၀
စဉ့်ကူးမင်း လက်ထက်
အံ့ဘွယ်များ ၈၆
စည်သူရှင်ကျောက်စာ ၈၉
စန္ဒပဇ္ဇောတမင်း ယာဉ်
၅-ရပ် ၂၆
စာအမှားအမှန် ၃
စာကျင် ကျောက်မြို့
အမြစ်များ ၈၇
စာဆိုကျော်အမတ်များ ၁၀
စာမနားစေလင့် ၂၅
စိန္တကျော်သူပြန်ရောက်နေ့ ၄၀
စေတီယမင်း ၃၃
စွယ်ကြိုဘုရားမြေလှူ ၈၈

ဆ

ဆရာတော်များ ဖွား
သက္ကရာဇ် ၂၀-၄၀
ဆင်ကျားရှင် ၆
ဆင်စကြာရသောနေ့ ၂၀
ဆင်ဖါအစိတ်အပိုင်း ၅၈
ဆင်သင်းများ ၅၈
ဆည်းဇာခေါ်ပုံ ၇၃

ဆင်ရူးခြင်း-သေခြင်း
အကြောင်း ၆၇
ဆင်စွယ်ထားနည်း ၆၇
ဆန်းဆုတ်ဖွားသိရန် ၃၃
ဆား ၅-မျိုး ၇၇
ဆုပ်နှလုံးထွက် ၂၇
ဆုတ်ကပ်မှ ဥစ္စာမြတ်
ဂါထာ ၁၀၉
ဆုံဆို့နာဆေး ၁၆
ဆောင်းနေသွား ၅၉
ဆံကြွစ်ဆံထိုး ၈၅

ဇ

ဇဝါရေးရိုး ကြိုး၁၀-မည် ၃၉
ဇဝက်သာလက်ချား ၇၇
ဇမ္ဗူသပြေသီးပမာဏ ၉

တ

တဇသဒ္ဒါဟော ၁
တဆဲ့နှစ်လစဉ်နှင့်ရက်စုံလ ၄၈
တဆဲ့နှစ်လမိုး ၅၈
တထာဂတအဖွင့် ၂၉
တနင်္ဂနွေ ၃၂
တနည်း-အော့နာ ဝမ်းကျ
ဆေး ၁၇
တမာသီးတည်သီးသဏ္ဍာန် ၅၇
တရုပ် ခရီးအတာမှတ်ပုံ ၁၁
တရုပ်မြန်မာ ငွမ်းအရောင်း
အဝယ် ၄၇
တရုပ်သံရောက်နှင့်
နားထွင်းရက်စွဲ ၈၀
တစ် ပေါရာဏ ၈၄
တိံ့သနိပါတ်စကားထူး ၇
တူတော်များ ၇
တိုင်နှင့်အစွန်း ၂၄
တိုင်ဟောင်းမရှေ့လင့် ၂၅
တိုင်း ၇-တိုင်း ၂
တေမိအစ န ၄ ·လုံး ၁၅
တေးထပ် ၁၀၈
တောခွေးငယ် သီးဆေး ၁၇
တောက်တဲ့ဆေး ၁၇
တောင်ဘီလာဘုရား ၆၆
တောင် ၅-လုံး ၃၅
တောင်တွင်း ဆရာတော်
ပုံလွှန်နေ့ ၄၀

ထ

ထီးတိုင်ခိုင်မခိုင်စမ်းနည်း ၄၃
ထူပါရုံကျောက်စာ ၈၉
ထောင်ပြုရာပြုမြို့အကြောင်း ၇၀
ထွေထွေ လာလာ ရေး
မှတ်စာ ၆၁

ဒ

ဒသာဂီရိဖွားနိမိတ် ၃၄
ဒဟသံကိုင်း ၈၄
ဒဒ္ဒရနဂါးပြည် ၅၀
ဒန်ပူပြုရန်ရွေးနည်း ၄
ဒိန်နက်သဲပြိုကိန်း ၈၄

ဒုက္ခ ဒုက္ခ ၈၂

**မ**

မမွေသတ်လာစကား ၇၈
မမွေပဒ ၁၁
မာတ် ၄-ပါးနှင့် ဂုဏ်
 ၄-ပါး ၇၂

**န**

နက္ခတ်တာရာ တခြမ်း
 ဖြစ်နိုင်ပုံ ၇၁
နတ်အစွမ်းဖြင့်ပြောရခြင်း ၃၈
နတ်မင်းကြီး မျှား၏
 သားသမီး ၇၃
နိဂုံးဝိဂြိုဟ် ၇၅
နိရောဓသမာပတ်အချိန်ပိုင်း ၃၂
နိဗ္ဗာန်အနိဗ္ဗာန် သမ္ဘော ၂-မျိုး ၇၅
နှုးညှံ့ခြင်းဝတ္တ ၂-ပါး ၅၆
နိုင်သောအရာဝတ္ထုများ ၄၈
နေ့အလိုက် မင်းမူသော
 သစ်ပင် ၆၁
နောင်တော်ကြီးမင်း မန်း
 စက်တော်စုန်သက္ကရာဇ် ၁၀
နံကိုင်းကျောက်စာ ၁၈
နွေမြင်း ဆောင်းမြင်း
 မိုးမြင်း အထူး ၅၀
နှစ်အမည်မှည့်ပုံ ၇၀
နှစ်ဆုံဖြစ်ပုံ ၈၃

**ပ**

ပဇာသဒ္ဓါဟော ၁
ပရိတ်ရွတ်ဆွမ်းစဉ်ပင့် ၄၈
ပရှပ် ၇၆
ပရှပ်ဖုံးမသိမ် ၇၇
ပဟေဋ္ဌိကဗျာ ၄၀
ပဟေဋ္ဌိကိလိဋ္ဌ
 ဒေါသမရောက် ၄၅
ပဟေဋ္ဌိအဖြေ
 ၃၀-၃၅-၄၁-၇၂-၇၄
ပင့်ကူဆေး ၁၆
ပဋ္ဌမိဆောင်ခေါ်ပုံ ၁၂
ပညာရှိတို့ကြံရေး ၈၃
ပဏ္ဍုကမ္ဗလာ ၆၅
ပန်းပူဇော်နည်း ၄၄
ပါရမီခန်းလာစကား ၁၃
ပါရာယနဝတ္ထုနှင့်
 ဆုတောင်းခန်း ၆၄
ပုဂံမြို့တံခါး ၄၇
ပုရောဟိတ်သန္ဓေ ၁၂
ပုဏ္ဏမီအမျိုးအစား ၇၀
ပုံသာနှင့်အောင်းကလေး ၈
ပုံပေါလအောခေါ်ပုံ ၇၄
ပေတဝတ္ထုကျမ်းလာစကား ၅၆
ပျားပန်းခပ် ၃၄
ပျို့ကဗျာအတိုအထွာ ၇၄
ပြဒါးနှင့်ကြေး ၁၅
ပြယာင်ပရိယာယ် ၇၁
ပြာသိုလစသည်အကြောင်း ၄၃

**ဖ**

ဖဝါးရုံနှင့်ဖဝါးပုံ ၅၇

ဗ

ဗေဒင် ၃-ပုံ ၂၈

ဘ

ဘဝသံသရာအဖြစ်
ထူးဆန်းပုံ ၁၂
ဘားမဲ့ဆရာတော်တံဆိပ် ၆
ဘုရားနှင့်စကြာမင်း
လက္ခဏာမထူး ၅၀
ဘုရားလောင်းစောင့်နှတ်
ကိုယ်ထင်မပြ ၄၅
ဘူးတောင်းဘူးတို ၄၈
ဘူးရှည်ဘူးတို ၅၅
ဘုံခန်းစကား ၄
ဘုံခန်းလာသရဂုဝါး ၆၆
ဘုန်းကြီးပျံ ၃၈
ဘုန်းတော်ဖွဲ့ ၃

မ

မန္တန္တရီဆရာ ၇၆
မပြုကောင်း
မနေကောင်းသောအိမ် ၈၁
မဟာပနာဒပြာသာဒ်
ယူဇနာ ၁၇
မဟောသဓာဆေးတုံး ၆၄
မဟောသဓာဇာတ်ပေါင်း ၉
မင်္ဂလာထွန်ခြင်း ၇-ပါး ၈၂
မင်း ၃-ပါး ၅၇
မင်း ၇-ဦး ၂
မင်းတို့ကျင့်ရာဥပမာ ၆၃
မင်း ၃-ထပ်ရမြို့စားများ ၈၆
မင်းရိုးနန်းတက်နိုင်
မတက်နိုင် ၉၃
မင်းအဆက်ဆက်စာထိုးပုံ ၇၆
မည်စလီပင်ဝေါဟာရ ၅၅
မဒ္ဒီမိဖုရားနိမိတ်ထင် ၈
မာဃဖွဲ့ [illegible]၃
မိဘဝတ်ဖြည့်ကျင့်
နှတ်ပြည်ရောက် ၄၉
မိစ္ဆာဒိဋ္ဌိ ၃-ပါး ၈၃
မိန်းမအရွယ်ပိုင်းခြားပုံ ၅
မိန်းမတို့မရောင့်ရဲနိုင်သည်
၃-ပါး ၆၆
မိုး၏အမည် ၇၃
မုတ်ဆိတ်ခေါ်ပုံ ၇၄
မိုးရွာမည်ကိုသိနှင့်သည်
၈-ပါး ၅၉
မိုင်းခိုင်းမြို့စားပေးစာ ၁၀၈
မိုင်းခိုင်းမြို့စား
ဇာတာဖွဲ့လေးချိုး ၁၀၇
မော်နှတ် ၉-ဦး ၁၀၆
မောင်စအကြောင်း ၁၀၅
မှောင်စာ ၈၄
မျောက်ကိုက်ဆေး ၈၅
မြကောင်းအဆင်း ၅
မြရောက်သွား ၈၂
မြင်းထီးမှန်းမြင်းမမှန်းမသိ ၈၇
မြင်းတို့ရှေ့သွား ၇၈
မြင်းနာဖူးဆေး ၁၇

မြစ်ငယ် ၅-စင်း ၃၅
မြန်မာစကားပုံ ၄-၇၉-၈၅
မြန်မာ့ရှမ်းနယ်စပ်မြို့များ ၆၉
မြို့ရွာပျက်စီးကြောင်း
ဂါထာ ၁၁၀
မြို့ပြတည်ပုံ ၇၀
မြို့ဝန်နှင့်လည်ဆွဲပန်းဆိုင်း ၅၂
မြေကြီးသညာန် ၂
မြောင်လှမြို့စား
သံထောက် ၁၀၁
မှန်စီကျောင်းဆရာ ၅
မွန်စာပေအင်္ဂါစဉ် ၄
မြွေဆေး ၇၁

ယ

ယတြာကြီး ၈၁
ယောက်မခေါ်ပုံ ၆၆

ရ

ရခိုင်များမိုးရွာမိုးစဲစေနည်း ၉၁
ရတု ၆-ပါး ၃၇
ရဝေပေါ်ရာဏ ၈၄
ရဟုန်းနွယ် ၄၈
ရက်မပေါက်ကျရာအဟော၉၆
ရန်အောင်ဗလဆို
ကေပိုဒ်ရတု ၅၂
ရာဇမဏိစူဠာ ၅၉
ရေကောင်းမြေကောင်း
ခရိုင်များ ၂၆
ရေ့,လေ,သမိုင်းခရိုင်များ ၃၅
ရေချဉောင်ရမ်းဖွားနေ့စွဲ ၃၈
ရုပ်ဖေါက်ပြန်ကြောင်း
၉-ပါး ၁၈
ရုပ်စုံဆရာရွှေရေးဆို
လက်စွဲချိုး ၁၁၁
ရူပရူပ ၉၂
ရောင်တော်ပြ ၂၁
ရွာဝဲနှင့်ရွာပြည် ၅၃
ရှင်ဘုရင်စော်နံ့ဆိုသူ ၄၁
ရှင်မဟာရဋ္ဌသာရအဓမ်း ၉၉
ရှစ်ခုစားအဟော ၉၆
ရှေ့နောက်မတူ ၅
ရှေးဝေါဟာရများ ၃၉
ရွှေဆိုင်းတရာရွှေ ၉-ကျပ်
မတ်တင်း ၄၆
ရွှေစည်းခုံတည်ရာ ၃၆

လ

လအလိုက်မင်းမူသော
သစ်ပင် ၆၈
လကျာလက်ဝဲဂြိုဟ် ၄၇
လက်ဖက်နှင့်မြင် ၅
လက်ဖျားအနာကုဆေး ၄၆
လက်နက်မဲ့သုံ့
မသတ်ကောင်း ၃၄
လည်ချောင်း ၅၄
လယ်ဝန်မင်းပြန်စာ ၁၀၉
လူတို့ကိုးကွယ်သည့်
နတ်အချို့ ၈၃

လေမိုးသီးနှံ
ကောင်းမကောင်းအမှတ် ၆၀
လေနာစသည် ၇၇
လေဆေး ၅
လောကဒိပနီကျမ်း ၄၉
လောကန္တရိက်ငရဲယူဇနာ ၁၈

ဝ

ဝတီ ၉-မျိုး ၁၀၆
ဝဏ္ဏဗောဓနသတ်အင်း ၁၈
ဝန်တောင်လယ်အဖြေ ၁၀၁
ဝါးအမျိုးအစား ၆၇
ဝိပဿီမယ်တော် ၄၅
ဝိပါက်တော် ၁၂-ပါး ၁၃
ဝိနည်း ၁၀-ပါး ၂၇
ဝိဇ္ဇာမိုရ်ဖြစ်နိုင်ကြောင်း
သာဓက ၈
ဝေရဉ္ဇပုဏ္ဏား
သောတာပန် ၆၃
ဝေါနှင့်ဘဝေါ ၃

သ

သမပိုက်ပျို့ ၆
သမုစ္စည်း ၃-ပါး ၉
သမုဒြာလှိုင်း ၃-ပါး ၃၈
သရက်သီးနှင့်ဒွန်းစဏ္ဍား ၅၂
သက္ကပဉှသုတ် ၂
သက္ကဋဝိဂ္ဂြိုဟ် ၇
သင်္ခါရ ၄-ပါး ၁၉
သကြိန်အခါရေကစားခြင်း
အကြောင်း ၁၁
သစ်ပင်စိုက်နည်း ၆၉
သစ်ရပ် ၇-ခုစားအဟော ၈၃
သတ်ပုံဝေဘန်ချက် ၅
သပ္ပုရိသဒါန ၅-ပါး ၂၆
သာသနာကိန်း ၃
သာလျောင်းကျောက်စာ ၈၉
သားဖွားသောအခါဆိုရန် ၆၀
သိကြားမင်းတံခွန်တိုင် ၂၉
သိကြားကျင့်ဝတ် ၇-ပါး ၆၅
သိကြားမင်းဖေါက်ပြန်ပုံ ၂၉
သိကြားမင်းသားကုမာရ ၅၆
သိကြားမင်းသား ၇၃
သိကြားချည်စာ ၁၀၄
သိဋ္ဌည်းမင်းမိုလ်ပါ ၈
သိမ်းဆည်းဖွေရှာ
များဥစ္စာ ၁၀၅
သီလမဏ္ဍကအဖွင့် ၂၀
သီတာခုနစ်တန်ပြင်ကမြစ် ၆၅
သီဟိုဠ်နှင့်နေသွားဝီထိ ၂၅
သုမိတ္တာဆုပန်ပုံ ၂၇
သုတ်မဟာဝါစကားထူး ၁၃
သူခိုးနှင့်ခါးပြအထူး ၁၅
သူတော်ကောင်းတရား
၇-ပါး ၃၈
သူ့မယားငါ့မယားမရှိ ၅၄
သုံးတန်းသား ၅၃
သံဃဂုဏ် ၄-ပါး ၅-ပါး ၃၂

| | |
|---|---|
| သံတောင်ဝေါဟာရ | ၄၈ |
| သံလျက်ကိုင်သစ္စာပြုသူများ | ၈၃ |
| သံဝရဇာတ်ပေါင်း | ၉ |
| သံဝရပျို့ပြင်ဆင်ချက် | ၄၆-၄၈ |
| ဟင်းမျိုးဆယ်ပါး | ၈ |
| ဟိတသိဒ္ဓိကျမ်းပြုအခါ | ၁၁ |
| ဟောတု ၄-ပါး | ၇၁ |
| ဟံသာဝတီရောက်ငယ်မည် | ၄ |






## မုံရွေးဆရာတော်မှတ်စု

# စကားချီး

[ရေးသူ-ပါမောက္ခ ဦးမောင်မောင်ကြီး]

မုံရွေးဆရာတော်သည် ရှေးရဟန်း စာဆိုများ အနက် လောကီ, လောကုတ္တရာနှစ်ဖြာသော ဗဟုသုတနှင့် စပ်လျဉ်း၍ ဗဟုသုတအလွန်ပြည့်စုံသော ဆရာတော်တပါးဖြစ်သည်၊ ဆရာတော် ရေးသား စပ်ဆိုသော ကျမ်းများသည်လည်း ဗဟုသုတအပြည့်အနက် ပါဝင်သော ကဗျာများသာ ဖြစ်သည်၊ ဤသို့ဗဟုသုတကြွယ်ဝခြင်းမှာ ဆရာတော်သည် ဖတ်ဖူးသမျှသော ကျမ်းဂန်စာပေများမှ မှတ်စုထုတ်နုတ်ရေးသားခြင်း၊ တွေ့သမျှ, ကြားသမျှ, မြင်သမျှ, ရရှိသမျှတို့ကို မှတ်စု ရေးထားခြင်းကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့ခေတ်စာပေလိုက်စားသူများလည်း မုံရွေး ဆရာတော်၏ ကြိုးစားမှုကို အားကျဘို့ကောင်းသည်၊ ဆရာ တော်၏ စံနစ်ကို အတုခိုးဘို့ကောင်းသည်၊ ဤရည်ရွယ်ချက် နှင့် ဤ စကားချီးကို ရေးခြင်းဖြစ်ပါသည်။

မုံရွေးဆရာတော်မှတ်စုတွင် ဗဟုသုတ မည်မျှ စုံလင်စွာ ပါဝင်သည်ကို အကဲရှု၍ စာရှုသူများအားကျရအောင် မုံရွေး ဆရာတော်မှတ်စုမှ တစိတ်တဒေသမျှကို ဖော်ပြပါမည်။

လက်ဖက်ဟူသောဝေါဟာရနှင့် စပ်လျဉ်း၍ မှန်စီသတ်ပုံ တွင် "မနီးမကမ်း၊ ပျူငှါဆမ်း၊ တည်ကွမ်း လက်ဖက်မြင်၊ လက်ဖက်ကိုရှမ်းဘို့မှာ မြင်ဟုခေါ်သည်"ဟု မှတ်သားထား သည်။

ရဟန်းကိစ္စနှင့် စပ်လျဉ်း၍ ဒန်ပူပြု၍ မစားရသော အပြစ် ၉-ပါးကို"သစ်ကြီး၊ နွယ်ရစ်၊ ခါးထစ်၊ လက်တောင်း၊ မြောက်မထား၊ လင်းမြွေရှော၊ တခြမ်းသော၊ ငှက်သိုက်၊ ပျားစွဲ" ဟူ၍ မှတ်ထားသည်။

မိန်းမပျိုတို့၏ အရွယ်အစားနှင့် ပတ်သက်သော ဗဟုသုတကိုလည်း ဆရာတော်သည် လက်မလွှတ်ပါ၊ သူ့မှတ်စုတွင်"ရှေးဦးငယ်က ဗာလာ၊ ခုနစ်နှစ်ဒါရိကာ၊ ရှစ်နှစ်ဂေါရီ၊ ဆယ်နှစ်ကလျာ၊ ဆယ့်နှစ်နှစ် ကုမ္မာရီ၊ ဆယ့်သုံးနှစ် သွေးစုန်း၊ ဆယ့်ငါးနှစ် မျက်မည်း၊ နှစ်ဆယ်မျက်ဝန်း၊ လေးဆယ် မြောင်းတူး" ဟူ၍ မှတ်သားထားပါသည်။

ရာဇဝင်နှင့် ပတ်သက်၍လည်း"ဟံသာဝတီရောက် ငယ်မည်ကား မောင်တရုပ်တည်း"ဟူ၍ မှတ်ထားပေသည်။

စာပေနှင့်စပ်လျဉ်း၍ မွန်စာပေကိုပင် ဆရာတော် လက်မလွှတ်၊"မွန်စာအင်္ဂါစဉ်ကား-ကကာ ကိကီ ကုကူ ကေကဲ ကောကော် ကံကား"ဟု ဆည်းပူးထားသည်။

အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍လည်း "စို့လေးဆယ်သည် ဒိုင်းဝန်ကျောက်စာစုတွင် ပါသည်"ဟု မှတ်ထားသည်။

ဆေးမီးတိုနှင့် စပ်လျဉ်း၍လည်း"သည်းခြေသလိပ်၊ လေမျိုးနှိပ်၊ မျောက်ဆိပ်ရွက်ဆယ်ထွေ"ဟု တို့ထားသည်။

ဆရာတော်အချင်းချင်း၏ ဂုဏ်ရည်ချင်းကို မှတ်မိအောင် "ဗားမဲ့ဆရာတော် ပဝရမဟာဓမ္မရာဇဂုရု တံဆိပ်"ဟု မှတ်ထားသည်၊

မသာအခမ်းအနားနှင့်ပတ်သက်၍ပင် "၁၁၃၉-ခု စည့်ကူမင်း လက်ထက် ဆင်ကျားရှင်၊ တော်နေရာသပြိုဟ်ရသည်"ဟု မှတ်သားထားသည်။

ဟင်းချက်ပုံ ချက်နည်းဆယ်မျိုးကိုပင် ဆရာတော်သည် လှစ်လျူမရှု၊ "(၁) အချက် (၂) အပြုတ် (၃) အဖုတ် (၄) အလှော် (၅) အကြော် (၆) အကျစ် (၇) ကင်ပြစ် (၈) အပေါင်း (၉) အထောင်း (၁၀) အသုတ်"ဟူ၍ ဆည်းပူးထားသည်။

ရဟန်းဖြစ်ပါလျက် ဂဇော်လုပ်ပုံလုပ်နည်းကိုပင်"ဂဇော်မှာလည်း ဆတ်ကိုလုပ်သော ဂဇော်အရက်"ဟု ရှာဖွေထားသည်။

တူရိယာနှင့် စပ်လျဉ်း၍လည်း "မိကျောင်း စောင်းမှာလည်း ဂေါခါဆိုသည်၊ ဖွတ်စောင်းတည်း၊ ယခု မိကျောင်းစောင်းခေါ်သည်၊ ခရုသင်းလည်း လက်ဆုပ်ခရုသင်း, ကျည်တောက်ကဲ့သို့ခရုသင်း၊ ခရုသင်းနှစ်မျိုးရှိသည်"ဟု မှတ်သားထားသည်၊ ထို့ပြင်"ပရိဝဒ္ဓန္တ-အောင်းကလေး ပုံသာတို့သည်ငုံးဆိုသည်၊ ပုံသာကို အောင်းကလေးဆိုသည်နှင့်တူသည်"ဟုလည်း မှတ်ချက်ချထားသည်။

ခရီးသွား ရှင်ဘုရင်များ၏ ခရီးစဉ်ကိုပင် "သက္ကရာဇ် ၁၁၂၄-ခု ပြာသိုလဆန်း (၇) ရက် အင်္ဂါနေ့ ရတနာသိင်္ဃ ဒုတိယမင်းတရားမန်းစက်တော်ရာသို့ စုန်တော်မူသည်၊ တပို့တွဲလဆန်း (၁၀) ရက် တနင်္ဂနွေနေ့ ဖူးမြင်ပူဇော်တော်မူ၏၊ သတ္တာဟစေ့နေ၍ တပို့တွဲလပြည့်ကျော် တရက်နေ့ပြန်ခဲ့၏၊ မင်းဘူးမှသည် ပုဂံမြို့သို့ရောက်လျှင် ကျောက်စာတို့ကို ကူးဖတ်ရ၏"ဟု မှတ်တမ်းတင်ထား၏။

ပထဝီဝင်နှင့်စပ်လျဉ်း၍လည်း"မြန်မာပြည်မှတရုပ်ဥဒည်ဘွားမြို့အထိ ၁၄၈-ယူဇနာ၊ရွေကြက်ယက်ကသော် ၁၄၇-ယူဇနာကွာရှိ၏"ဟု မှတ်ထားသည်၊ ဤမှတ်စုနှင့်စပ်လျဉ်း၍

"လဝန်းဖိမာန်သည်လည်း ၁၄၇-ယူဇနာရှိ၏၊ ထိုနှင့်ပမာ ဏာမျှ၏"ဟု ယုဉ်မှတ်ထားသေးသည်။

မြန်မာမှုနှင့်စပ်လျဉ်း၍ရေသဘင်ပွဲဆင်နွှဲသည့်အကြောင်း ကိုလည်း "တန်ခူးလ, ကဆုန်လသကြန်တွင် ရေလောင်း သွန်းကြသည်ကား နှစ်သစ်ကိုရည်သလော၊ နှစ်ဟောင်းကို ရည်သလောဟူအံ့၊ နှစ်ဟောင်းကိုရည်သည်၊ မိန်ရာသီလည်း ငါးရာသီတည်း၊ ရေဝတီသည် ရေတွင်သုံးသည့်မျိုးနက္ခတ် တည်း၊ဥဗျိုင်းတာရာသည် ရေငှက်တည်း၊သည်ကိုရည်သည်ယူ ရာသည်၊သာကီဝင်တို့လည်း ရေကစားကြကြောင်း ဒေဝဒဟ မြို့တည်ရာတွင်ဆိုသည်၊တရုပ်ပြေးမင်းလက်ထက်ကလည်းရေ ပက်သည်ကိုဆိုသည်"ဟု ရှာဖွေဆည်းပူးထားပေသည်။

ရှေးစာဟောင်း ပြုစုမှုများနှင့်စပ်လျဉ်း၍လည်း ကျမ်းပြု ဆရာသည် မည်သည့်ကျမ်းကိုပြုပြီးမှ မည်သည့်ကျမ်းကိုပြု သည်ကိုလည်း "အောင်မြေစံလွှတ် ကျောင်းမြတ်ဒါယကာ မင်းကြီးသားတော် အိမ်ရှေ့မင်းကို ဆရာတော် မဟာဗုဒ္ဓက် ရက ဆက်သောပုံတွင် မျက်နှာလူရုပ်၊ ငှက်ခင်ပုပ်လျှင်၊ မိုး ချုပ်မှသာ မြည်တော့သည်ဟူ၍ ပသတ်နှင့်စပ်တော်မူသော ကြောင့် ဆက်ရှုံရေးသည်ဟု ဟိတသိဒ္ဓိတွင်ဆိုသည်၊ ထို့ ကြောင့် ဟိတသိဒ္ဓိကို လောကမာရ်အောင်ဒါယကာ,အောင် မြေစံလွှတ် ကျောင်းကြီးဒါယကာ တနင်္ဂနွေမင်းတရားလက် ထက် စီရင်သည်ဟု မှတ်ရာသည်၊ ကန်တော်မင်းကျောင်း မေတ္တာစာအဖြေကိုလည်း ဟိတသိဒ္ဓိပြီးမှ စီရင်သောကြောင့် ဟံသာဝတီ မင်းလက်ထက်မှ စီရင်လေသည် မှတ်ရာ၏"ဟု သုတေသနပြုထားသည်။

ခင်ပုပ်ငှက်အကြောင်းကိုလည်း "ခင်ပုပ်စကားမှာ သော မနုဿပစ္စေကဗုဒ္ဓါငှက် ဖြစ်သည်ဟု ဝတ္ထုတွင်ပါသည်၊ ထေရီအဋ္ဌကထာ၌ အဘိရူပ နန္ဒာထေရီကား ကပိလပြည်၌ ဝပကမည်သော သာကီဝင်မင်း၏ မိဖုရားဝမ်း၌ သွီးဖြစ်၏၊ ပေးစားမည်နေ့လျှင်လုလင်သေ၏၊နောက်အဖက အလိုမရှိပဲ ရဟန်းပြုစေ၏၊ နောက်ဘုရားထံ မိန်းမရုပ်ကိုဖန်ဆင်း၍ပြရာ အာတုရံ အသုစိံ ပုတိံ ပဿ နန္ဒေ စသောဂါထာကိုဟော၏၊ ရဟန္တာဖြစ်၏၊အပါဒါန်တွင်လာ၏"ဟု မှတ်ထားသည်။

ဗိသုကာ ဝေါဟာရနှင့်ပတ်သက်၍လည်း"ရှေးက ပဉ္စမီ ဟူသော ဝေါဟာရ၏အကြောင်းကို မိထွေးတော်ဂေါတမီ ကျွန်မဖြစ်သည်၊ ကျောင်းငါးဆောင် ပစ္စေကဗုဒ္ဓါ ငါးပါးကို လှူသည်၊ ပဉ္စမီခေါ်သည်၊ ယခုပဉ္စမီကား အိမ်မဆောင် အနောက်ကအဆောင်ကို ပဉ္စမီခေါ်သည်၊ အိမ်မဝဲဆင်ဝင် စဖို့နောက်ဆောင်ကို ပဉ္စမီခေါ်သည်"ဟု မှတ်ထားသည်။

ဆရာတော်သည် အရပ်စကား, ကလေးစကားမျှကိုပင် မချန်လှပ်ပေ၊ ခင်ပွန်းဟူသောဝေါဟာရကို အမိပွါယ်ပြရာ၌ "သူ့ကိုခင်လျှင် ကိုယ်ကပွန်းသောကြောင့် ခင်ပွန်းခေါ်ကြကုန်၏၊ အဆွေခင်ပွန်းဆိုလိုသည်"ဟူ၍ပင် မှတ်သားထားပေသည်။

လောကီမှုနှင့်ပတ်သက်၍ "ရပ်သုံးရွာသုံး အလေ့အထများဖြစ်သော အုန်းသီးပေါ်မှာ မီးသွေးတင်၍ရင်း, အပေါ်မှာ ဓားတင်၍ရင်း ခုတ်စဉ်အခါ ရိုက်နှက်သော် အုန်းသီး ပြတ်၏၊ ဓားတင်၍သာရိုက်သော် မပြတ်ချေ"ဟု အမှတ်ထားပေသည်။

ဆိုထုံးဆိုစဉ်များကိုလည်း ဆရာတော်သည် မှတ်သား သည်၊"၄-ခရိုင်ရေကောင်းသည်၊ ၅-ခရိုင်မြေကောင်းသည်၊ ရေစကိုင်း၊ လှိုင်းပခန်းငယ်၊ လယ်တောင်တွင်း၊ စပါးရှမည်း သင်း၊ အင်းတောင်သမန်၊ကန်မိတ္ထိလာ"ဟု ဆရာတော်မှတ် စုတွင် တွေ့ရသည်။

ဂါထာမန္တန်နှင့်ပတ်သက်၍လည်း"ဥုံကာရ-အလုံးစုံကို ဖျက်ဆီးတတ်သောဥုံ၊ ဘုတ်ကိုဖျက်ဆီးတတ်သောဥုံ၊ မြတ် သောချီးမွမ်းခြင်းအကြောင်း ဖြစ်သောဥုံ" ဟူ၍ ဥုံသုံးမျိုး ကို ခွဲမှတ်ထားပေသည်။

ကျောက်မျက်ရတနာတို့နှင့် ပတ်သက်သော ဗဟုသုတကို လည်း"နီလာအလျား၊ မြကားအပြား၊ ပတ္တမြားအခဲမောက်၊ စိန်မှာအစောက်"ဟူ၍ ရှာဖွေစုဆောင်းထားပေသည်။

မြန်မာတို့နှင့် စပ်လျဉ်းသော အစွဲအလမ်းတခုကိုလည်း "နေကိုမကြည့်အပ်၊မီးကိုမကြည့်အပ်၊ မှန်တောက်သည်ကို မကြည့်အပ်၊ ရွှေကိုကြည့်အပ်၏၊ ကြယ်ကိုကြည့်အပ်၏၊ငွေ ကိုကြည့်အပ်၏၊ မြကိုကြည့်အပ်၏"ဟူ၍ ကြည့်အပ်သော အရာ, မကြည့်အပ်သောအရာ စသည်ဖြင့် မှတ်သားထား ပေသည်။

ရွာသူရပ်သားတို့ခလေ့ ပြော်မွေ့ကြသော စကားထာ များကိုပင် ဆရာတော်သည် မှတ်သားထားပေသည်။

(၁) ပန်းဇော်ကကို၊ နေ့ညမဆို၊ဆင်စလိုသည်၊ ပဟိုရ် ရင့်ကျူး၊ နာရီမှူး= ကြက်။

(၂) အသက်မသေ၊ စားရပေသည်၊ တထွေကောင်းနိုး၊ သားဟင်းမျိုး=နွားအချင်း၊ ကျွဲအချင်း။

(၃) မိုးလေချိန်သိ၊ သစ်နန်းနေသည်၊ ပညာရှိ=တောက်တဲ့။

(၄) မြေနှင့်မသွား၊ လက်နှင့်သွား၊ လက်ရာမထင်၊ မြေရာထင်=ခွေးခါးကျိုး။

ဗာဟီရ အယူအဆဖြစ်သော နတ်များအကြောင်းနှင့်စပ်လျဉ်း၍လည်း "အရှေ့သိကြား၊အရှေ့တောင်ဝဟနိမည်သော မီးနတ်၊တောင်ယမနတ်၊ အနောက်တောင် နေရိတရက္ခိုက်၊ အနောက် မိုးနတ်၊ အနောက်မြောက် မရုတလေနတ်၊မြောက် ကုဝေရ၊ အရှေ့မြောက် ဤသာနမည်သော မဟေသရနတ်တို့သည် အရှေ့မှစ၍ ရှစ်မျက်နှာတို့၏အရှင်"ဟု မှတ်ထားပေသည်။

အထုံနံ့သာတို့နှင့်စပ်လျဉ်း၍လည်း "ကတိုးသို၊ကြောင်နံ့သာသိုတို့သည်သုံး၍မလျော်လေ ကောင်းသော်လည်းဂန္ဓဂုဏ်ကောင်းမြတ်သည်ကိုစွဲ၍ မင်းမိဖုရားတို့၏ နဖူးပါးပြင်ဆံပင်တို့၌ တင်ကုန် လူးကုန်၏"ဟု အမှတ်ပြုပေသည်။

လူ့ကိုယ်အင်္ဂါလက္ခဏာနှင့် ပတ်သက်သော ဗဟုသုတမျိုးပင် ဆရာတော်သည် မချန်လှပ်ခဲ့။

"လူတို့လက်တွင်လက်သန်းငယ်ကလက်ဖျားသည် လက်သူကြွယ်မှ အထက်လက်ဆစ်ရေးတွင် ညီမျှ၍သာနေအံ့၊ လပြည့်နေ့ အနိုးအပါးအဆန်း အဆုတ်များတည်း၊ လက်သူကြွယ်၏ အထက်အဆစ်အရေးမှ အောက်သို့လျော့မှု လဆုတ်များတည်း၊ သာလွန်ကဲမိုးအံ့-လဆန်းများတည်း၊ မှန်သည်များစွ"ဟုမှတ်ထား၏။

စာလုံးပေါင်းနှင့်စပ်လျဉ်း၍ "ဘုန်းကြီးပုံ့ကိုယ,ပင့်သေးတင်နှင့်ရေးသင့်၊ရရစ်န,သတ်နှင့်ရေးသင့်သည့်အကြောင်းကို

လည်း ဘုန်းကြီးပျံဆိုခြင်းသည် ရှေးအခါရဟန္တာ ၂-ပါး သေသည်၊ အလောင်းကောင်ပျံသည်ကိုစွဲ၍ ရဟန်းတို့သေလျှင်သေသည်ဟုမဆို၊ ပျံသည်ဟု ဆိုကြလေသည်''ဟု မှတ်သားထားလေသည်၊

ပန်းထိမ်မှုနှင့်စပ်လျဉ်း၍ကြိုးဆယ်မျိုးရှိပုံကိုလည်း''ခရုပုခက်၊ ဘယက်ကြိုးမှော်ပတ်၊ ပေတ်ခံတွင်း၊လုပ်ခြင်းမှော်သီး၊ မျှော့ဝမ်းကြိုးက၊ နည်းမှိုးမထိမ်၊ နဂါးလိမ်ခေါ်ရ၊ ရာမလက်ညှိုး၊ တမုတ်ဆိုးနှင့်၊ နန်းပြောက်ကြိုးဟူ၊ ဆယ်ဆူနာမ၊ ဝေါဟာရဖြင့်၊ ဒသဘေဒါ၊ ကြိုးဆယ်ဖြာတည်း-ဟူ၍ရင်း၊ ခရုပုခက်ကြိုး၊ ဘယက်ကြိုး၊ မှော်ပတ်ကြိုး၊ ပေတ်ခံတွင်းကြိုး၊ မှော်သီးကြိုး၊ မျှော့ဝမ်းကြိုးကြိုး၊ နဂါးလိမ်ကြိုး၊ ရာမလက်ညှိုးကြိုး၊ တမုတ်ဆိုးကြိုး၊ နန်းပြောက်ကြိုး၊ ၊ဇဝါရေးရိုးကြိုးဆယ်မည်ဟူ၍ရင်း'' မှတ်ထားပေသည်။

စာဆိုများ၊ ဆရာတော်များ၏ ဖွားသက္ကရာဇ်များကိုလည်း—

''၁၀၀၃-ခု ပိတောက်ချောင်း ဆရာတော်ကြီး ဖွားသည်။

၁၁၅၅-ခု ကြက်သွန်ခင်း ဆရာတော်ဖွားသည်။

၁၁၅၅-ခု ပင်းကလေးဖွားသည်။

၁၀၇၆-ခု ဘောင်တွင်းဆရာတော် ဖွားသည်။

၁၀၈၅-ခု မင်းရွာဆရာတော်၊ လက်ဝဲနော်ရထာတို့ ဖွားသည်။

၁၀၇၇-ခု တရားသူကြီး လက်ဝဲသုန္ဒရ၊ မင်းဘူးဆရာတော်ရှင်ကလျာဏသာရတို့ ဖွားသည်''ဟုလည်း မှတ်သားထားပေသည်။

ကဗျာများတွင် ပါဝင်သော ပေါက်ပွင့်နှင့် စပ်လျဉ်းသည့် ပဟေဠိကိုလည်း ဆရာတော်သည် ဖော်ပြထားသည်။ "ရွှေသားနီမြန်း၊ ရဟန်းနှင့်ဆင်၊ မာတင်ပေါက်ကြီး၊ တည်တစီးတည့်၊ ကသီးအုပ်ထုပ်၊ တရုပ်မြင်းက၊ ကျေးသူဝသို၊ =ပေါက်ပွင့်ကိုယူ"မှာထားသည်။

အိပ်မက်နှင့်စပ်လျဉ်း၍ လောကီသားတို့ ကျင့်သုံးအပ်သည့်ထုံးတခုကိုလည်း "အကြင်သူ၌ သုဘာသုဘ နှစ်ပါးသော အိပ်မက်တွင် တပါးပါးထင်အံ့၊ ဖတ်တပ်သောသူထံ မဖတ်ရသေးသည် ဖြစ်အံ့၊ ဆီးပင်သို့သွား၍ တလင်းလှည်းပြီးလျှင် ဆန်ပန်းပူဇော်၍"အရှင်ဆီးပင်..အကျွန်ုပ်အိပ်မက်ကိုစောင့်ပါဟု အပ်၍ ယံဒုန္နိမိတ္တံ-စသော ဂါထာကို သုံးခေါက်ရွတ်ခဲ့ရမည်၊ ကောင်းသော အိပ်မက်ဖြစ်လျှင် အကျွန်ုပ်ထံအပ်ပါဦး၊ မကောင်းသောအိပ်မက်ဖြစ်လျှင် အကျွန်ုပ်ကိုမပေးပါနှင့်တော့ဆိုခဲ့ရမည်"ဟုမှတ်ထားပေးသည်။

ဘုရားပုထိုးစေတီများ၌ ထီးဝယ်လှူမည်၊ ဒါယကာတို့တို့အား ထီးတိုင်ခိုင်မခိုင်စမ်းနည်းကိုပင် ဘုရားထီးတိုင်ဝယ်မည်ဆိုလျှင် ထီးသံတိုင်ကို မြေမညီ ကုန်းကနေ၍ ချိုင့်နိမ့်ရာသို့ လှည်းလိုက်ရမည်၊ ဆက်ရာ အစပ်အဖာ မခိုင်မမာရာတွင် ကျိုးလိမ့်မည်၊ သည်အခါ မခိုင်ကြောင်းကို အတပ်သိသွားသည်၊ အတပ်မသိဘဲနှင့် တင်လျှင် လေပြင်းတိုက်က၍ဆက်ရာက ကျိုးလွယ်လိမ့်မည်"ဟု မှာထားပေသည်။

ဘုရားမတင် နတ်မထင် လူတွင်ပန်းဆယ်မျိုး အကြောင်းကိုလည်း"ပွတ်,ပဲ,တိမ်,ရန့်,မော့၊ ယွန်း,တော့,ဗြိ,တည်း,ပု၊ ပန်းမျိုးဆယ်ပါးစု"ဟု မှတ်ထားပေသည်။

မြန်မာ့ဒီးပွားရေးနှင့် စပ်လျဉ်း၍“ဝါဂွမ်းကူးသန်းရောင်းဝယ်ရေးကို မြန်မာတိုင်းပြည်က တရုပ်တိုင်းပြည်သို့ ဂွမ်းလှေတက်ဆန် လေသည်ကား တနှစ်တနှစ် ၂၅၀၀-ခန့်ရှိသည်၊ လှေတစင်းသော် ဂွမ်းချိန် ၂-သောင်းကျသည်၊ ဂွမ်းပေါင်း၅-သန်းခန့်အတွက်ကျသည်”ဟုမှတ်သားထားသည်။

မြင်းနှင့်စပ်လျဉ်းသည့်အင်္ဂါအစိတ်အပိုင်းမျှကိုပင်“မြင်းမြီးကို ခေါင်ဆိုသည်၊ ခေါင်ဘင်ဝသို့ ဝင်သည်ကို လင်းတလိုက်ခေါ်သည်၊ ကြက်မှာလည်း အမြီးကိုခေါင်ခေါ်၏”ဟုကွဲကွဲပြားပြားရှာရှာဖွေဖွေမှတ်သားထားလေသည်၊ ဆက်လက်၍“နွေကာလ မွေးသောမြင်းသည်ရေသောက်သော်နှုတ်သီးကို ရေတွင်နှစ်၍သောက်သည်၊ မိုးကာလမွေးမြင်းသည် အင်တန့်သာ နှစ်၍သောက်သည်၊ ဆောင်းမွေးမြင်းတို့ကားဘို့ကာသာသောက်သည်”ဟု ဆည်းပူးထားပေသည်။

ကိန္နရာ အပူအဆနှင့်ပတ်သက်၍လည်း မြန်မာမှုနှင့်မတူ၊ ထူးခြားသော အသွင်အပြင်ရှိသော ကိန္နရာအကြောင်းကိုလည်း ကိန္နရာတို့ကား မြင်း၏ မျက်နှာ၊ လူတို့၏ကိုယ်၊ လူ၏မျက်နှာ၊ မြင်း၏ကိုယ်ရှိကြောင်း”အသွင်သစ်ကို မှတ်သားထားသည်။

အသက်မပါ ရွာလေးရွာ အကြောင်းကိုလည်း ပုခန်းကျေးတွင် အလယ်ကြော၌-ပလပရွာ၊ ဇလမရွာ၊တောကရွာ၊ မြို့မတွင် ပုဘရွာ၊ အသက်မပါ၊ ရွာလေးရွာ”ဟု မှတ်ထားပေသည်။

တောင်သူ လူဟောင်းတို့ အမှတ်အသားဖြစ်သည့် မိုးရွာသည်ကိုသိနိုင်သည့်ရှစ်ပါးအကြောင်းကို“စောင်းဆရာနှင့်၊

ယားနာပွေးကွက်၊ ပါဒရက်က၊ ပရွက်မိလှူ၊ အနူပြဒါး၊ ပေါင်းရှစ်ပါး''ဟု ကတ်ကတ်သတ် မှတ်ထားလေသည်။

ကျက်သရေနှင့် ပတ်သက်သော အယူအဆတခုကိုလည်း ဆရာတော်သည်ထောက်ပြပြန်သည်၊''ဘောက်စရောက်ဝတ္ထု တွင် မြွေ၏ကျက်သရေဖြစ်သော ပတ္တမြားဟုပါသောကြောင့် ကျက်သရေခေါ်သည်၊ အမြုတေခေါ်သည့် အရာသည် ပတ္တမြားပုလဲစသောကျောက်ရတနာကိုဆိုသည်မှတ်ရမည်'' ဟုမိန့်ဆိုသည်၊''အနာထပိဏ်သူဌေး ကြက်သရေမှာကြက်မှ သရေပျံထွက်သည်ကို ပုဏ္ဏားသိသည်ဟု လာသည်ကိုလည်း ထောက်ရာသည်''ဟု အထောက်အထား မှတ်ပြထားပေ သည်။

ဝါးပင်အကြောင်းနှင့် စပ်ဆျဉ်း၍လည်း ဘုံခန်းတွင်သိုက် တူမြင်တ၊ သရဂူတည်း၊ ဝါးကျူးခရင်ဆိုရာ၌ သရေဝါးမျိုး သည် ရခိုင်မှာရှိသည်၊ သရေ ဖြစ်တာသင့်၊ အမျိုးရှိရာလိုက်၍ ဖြစ်သင့်သည်၊ ဝသိမှတ်ဝါးကား တောင်ငုတွင်ရှိသည်၊ ကရင်များမှာ ဖာကလေးယက်သည်၊ ဝါးလုံးငယ်သည် ဖာသည် နီးနှသည်၊ ဝါးယားကို ဝဖြူကလေးခေါ်သည်''ဟု စုံလင်စွာ မှတ်သားထားသည်။

ယကြာအပွင့်နှင့်ပတ်သက်၍လည်း ''ကောင်းစားလိုသော် ကိုယ်နံကို ဘုရားထု၊ယုတ်စေလိုသော် ကိုယ်နံကိုဘံတားပြု'' ဟုမှတ်ထားလေသည်။

မှောင်စာရေးနည်းကိုပင် ဆရာတော်သည် ရှာဖွေ မှတ် သားထားသည်၊''မှောင်စာကား ကြက်သွန်နီကိုကြိတ်၊အရည် စစ်ယူ ဆပ်ပျာ ရေကြည်နှင့်ဖျော၊ ထုံးပြုအရည်ကြည်လည်း

ဆရာတော်အောင်ထည့်၊ စက္ကူမှာရေး၊ မှောင်၍နေ၏၊မထင်၊ မီးပြမှထင်သည်''ဟု မှတ်ယူထားသည်။

မြန်မာမှုသာမက နိုင်ငံခြားဗဟုသုတများကိုလည်း ဆရာတော်သည် ဆည်းပူးသည်၊ သူ့မှတ်စုတွင် ''မြန်မာတို့သက္ကရာဇ် ၁၁၈၁-ခု၊ခရာဇ်သက္ကဇ်၁၈၁၉''ဟူ၍ မှတ်ထားသည်ကို တွေ့ရသည်၊ တဖန် အမေရိကန်ပြည်သို့ သွားလျှင်မည်မျှကြာသည်ကိုလည်း ''အမေရိကန်တိုက်သို့ ၆-လကူးရ၏''ဟု မှတ်ထားပေသေးသည်။

ဆရာတော်၏ကြိုးစားမှု ဆည်းပူးမှုတို့ကား အားကျစရာကောင်းပေသည်၊ သူ့မှတ်စုကိုလေ့လာဆည်းပူးဖတ်ရှုရုံနှင့်ပင် အဖက်ဖက်မှ ဗဟုသုတတို့ဖြစ်လေသည်။

ဆရာတော်ကဲ့သို့ ဗဟုသုတ အန္တံအစပ် ကုံလုံကြွယ်ဝသော မြန်မာပညာရှိပေါင်းများစွာ ပေါ်ထွက် လာလျှင်မည်မျှကောင်းမည်နည်း။

# နိဒါန်း

## မှတ်စုအကျိုးကျေးဇူး

တွေ့မြင်ကြားသိရသောအရာများ မေ့ပျောက် သွားခြင်း မရှိအောင် ရေးမှတ် စုဆောင်းထားသည်ကို ပါဠိဘာသာ အားဖြင့်“သုတသင်္ဂဟ”မြန်မာဘာသာအားဖြင့် “မှတ်စု” ဟုဆိုသည်၊သုတသင်္ဂဟခေါ် မှတ်စုများရေးရာတွင် မိမိနှင့် သက်ဆိုင်သည် မသက်ဆိုင်သည်ဟု ရွေးချယ်စိစစ် နေဘွယ် မရှိ၊ မည်သူပင်ဖြစ်ဖြစ် မှတ်သားလောက်သော အရာဟူသမျှ မှတ်သားရမြဲဖြစ်သည်၊ ထို့ကြောင့် နှစ်ရှေ့နှစ်ဆယ်သော သိက္ခာပုဒ်တော်တို့ကို စောင့်ထိန်းတော်မူသည့် ရဟန်းတော် ဆရာတော်တပါးပင်ဖြစ်လင့်ကစား မိန်းမတို့နှင့်သာ သက်ဆိုင်သည့် မီးယပ်ရောဂါဆေးနည်း စသည်များကိုလည်း ရေးမှတ်ကြသည်။

သုတသင်္ဂဟခေါ် မှတ်စုစာတိုပေစ ကလေးအချို့သည် ရေးစဉ်ကတန်ဘိုးမရှိသလို ဖြစ်ခဲ့သော်လည်း နောက်အခါ တွင် တန်ဘိုးမပြတ်နိုင်အောင် ရှိလာတတ်ပေသည်၊ ဒေသာင်း ပြောင်းရွှေ့လာ စုပုံထားသောသံပုံတွင်းရှိ အချို့ သံတိုသံစ ကလေးများ မလိုအပ်သူတို့အဘို့ တန်ဘိုးမရှိသလို ဖြစ်သော် လည်း လိုလားရှာဖွေသူတို့အဘို့ တန်ဘိုးရှိလှသော သံတို သံစကလေးများဖြစ်လာသကဲ့သို့ပင် ဖြစ်ပေသည်၊ ရှေးက ရဟန်းပညာရှိ လူပညာရှိကြီးတို့သည် တွေ့မြင်ကြားသိရသမျှ ကို လက်မလွှတ်တမ်း မှတ်စုများ ရေးသားထားကြသဖြင့် လောကီ,လောကုတ္တရာဆိုင်ရာမှတ်စုမှတ်ရာ အဖြာဖြာကြွယ်ဝ

သူ"ဗဟုသုတ"ပုဂ္ဂိုလ် အဖြစ်သို့ အလိုလိုပင် ရောက်ရှိလေတော့သည်၊ ယခုခေတ် ဗဟုသုတပုဂ္ဂိုလ် နည်းပါးသည်မှာ မှတ်စုမှတ်ရာမရှိ၊တွေ့မြင် ကြားသိရသမျှမေ့ပျောက်ကြသောကြောင့်ဟု ဆိုက မှားမည်မဟုတ်ပေ၊ ဤမုံရွေးဆရာတော် မှတ်စုတွင် ပါရှိသည့် အကြောင်းအရာ အချို့မှာ ရန်ကုန်တက္ကသိုလ် ပါမောက္ခ ဦးမောင်မောင်ကြီး၏ စကားချီးတွင် ပါရှိပြီးဖြစ်၍ ဤနိဒါန်းတွင် မဖော်ပြတော့ပါ၊ ဤမှတ်စုကို ရေးသားတော်မူသော မုံရွေးဆရာတော်၏ အကြောင်း အရာ အတ္ထုပ္ပတ္တိကိုကား အနည်းငယ်မျှ ဖော်ပြလိုပေသည်။

## ဆရာတော်၏အတ္ထုပ္ပတ္တိ

ပျို့, ကဗျာ, လင်္ကာ, မော်ကွန်းစသော လောကီလောကုတ္တရာ စာပေများကို ရေးသားပြုစုကာ စာဆိုတော်ပုဂ္ဂိုလ်ကျော်များတွင် တပါးအပါအဝင် ဖြစ်တော်မူသော မုံရွေးဆရာတော်ဘုရားကြီး၏ အလောင်းအလျာကလေးကို သလ္လာဝတီခေါ် ချင်းတွင်မြစ်၏ အရှေ့ဘက် ကမ်းပေါ်တွင် ယခုတိုင်ထင်ရှားလျက်ရှိသော မုံရွေးမြို့၏ တောင်ဘက်ခရီး လေးတိုင်ခန့်အကွာ၊ မုံရွေးဟူ၍၎င်း, မင်းရွေးဟူ၍၎င်း, ခေါ်ဝေါ်သောရွာနှင့် တဆက်တည်းစပ်လျက် တည်ရှိသည့် ကျေးမုံရွာ၌ သက္ကရာဇ် ၁၁၂၈–ခုနှစ် နယုန်လဆန်း ၄–ရက် တနင်္ဂနွေနေ့ မွန်းလွဲပဟိုရ် ၃–ချက်တည်း စက်နာရီ ၃–နာရီကျော်အချိန်တွင် ဖွားမြင်သည်။

ဆရာတော်၏မိဘမျိုးရိုး အစဉ်အဆက်မှာ မြင်းစီး,မြင်းခေါင်း, မြင်းစုသူကြီး ရိုးရာဖြစ်၍ ငယ်မည်မှာ မောင်နိုးဖြစ်သည်၊ မိဘနှစ်ပါးတို့သည် မောင်နိုးကို အသက်၆–နှစ်

အရွယ်တွင် "ရှင်မဟာဝိစိတ္တာဘိရာမပဝရသဗ္ဗောဓိ" ဘွဲ့အမည်တော်ရှိသော မုံရွေးရွာ ရွှေရေး ဇေတဝန်တိုက် ဆရာတော်ဘုရားကြီးထံ အပ်နှံ၍ အခြေခံဖြစ်သော စာပေများကို သင်ယူစေသည်။

အသက် ၁၅-နှစ်အရွယ်သို့ ရောက်သောအခါ မဟာဝိစိတ္တာရာမ ဆရာတော် ဘုရားကြီးကိုယ်တိုင်ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဘဝသို့ရောက်အောင် ပို့ဆောင်တော်မူပြီးလျှင် "အရိယာ သူတော်ကောင်းတို့၏ အမူအကျင့် အနွယ်ကိုဆက်ခံမှုသည်ကိုစွဲ၍ သာမဏေအား "အရိယဝံသ" ဟုဘွဲ့မည်တပ်တော်မူပြီး ခြေတော်ရင်း၌ပင် လောကုတ္တရာစာပေပညာရပ်များကို ဆက်လက်သင်ကြား နေစေလေသည်၊

မုံရွေးဆရာတော်လောင်း ဖြစ်သော သာမဏေ ကလေးသည် အသက် ၁၅–နှစ် အရွယ်ကပင် သိပ္ပံ, ဝိဇ္ဇာဟူသော လူတို့ တတ်မြောက်ဘွယ်ရာ လက်ာ, ဆောင်းပါး, လူးတား, ဝတ္ထုစသော စာပေယဉ်ကျေးမှု အနုပညာရပ်များကို တခုမကျန်တတ်မြောက် ကျွမ်းကျင်တော်မူသည် ဖြစ်၍ အသက် ၂၀-အရွယ် သက္ကရာဇ် ၁၁၄၀–ခုနှစ်တွင် ရဟန်းဘောင်သို့ ဘက်ရောက်ပြီးသောအခါ မဟာဝိစိတ္တာရာမ ဆရာတော်က ရဟန်းသစ်၏ အမှောင်ခွင်း၍ အလင်းဆောင်သည့် နေရောင်ခြည်သဘွယ် ဘုက်ပဋိဘာန် ထက်သန်ထွန်းပြောင်သည့် ဗျူပ္ပတ္တိနိမိတ်ကို စွဲ၍ရင်း, မွေးနံ တနင်္ဂနွေဖြစ်၍ရင်း, ရှင်ဘွဲ့ "အရိယဝံသ" ကိုင် "အာဒိစ္စရံသီ" ဟူသောဘွဲ့ ထပ်ဆင့်၍ "အရိယဝံသ အာဒိစ္စရံသီ" ဟု ရဟန်းဘွဲ့ ချည်တော်မူပြန်သည်။

ဤသို့အားဖြင့် အသက် ၁၅–နှစ် အရွယ် သာမဏေငယ် ဖြစ်ပြီးသည်မှအစ လူမှုကိစ္စဖြစ်သော သိပ္ပံ, ဝိဇ္ဇာ, ပညာရပ်များကို စွန့်ပယ်၍ ငယ်ဆရာထံ၌ပင် ကျက်မှတ်သင်အံ၊ ပညာဉာဏ် ကြီးရင့် ပြီးသည့် နောက် ဆာလင်း, ဆားတို, ဗဒို, မုံရွာစသော မြောက်ဘက် တလွှား၌ ထင်ရှားကျော်စောသည့်၊ ဆရာတော်များထံ နည်းနာခံလျက် ဘုရားဟောမြွက် ဓမ္မက္ခန္ဓာ အဖြာဖြာကို လေ့လာ အားထုတ်လာသော အရိယဝံသ အာဒိစ္စရံသီ ပုဂ္ဂိုလ်အရှင်မြတ်သည် ရဟန်း ၇–ဝါရလျှင်ပင် ဂန္ထိရလေးဖြာ အင်္ဂါကိုးသွယ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အလုံးစုံသော အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာ, လက်သန်းတို့ကို တဘက်ကမ်းရောက် တတ်မြောက်တော် မူလေသည်။

ဆရာဥပဇ္ဈာယ်ဖြစ်သော မဟာဝိစိတ္တာ ဘိရာမ ပဝရ သမ္မောဓိ ပျံလွန်တော်မူလျှင် ဆရာတော်၏ အရိုက်အရာကို ဆက်ခံတော်မူ၍ မုံရွေးလေးထပ် ဇေတဝန်ကျောင်း၌ စာပေပို့ချ၍ နေတော်မူစဉ် ယင်းဆရာတော်ဘုရား၏ဂုဏ်သတင်းကို ရတနာပူရ စတုတ္ထနန်းတည် မှန်နန်းရှင်ခေါ် ဘကြီးတော်မင်းတရားကြီး ကြားသိတော်မူလေလျှင် အင်းဝနေပြည်တော်သို့ ပင့်၍ ထီးလှိုင်ရှင်ဘုရားအနီး မင်္ဂလာဘုံသာ မည်သော အုတ်ကျောင်း တော်ကို ဆောက်လုပ် လှူဒါန်း တော်မူ၍ "ဇနန္ဒဝဇိရာဘိ လင်္ကာရ သီရိဓဇ မဟာဓမ္မ ရာဇာဓိရာဇ ဂုရု" ဟူသော တံဆိပ်တော်ကို ကပ်လှူကိုးကွယ်တော်မူသည်။

ရဟန်း ၇-ဝါမှစ၍ မုံရွေးဆရာတော် ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာများမှာ—

(၁) ဥတိန္ဒမျိုး၊

(၂) ပဋ္ဌာဒုစပျို့၊
(၃) နာရဒပျို့၊
(၄) အာဒါသမုခပျို့၊
(၅) မဟာသီလဝပျို့၊
(၆) နာနာဆန္ဒပျို့၊
(၇) ကုသပျို့၊
(၈) အာကာသသျှတ္တရပျို့၊
(၉) အာကာသစာရီပျို့။
(၁၀) မင်္ဂလာသုတ်ပျို့၊
(၁၁) ပြာသာဒ်ကျောင်းဘွဲ့၊
(၁၂) သမန္တစက္ခုဒီပနီ ၉–တွဲ၊
(၁၃) မြန်မာ မဟာရာဇဝင်ကြီး အင်္ဂါ ၁၂၀-ကျော်၊
(၁၄) ကဝိမဏ္ဍနီရေး နန်းကျမ်း၊
(၁၅) ငါးရာ့ငါးဆယ်ထွက် ဇာတ်ပေါင်း ၆၀၊
(၁၆) ဂမ္ဘီရကထာ ရတနာကြေးမုံ၊
စသောကျမ်းများ ဖြစ်သည်။

မုံရွေးဆရာတော်ကား "မျက်မှောက်ဘဝမှ စုတေ့လျှင် ကျွန်းဦး ဇမ္ဗူ့သပြေပင် အနီးဝယ် ဘုမ္မစိုးနတ်မင်း ဖြစ်နေလျက် အရိမေတ္တေယျ မြတ်စွာဘုရားပွင့်တော် မူသောကာလ လူဖြစ်၍ ဝိရိယာဓိက ဘုရားဆုကို ဗျာဒိတ်ခံရ လိုကြောင်း" ဆုတောင်းတော် မူသည်နှင့်အညီ၊ အများ သတ္တဝါတို့၏ အကျိုး,သာသနာတော်မြတ်၏ အကျိုး, မိမိ၏ အကျိုးတို့ကို သည်ပိုးဆောင်ရွက်တော် မူ၍ သက်တော် ၆၉–နှစ် အတွင်း အဝပြည် မင်္ဂလာဘုံသာမည်သော အုတ်ကျောင်း

တော်၌ မြတ်စွာဘုရားသော်မှ မလွှန်ဆန်နိုင်သော ခယဝယ အနိစ္စသဘောသို့ ရွှေလျောပျံလွန်တော် မူသတည်း။

## ပုံနှိပ်လုပ်ဆောင်ခြင်း

ဤပုံရွေးဆရာတော် မှတ်စုကို ဆရာတော်ဘုရား ဆည်းဆည်း ပူးပူး ရှာဖွေစုဆောင်း ရေးမှတ်ထားသော စာများ မပျောက်ပျက်စေလို၍၎င်း, ရှေးဆရာတော်ကြီးများ မည်သို့မည်ပုံ မှတ်စုရေးသား ကြသည်ကို ခေတ်လူငယ်တို့ သိရှိစေလို၍၎င်း, တိမ်မြုပ်နေသော စာဟောင်း ပေဟောင်းများ ပေါ်ပေါက် လာစေလို၍၎င်း, ဤကြောင်း အချက်တို့ကြောင့် ပုံနှိပ်လုပ်ဆောင်ခြင်း ဖြစ်ပေသည်။

ယင်းသို့ ပုံနှိပ်လုပ် ဆောင်ရာတွင် ရန်ကုန် တက္ကသိုလ် ပါမောက္ခ ဦးမောင်မောင်ကြီး၏ လက်ရေးစာမူနှင့် ပုဂံဝန်ထောက် ဦးတင်၏ ပေစာမူများကို ရရှိပါသည်၊ထိုစာမူများ ပေးပို့ ကူညီသည့် အတွက် ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်၊ အဆိုပါစာမူ ၂-ခုကို တိုက်ဆိုင်၍၎င်း, မှတ်စုစာများကို အလွယ်တကူ သိစေရန် ခေါင်းစီးများထည့်သွင်း၍၎င်း ဆရာဦးခင်မိုး [သာသနဓဇ သီရိပဝရ ဓမ္မာစရိယ] နှင့် ဆရာဦးသိန်းဟန်,(၁) ဦးတင်နွယ်, ဦးဟန်ထွန်း,ဦးပု, ဦးရွှေဖူး, ဦးသိန်းဟန်, (၂) ဟံသာဝတီ ပါဠိ ဆရာများ အဖွဲ့က ကောင်းစွာဘည်းပြတ် ကြပ်မ သုတ်သင်ပြင်ဆင် အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

# မုံရွေးဆရာတော်မှတ်စု

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

သက္ကရာဇ် ၁၁၉၅-ခု နတ်တော်လဆန်း ၆-ရက်၊ တနင်္ဂနွေနေ့ကစ၍ရေးသည်။ (မုံရွေးဆရာတော်ဘုရားမှတ်စု။)

**ပဇာ သဒ္ဒါဟော**

၁။ ပဇာကား သတ္တဝါကိုလည်းဟော၏၊ ကျွန်ကိုလည်းဟော၏၊ မောင်ပဇာဟု ခေါ်ကြ၏။

**တစ သဒ္ဒါဟော**

၂၊ တစသဒ္ဒါသည် ပြင်အခွံကိုဟော၏၊ ရွာမှာ တစပြင်ဟု ခေါ်ကြ၏။

**ဂေါဝိန္ဒသုတ်**

၃။ ဂေါဝိန္ဒသုတ်တွင် လာသည်ကား ဒိသမ္ပတိမင်း၊ဂေါဝိန္ဒပုဏ္ဏားသားကား ဇောတိပါလတည်း၊ မင်းမှာရေဏုကား သားကြီးတည်း၊ ပုဏ္ဏားသေသော် မဟာဂေါဝိန္ဒတွင်ပြန်၏။

မြေကြီးသဏ္ဌာန်

၄ *အယံ မဟာပထဝီ ဥတ္တရေန အာယတံ ၊ဒက္ခိဏေန သကဋမုခံ။ ။(သုတ်မဟာဝါ။)

တိုင်း ၇-တိုင်း

၅။ (၁) ကာလိင်္ဂတိုင်း-ဒန္တပုရ။
(၂) အဿကတိုင်း-ပေါတန။
(၃) အဝန္တိတိုင်း-မဟိဿတိ။
(၄) သောဝီရတိုင်း-ရောရုဝ။
(၅) ဝိဒေဟတိုင်း-မိထိလာ။
(၆) အင်္ဂတိုင်း-စမ္ပာ။
(၇) ကာသိတိုင်း-ဗာရာဏသီ။

မင်း ၇-ဦး

၆။ သတ္တဘူမင်း, ဗြဟ္မဒတ္တမင်း, ဝေဿဘူ, ဘရတ, ရေဏု,ရှင်ရေနှ ၂၊ ပေါင်း (၇)။

သက္ကပဥသုတ်

၇။ သက္ကပဥ သုတ်တွင်ကား ရာဇဗြိုဟ်၏အရှေ့ အမ္ဗသဏ္ဍာရွာ၊ ၎င်းရွာမြောက် ဝေဒိယတောင် ဣန္ဒသာလဂူ ရှိသည်၊ ၎င်းတွင်နေစဉ် ပဉ္စသိခနတ်သား စောင်းနှင့်လာသည်၊ တိမ္ဗရုနတ်၏သမီး သူရိယဝစ္ဆသာ နတ်သမီးရှိသည်၊ မာတလိ၏သား သိခဏ္ဍီနတ်သားတည်း၊ သိကြားမင်းသား ဂေါပကနတ်သားတည်း။

*ဤမဟာပထဝီမြေကြီးသည် မြောက်ဘက်အဖို့ ကျယ်ပြန့်၍ တောင်ဘက်အဖို့ လှည်းဦးပုံသဏ္ဌာန်ရှိသည်။

**ဝေါနှင့် ဘဝေါ**

၈။ မင်းဘို့စီးသည့် ဝေါဟူသည် ဘဝေါ ဆိုလိုသည်၊ ဘဝေါဆိုသည်ကား ဘဝနဆိုလိုသည် ဘဝနဆိုသည်ကား နေရာကိုဆိုလိုသည်။

"သက္ကသ ဘဝနံ ဥဏှာကာရံ"ဆိုသည့် တေမိပါဠိကို ရှုရာသည်။

**စာအမှားအမှန်**

၉။ လေးပါးစုံအင်၊ စတုရင်ဖြင့်၊ ပိုက်တွင် ဝင်ကြောင်း မင်းကိုချောင်းသို့၊ "ယိုကြောင်းဘွယ်ဘွယ်" ရှိကြသည် "ယုံထောင်းဘွယ်ဘွယ်"ရှိရမည်ထင်သည်။

**ဘုန်းတော်ပွဲ**

၁၀။ အင်ငါးပါးနှင့်၊ လှထွားစမွယ်၊ ရွယ်လည်းတက် တုန်း၊ ဘုန်းလည်းတက်မြှိုး၊ မျိုးလည်းမယုတ်၊ ရွှေစင်နုတ်သို့။

**မာဃပွဲ**

၁၁။ ပရိမဏ္ဍိုင်၊ သည်ပြိုင်ပဟို၊ မြင်းမိုရ်ထိပ်မှာ၊ ယုဇနာ ဖြင့်၊ သချာတထောင်၊ အစောက်ဆောင်လျက်၊ ရန်အောင် ဆုံးစွန်၊ ဝေဇယန်ဟု၊ ဗိမာန်သာထွတ်၊ ပြာသာဒ်နန်းရှင်၊ မာဃတွင်သား။

**သာသနာကိန်း**

၁၂။ မိမိစေ့ခိုက်၊ ကိန်းအလိုက်၊ သူခိုက်ဗျာပါများလှည့်၊ (သာသနာကိန်းတည်း၊ ၁၁၉၅-ခုတည်း။)

**ဘုံခန်းစကား**

၁၃။ "ကျေးကျွန်အစုတ်၊ ဝပ်ကထုတ်သော်၊ သမုဒ်ပင်လယ်၊ ခြောက်စ ွယ်"ဘုံခန်း ဆိုသည်မှာ-ကျေးကျွန် များ၍ ပင်လယ်ရေကို ထုတ်သောက်လည်း ပင်လယ် ခန်းခြောက် ွယ်ရှိ၏ ဟူလိုသည်။

**ဟံသာဝတီရောက်ငယ်မည်**

၁၄။ ဟံသာဝတီရောက် ငယ်မည်ကား "မောင်တချပ်" တည်း။

**မြန်မာစကားပုံ**

၁၅။ ကြောက်လျှင်မပြုနှင့်၊ ပြုလျှင်မကြောက်နှင့်ဆိုသည့် သူချင်း ကျောချင်းကပ်၍ ပေါင်းကြသည်၊ ကြောက်တတ်ကြ သူလည်း မပြုကြ၊ မပြုကြသူလည်း ကြောက်တတ်၏။

**ပွန်စာ ပေအောင်္ဂါစဉ်**

၁၆။ တလိုင်းစာ အင်္ဂါစဉ်- ကကာ ကိကီ ကုကူ ကေ ကဲ ကောကော် ကံကား။

**ဒန်ပူပြုရန်ရွေးနည်း**

၁၇။ ဒန်ပူပြု၍မစားရသည်ကား- သစ်ကြီး, နွယ်ရစ်, ခါးထစ်, လက်ခေါင်း, မြောက်မထား, လင်းမြွေရှော, တခြမ်းေ ပ, ငှက်သိုက်, ပျားစွဲ-ဟူသော ၉-ပါးသောအပြစ်မှ ကင်းလွတ်သည်ကိုဒန်ပူပြုရသည်၊ (စိုလေးဆယ် ဒိုင်းဝန် ကျောက်စာစုတွင်ပါသည်။)

**လက်ဖက်နှင့်မြင်**

၁၈။ မှန်စီသတ်ပုံ၊ "မနီးမကမ်း၊ပျူငှါဆမ်း၊တည်ကွမ်း လက်ဖက်မြင်"၊လက်ဖက်ကို ရှမ်းတို့မှာ မြင်ခေါ်သည်။ ။

**သတ်ပုံဝေဘန်ချက်**

၁ ။ "ရေပွက်ပလုံ၊ ကမ်းစားကျုံ၊ ချစ်ပုံ ဆီးကန့် သည်။"ကျုံစားကား တပါးသတ်ပုံ များမှာ မထင်။

**လေဆေး**

၂၀။ သည်းခြေ သလိပ်၊ လေမျိုးနှိပ်၊ မျောက်ဆိပ်ရွက် ဆယ်ထွေ။ ။

**မိန်းမအရွယ်ပိုင်ခြားပုံ**

၂၁။ ရှေးဦးငယ်က ဗာလာ၊ ခုနစ်နှစ်ဒါရိကာ၊ ရှစ်နှစ် ဂေါရီ။ ဆယ်နှစ်ကညာ၊ ၁၂-နှစ်ကုမ္မာရီ၊ ၁၃-နှစ်သွေးစုံး၊ ၁၅-နှစ်မျက်မည်း၊ ၂၀-မျက်ဝန်း၊၄၀—မြောင်းတူးတည်း။

**မြကောင်းအဆင်း**

၂၂။ မတူးမတည်။ မြကောင်းသည်။ ပိုးရည်တောင်စာ ဆင်း။

**ရှေနောက်မတူ**

၂၃။ ၁၀၇၈-ခုနတ်တော်လပြည့်စနေနေ့ပြီးသည်ဟူ၏၊ နောက်ထပ်လောင်းပြန်သည်မှာ ၁၀၈၁-ခု တပေါင်းလပြည့် ကျော် ၁၀-ရက် တနင်္ဂနွေနေ့ပြီး၏။

**မှန်စီကျောင်းဆရာ**

၂၄။ တံတားကြီးအနောက် မှန်စီကျောင်းဆရာ ပုည ကာမိဟူ၏။

**သမပိုက်ပျို**

၂၅။ သမပိုက်ပျိုကား-"ဗောဓိဉာဏ၊အတ္တာသယ"ဖြင့်ရှိသည်။ "မြို့ထွားစကြာ၊ ကမ္ဘုကာသား၊ စမ္ပာနဂရ"၊ငင်းပျို့ရေးကပင် ကမ္ဘုကိုစပ်ကြ၏။

**ဘားမဲ့ဆရာတော်တံဆိပ်**

၂၆။ ဘားမဲ့ ဆရာတော် "ပဝရမဟာဓမ္မရာဇဂုရု" တံဆိပ်။

**ဆင် ကျား ရှင်**

၂၇။ ၁၁၃၃-ခု စစ္စကူးမင်းလက်ထက် ဆင်ကျားရှင်တော်နေရာ သပြိုပ်ရသည်။

**ကချေသည် ဆင်ယင်ထုံးဖွဲ့**

၂၈။ ရွှေကုံး ရွှေခက်၊ ရွှေဘယက်နှင့်၊ ရွှေဒက်စည်ဘောင်း၊နား တောင်းလက်ကြပ်၊ လက်စွပ်ပုတီး၊ညီးညီးလျှံဝါ၊ သိန်ါခါးပန်း။ ပတ်ဝန်းစည်းတိုင်း၊ သင်တိုင်းတမူ၊ မတူတချို့၊ စိမ်းသို့နီဝါ၊ အပြာတွတ်တွတ်၊ သွယ်ညွတ်လက်ခြေ၊ ဆံခွေယိမ်းနွဲ့၊ ခြောက်ဆယ့်လေးပါး၊ ကခြင်းပြား၍၊ မှတ်သားကျင်လည်၊ ကချေသည်လည်း၊ ဝန်းလည် ကြည့်တိုင်း၊ အလှိုင်းလှိုင်းတည့်၊ ကြိုးအိုင်း ကြိုးပေါ်၊ လွန်လျော့လွန်တင်း၊ ခါးဆင်းကရဝီ၊ စုံစီပွဲဖြင့်၊က မြူးရွှင်သည်။ ။မြင်သည်မျက်စိမူးမျှတည်း။ (သမပိုက်တွင်စပ်သည်။)

**ကပ္ပဝဏ္ဏနာ ကျမ်းပြုဆရာတော်ကျောင်း**

၂၉။ ကပ္ပဝဏ္ဏနာကိုပြုသော (အစ)အဘိသေက ဆရာတော်ကျောင်းကား ရတနာသူ့ရွှေး ကျောင်းဆိုသည်၊ ကျောင်းရပ်ကား တောင်ဖိလူ တံခါးကသော်မြင်၍၊ ကျုံးချောင်းက

သော်တောင်ဘက်၊တံတားကြီးလမ်းကသော်အရှေ့ဘက်တည်း၊ ရတနာသူဌေးကျောင်းပင် အမည်တွင်သည်။

**ကိကိမင်းဆက်**

၃၀။ ကိကီမင်း၊ ၎င်းသားပထမိန္ဒ၊ ၎င်းသားသုဿာမ၊ ၎င်းသား တိတိဗြဟ္မဒတ္တ။

**တိံသနိပါတ်စကားထူး**

၃၁။ တိံသနိပါတ်ပြီးခါနီးတွင် အာနန္ဒထေရ ဂါထာစု ရှိသည်၊၎င်းတွင် "ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ"စသောဂါထာ ပါသည်၊ဂေါပကမောဂ္ဂလာန်မေး၍ဖြေသည်၊ ၎င်းတွင် ဥတ္တ ရာ မည်သော ဥပါသိကာမက တပ်မက်ခမာရာတွင် ၇-ဂါထာ ကို ရွတ်သည်ဆို၏၊"အမ္ဗပါလိ ဂဏိကံ ဒိသွာ ဝိက္ခိတ္တစိတ္တာနံ ဩဝါဒါနုသာနတ္ထံနိဒ္ဒိ ဝဒန္တိ"ဟူ၍ ပါပြန်၏၊စကားထူးစွ၊ (ဂျီတွင်တည်း၊)

**အားရှစ်ပါးတွင်ဆိုပုံ**

၃၂။ ပညာရှိတို့အားကား တည်ကြည်ခြင်းတည်း၊ ဗဟု သုတ ရှိသော သူတို့အားကား ဆင်ခြင်ခြင်းတည်း၊(အားရှစ် ပါးတွင် ဆိုသည်။)

**သက္ကဋဝိဂြိုဟ်**

၃၃။"မာတုပဗ္ဗယေဟိ သမ္ဘိဏ္ဍိတွာ ကတာဂန္တွာ သက္ကဋ ဂန္တွာ၊"သဒ္ဒဂဠုန်ပုံတွင် သက္ကဋကို ဝိဂြိုဟ်ဆိုသည်။

**တူတော်များ**

၃၄။ ထေရဂါထာ ဟိစတုအဋ္ဌကထာ အဋ္ဌကပံ အင်္ဂါ တွင် ဥရုဝေလတူတော် အရှင်သေနကလည်း အပဒါန်ကွင်

ဥဒ္ဒါင်းမြီး လှူကြောင်းကို လာ၏၊ အညာတခေါကျွာည တူ လည်း ပုဏ္ဏဟူ၏။

**ဝိဇ္ဇာဓိုရ်ဖြစ်နိုင်ကြောင်းသာဓက**

၃၅။ အပဒါန်ပါဠိ ညော ကျောချပ် ဆယ်ကြောင်းတွင် "ဝိဇ္ဇာဓရောတဒါအာသိ" စသည်ဖြင့် တိကာပုပ္ဖိယထေရ် သုမေဓာဘုရား လက်ထက် ဝိဇ္ဇာ-ဓိုရ်ဖြစ်ကြောင်းကိုလာသည်၊ စံတွင် ဝေဿဘူဟူရှဲလည်းရှိ၏၊ ကေနဝုတေ ဗုတောကပေ့ လည်း ရှိ၏၊ ဘုရားနှင့် ကမ္ဘာ မညီ၊ ကေသရပုပ္ဖိယထေရ် ဝိဇ္ဇာဓရော တဒါ အာသိ၊ ဝိဇ္ဇာဓိုရ် ဖြစ်၏။

**ဟင်းမျိုးဆယ်ပါး**

၃၆။ အချက်-၁၊ အပြုတ်-၂၊ အဖုတ်-၃၊ အလှော်-၄၊ အကြော်-၅၊ အကျစ်-၆၊ ကင်ပြစ်-၇၊ အပေါင်း-၈၊ အထောင်း-၉၊ အသုတ်-၁၀၊ ဟင်းမျိုးဆယ်ပါး။

**မဒ္ဒီမိဖုရားနိမိတ်ထင်**

၃၇။ မဒ္ဒီမိဖုရား တောသို့ဝင်သောအခါ အသီး မသီးသော သစ်ပင် သီးသကဲ့သို့၊ သီးသောသစ်ပင် မသီးသကဲ့သို့၊ အရပ်မျက်နှာမထင်၊ လကျာမျက်စိလှုပ်၏၊ ခြင်းတောင်း ကျ၏၊ တူးရွင်းကျ၏။ ဤနိမိတ်ထင်ကုန်၏၊

**သိဥ္စည်းမင်းဗိုလ်ပါ**

၃၈။ သိဥ္စည်းမင်းဗိုလ်ပါ ၁၂-ခေါဘိဏီရှိ၏၊

**အခေါ်နှင့်သရုပ်ခြားနားပုံ**

၃၉။ ဂဇော်မှာလည်း ဆော်ကိုလုပ်သည့် ဂဇော်အရက်၊

မိကျောင်းစောင်းမှာလည်းဂေါ်ဓါဆိုသည်၊ဖွတ်စောင်းတည်း၊ ယခုမိကျောင်းစောင်းခေါ်သည်။

**ခရုသင်း ၂-မျိုး**

၄၀။ ခရုသင်းသည် လက်ဆုပ်ခရုသင်း, ကျည်တောက်ကဲ့သို့ခရုသင်း၊ ခရုသင်း ၂-မျိုးရှိ၏။

**ပုံသာနှင့်အောင်းကလေး**

၄၁။ "ပရိဝဒန္တာ—အောင်းကလေး ပုံသာတို့သည်ဂုဏ်း" ဆိုသည်၊ ပုံသာကို အောင်းကလေးဆိုသည်နှင့်တူ၏။

**ဇမ္ဗူသပြေသီးပမာဏ**

၄၂။ ဟိမဝန္တမှိ သတယောဇနုဗ္ဗေဓံ၊ ဇမ္ဗူရုက္ခတော ယဋပ္ပမာဏံ ဇမ္ဗူဖလံ ဇုဒ္ဓိယာ ဂန္တွာ အာနေန္တိ။

ဇမ္ဗူသပြေသီးကား အိုးပမာဏရှိ၏၊ (သာရိပုတ္တရာအပါဒါန်။)

**သမုစ္စည်း ၃-ပါး**

၄၃။ ပဒသမုစ္စယ, ကြိယာသမုစ္စယ, ဝါကျသမုစ္စယ ၃-ပါး။

**သံဝရဇာတ်ပေါင်း**

၄၄။ သံဝရမင်း လုံ့လလျှော့ရဟန်း။

**မဟောသဓဇာတ်ပေါင်း**

၄၅။ မဟာနန္ဒာဒေဝီကို ကိသာဂေါတမီ, ပဋာလစန္ဒာကို ရာဟုလာဟုတွေ့သည်။

## နောင်တော်ကြီးမင်းမန်းစက်တော်စုန်သက္ကရာဇ်

၄၆။ သက္ကရာဇ် ၁၁၂၄-ခု ပြာသိုလဆန်း ၇-ရက်အင်္ဂါနေ့ ၎တနာသိယ်။

ဒုတိယ-မင်းတရား မန်းစက်တော်ရာသို့ စုန်တော်မူသည်။

ဘို့ ဘွဲ့သဆန်း ၁၀၊တနင်္ဂနွေနေ့ ဖူးမြင်ပူဇော်တော်မူ၏။

သတ္တဝါဟာစေ့နေ၍ တပို့တွဲလပြည့်ကျော်တရက်နေ့ပြန်ခဲ့၏၊ မင်းဘူးမှသည် ပုဂံမြို့သို့ရောက်လျှင် ကျောက်စာတို့ကိုကူးဖတ်ရ၏။

## စာဆိုကျော်အမတ်များ

၄၇။ လက်ဝဲသုန္ဒရ၊ ဘယရန္တမိတ်၊ ကျော်ထိတ်လျှံဝေ၊ သရေသင်္ခယာ၊ မည်သာဆင့်ကဲ၊ လက်ဝဲဘိနန်သူ၊ ရွှန်းရွှန်းလူမျှ၊ ဇမ္ဗူညွန့်သုံ၊ ရွှေဘွဲ့သံဖြင့်၊ ကျော်ညံလွှန့်ပတ်၊ စာဆိုမတ်လျှင်၊ ကောင်းမြတ်ဖိုးဖွန်၊ ထူးကဲလွန်သည်၊ မျက်မွန်မဏိ၊ ဝင်းဝင်းညိတည်း။

## စစ်သူကြီးညာဏ်စွမ်း

၄၈။ ဂီရိသာခေါင်၊ ဝေဘူတောင်မှာ၊ ယူဆောင်သောသွင်၊ ကျယ်ဝန်းပျင်သား၊ သေနင်္ဂဇာ၊ ထွန်းစိမ့်ငှါဟု၊ တန်ဆာချီးမြှင့်၊ မှန်ကင်းသွင့်ရှင့်၊ လင်းပွင့်အာရုံ၊ မှန်ကြေးမုံသို၊အစုံအစေ့၊ အမွေ့အသိမ်၊ အငြိမ်အသက်၊ ရွှေနောက်ဆက်၍၊ ယွင်းကွက်မမူ၊ ခွဲစိတ်ယူလေ၌။ ။စစ်သူကြီးတို့ ညာဏ်စွမ်းတည်း။

**တရုပ်ခရီးအတာမှတ်ပုံ**

၄၉။ မြန်မာပြည်မှ တရုပ်ဥဒည်ဘွားမြို့အထိ ၁၄၀-ယူဇနာ၊ ရွှေကြက်ယက်ကသော်၁၄၇-ရှိဘွား၏၊လဝန်းဗိမာန်သည်လည်း ၁၄၇-ရှိ၏၊ ထိုနှင့်ပမာဏများ၏။

**သင်္ကြန်အခါရေကစားခြင်းအကြောင်း**

၅၀။ တန်ခူးလ,ကဆုန်လသင်္ကြန်တွင် ရေလောင်းသွန်းကြသည်ကား နှစ်သစ်ကိုရည်သလော, နှစ်ဟောင်းကိုရည်သလောဟူအံ့၊ နှစ်ဟောင်းကိုရည်သည်။

မိန်ရာသီလည်းငါးရာသီတည်း၊ ရေဝတီသည် ရေတွင်သုံးသည့်မြုံနက္ခတ်တည်း၊ဥဖျိုင်းတာရာသည် ရေငှက်တည်း။

သည်ကိုရည်သည်ယူရာ၏၊ သာကီဝင်တို့လည်းကစားကြကြောင်း ဒေဝဒဟမြို့တည်ရာတွင်ဆိုသည်၊ တရုပ်ပြေးလက်ထက်ကလည်း ရေပက်သည်ကိုဆိုသည်။

**ဟိတသိဒ္ဓိကျမ်းပြုအခါ**

၅၁။ အောင်မြေစံလွှတ် ကျောင်းမြတ်ဒါယကာ မင်းကြီးသားတော်အိမ်ရှေ့မင်းကို ဆရာတော်မဟာဗုဒ္ဓင်္ကုရက ဆက်သောပုံတွင်—

မျက်နှာလူရုပ်၊ ငှက်ခင်ပုပ်လျှင်၊ မိုးချုပ်မှသာ မြည်တော့သည်။

ဟူ၍ ပသတ်နှင့် စပ်တော်မူသောကြောင့် ဆက်၍ရေးသည်ဟု ဟိတသိဒ္ဓိတွင်ဆိုသည်၊ ထို့ကြောင့် ဟိတသိဒ္ဓိကို လောကမာရ်အောင်ဒါယကာ အောင်မြေစံလွှတ် ကျောင်းကြီးဒါယကာ တနင်္ဂနွေမင်းတရားလက်ထက် စီရင်သည်ဟု မှတ်၊

ရာသည်၊ ကန်တော်မင်းကျောင်းအဖြေ မေတ္တာစာကိုလည်း ဟိတသိဒ္ဓိပြီးမှ စီရင်သောကြောင့် ဟံသာဝတီပါမင်းလက်ထက်မှစီရင်လေသည်မှတ်ရာ၏၊ မေတ္တာစာအဖြေတွင် ဟိတသိဒ္ဓိကိုညွှန်သောကြောင့်သိရသည်။ ။

ခင်ပုပ်စကားမှာ သောမနဿပဉ္စကဗုဒ္ဓါ ၄ က်ဖြစ်သည့် ဝတ္ထုတွင်ပါသည်။

**အာတုရံအသုစိဂါထာဟောခြင်းအကြောင်း**

၅၂။ ထေရီအဋ္ဌကထာ၌အဘိရူပနန္ဒာထေရီကားကပိလပြည်၌ ဝပကမည်သောသာကီဝင်မင်း၏ မိဖုရားဝမ်း၌သမီးဖြစ်၏၊ပေးစားမည်နေ့လျှင် လုလင်သေ၏၊နောက်အဖကအလိုမရှိပဲ ရဟန်းပြုစေ၏။ နောက်ဘုရားထံမိန်းမရုပ်ကို ဖန်ဆင်း၍ပြရာ"အာတုရံ အသုစိ ပုတိံ ပဿနန္ဒေ"စသော ဂါထာကို ဟော၏။ရဟန္တာဖြစ်၏၊ (အပါဒါန်တွင်လာ၏။)

**ပဥ္စမီဆောင်ခေါ်ပုံ**

၅၃။ မိထွေးတော်ဂေါတမီ ကျွန်မဖြစ်သည်၊ ကျောင်း ၅-ဆောင် ပစ္စေကဗုဒ္ဓါ ၅-ပါးကိုလှူသည်။ ပဥ္စမီ ခေါ်သည်။ ။ယနေ့ပဥ္စမီကား အိမ်မဆောင် အနောက်က အဆောင်ကို ပဥ္စမီခေါ်သည်။ အိမ်မဝဲဆင်ဝင်စားဖို့အနောက်ဆောင်ကို ပဥ္စမီခေါ်သည်၊ မြောက်ဆောင်ကား အခြားတည်း။

**ဘဝသံသရာအဖြစ်ထူးဆန်းပုံ**

၅၄။ စတ္တာလီသနိပါတ်အစ၌ ဣသိဒါသီ ထေရီသည် ရှေးဘုရားတို့လက်ထက် ဆုတောင်းပြီး ယောက်ျားဖြစ်လျက်

ပစ္ဆိမမှ သတ္တမထက် အကလျာဏမိတ္တ သံသဂ္ဂကြောင့် အဝိစိငရဲ၌ခံပြီး၍ သုံးဘ၀တိရစ္ဆာန်ဖြစ်၏၊ ကျွန်မ၏ဝမ်း၌ နပုံးဖြစ်၏၊ ထိုကသေလျှင် လှည်းသမားသွီးဖြစ်ပြန်၏၊ ဂိရိဒါ သမည်သော လှည်းသမားသားနှင့်သင့်ပြန်၏၊ ထိုကသေလျှင် ဥဇ္ဇေနီမြို့တွင် ဘုဌေးသွီးဖြစ်ပြန်၏၊ ဇာသိဒါသိတွင်၏၊သူဌေး သားနှင့်သင့်၏၊ တလမျှသာသင့်ကြ၏၊ နောက်ကိုနှင်လိုက်၏၊ နောက်ကိုလင်တို့သေသည်၊နောက်သံဝေဂရ၍ အဖကိုတောင်း ပန်၍ ဇိနဒတ္တထေရီရဟန်းပြု၏၊ နောက်ရဟန္တာမဖြစ်၏။

နောက်သော်ဗောဓိမည်သော ထေရီထံရောက်၍ မေးမြန်း လျှင် မျောက်မဝမ်း၌ ဖြစ်ပြန်၏၊ ဧင်္ဂကီဆိတ်မဝမ်း၌ဖြစ်ပြန် ၏၊ နွားမဝမ်း၌ဖြစ်ပြန်၏။

သုတ်မဟာဝါ စကားထူး

၅၅။ ပရိနိဗ္ဗာနသုတ်တွင် သုဘဒ္ဒပရိဗ္ဗာဇကကို ဓဟာ စဉ်တွင် လူ၏အဖြစ် ၂၉- နှစ်ငါနေ၏၊ ရဟန်းဝါတော် ၅၁- ဝါ၊ သမဏအဖြစ်ဖြင့်နေ၏၊ ။သုတ်မဟာဝါတွင် ဟောတော်မူသည့်စကားထူးစွာ၏။

ဝိပါက်တော် ၁၂-ပါး

၅၆။ ဒုက္ကရဉ္စ အဗ္ဘက္ခာနံ၊ပုနာပရံ အဗ္ဘက္ခာနံ၊သိလာ ဝေဓော သက္ခလိကာဝေဒနံ။ ။တတောနာဠာ ဂိရိ သတ္ထစ္ဆေဒေါ၊ သီသဒုက္ခ ဝယခါဒနံ၊ ပိဋ္ဌ ဒုက္ခ မတိသာရော၊ ဣမေ အကုသလကာရဏာ။

(၁) ဒုက္ကရကား ကဿပလက်ထက်- ဇောတိပါလ ကဿ သမဏဿ၊ ဗောဓိပရမဒုလ္လဘာ။ ။ကုဝေါနုဗောဓိ ပရမဒုလ္လဘာ။ ။ပဌမဝိပါက်။

(၂) ဒုတိယည့်-မုနာငွိ သေသောက်ကြူးဖြစ်၏၊ သုရဘိ ပစ္စေကဗုဒ္ဓါကို "ဒုဿီလော ပါပဓမ္မော အယံ သမဏောတိ အက္ကောသိ။ စိဥ္စမာန စွပ်စွဲခြင်းကို ခံရသည်။

(၃) တတိယဉ္စ- မုနာငွိ ဓုတ္တဖြစ်သည်၊ သုရဘိ ပစ္စေက ဗုဒ္ဓါကို ဒုဿီလော ပါပဓမ္မော အယံ ဘိက္ခူတိ အက္ကောသိ၊ သုန္ဒရီ စွပ်စွဲခံရသည်။

(၄) စတုတ္ထဉ္စ-ရသေ့ဖြစ်စဉ် ဈာန်ရသီလရှိရသေ့တပါး ကိုတပည့်နှင့်တကွ ကာမဘောဂီကူငှကတဆိုသည်၊ သုန္ဒရီကို တိတ္ထိတို့စွပ်စေသည်။

(၅) ပဥ္စမဉ္စ-ညီအစ်ကို အမွေစကားတွင်ကျောက် နှင့်ထု ၏၊ ကျောက်ဖြင့်ခံရ၏။

(၆) ဆဋ္ဌမဉ္စ- ကျောက်မှန်သည်ကား ဘုရားလောင်း သူငယ် ပစ္စေကဗုဒ္ဓါကို ဆွမ်းခံစဉ်ကျောက်ဖြင့်ပစ်၏၊ ခြေဖမိုး သွေး ထွက်၏။

(၇) သတ္တမဉ္စ-ဆင်ထိန်းသည် ပစ္စေကဗုဒ္ဓါကိုဆင်နှင့် တိုက်၏၊ ဆင်တိုက်တွေ့ရ၏။

(၈) အဋ္ဌမဉ္စ-ဓားမြှင်းခံရသည်ကား ဘုရားလောင်းမင်း ဖြစ်စဉ် အပြစ်မဲ့သူကိုဓားဖြင့်ခုတ်၏။

(၉) နဝမဉ္စ-ခေါင်းခဲသည်ကား တံငါသားဖြစ်၍ ငါး သတ်ရာဝမ်းမြောက်သည်။

(၁၀) ဒသမဉ္စ-မယောဆွမ်းကား ဖုဿဘုရားတပည့်တို့ ကို ယဝံ ခါဒထ၊ န သာလိဘောဇနံ ဘုဥ္စထ-ဆိုဘူးသည်၊

(၁၁) ဧကာဒသမဉ္စ-ပိဋ္ဌိဒုက္ခကား လက်ဖွေ့သည်ဖြစ်၏၊ သူ့ကျောက်ကုန်းကို ချိုးခဲ့ဘူန်၏။

(၁၂) ဒွါဒသမဥ္-ဝမ်းတော်လားသည်ကား ဆေးသမား ဖြစ်စဉ်သူ့ကိုဝမ်းချ၏။

**တေမိအစ န ၅-လုံး**

၅၇။ တေမိတွင်"နရောဒတိ၊ နပရိဒေဝတိ၊ နနိဒ္ဒါယတိ၊ နဟတ္ထပါဒေ သမိဥ္စတိ၊ နေဝသဒ္ဒံကရောတိ" (တေမိအစ န ငါးလုံး။)

**သူခိုးနှင့် ခေါ်ပြအထူး**

၅၈။ သာသက်ံနာမ အာရာမေ အာရာမုပစာရေ စောရာနံ နဒိဋ္ဌောကာသောဒိဿတိ၊ ဘုတ္တောကာသော ဒိဿတိ၊ တိဋ္ဌောကာသော ဒိဿတိ၊ နိသိန္နောကာသော ဒိဿတိ၊ နိပ္ပန္နောကာသော ဒိဿတိ။

သပ္ပဋိဘယံနာမ အာရာမေ အာရာ မူပစာရေ မနုဿာ မတာဒိဿန္တိ၊ ဝိလုတ္တာဒိဿန္တိ၊ အာကောဋိတာဒိဿန္တိ။ (သူခိုးနှင့်ခေါ်ပြထူးဟန် ၂-ပါး။)

**ကာလမှတ်ရာအာခေါရ ၃-ပါး**

၅၉။ ကာ:လကိုမှတ်ရာ၌ ကာလန္တရာဝစ္ဆေဒဝိသယာ ခါရ, သာမညာခါရ, ဒေသန္တရာဝစ္ဆေဒဝိသယာခါရ။ ။ အာခေါရ ၃-ပါး။

**အစိန္တိယျာဂါထာ**

၆၀။ အပဒါန်ပါဠိတော် ဗုဒ္ဓအပဒါန်ပြီးခါနီးတွင် "ဧဝံ အစိန္တိယျာ"ဂါထာပါသည်။ ။အဋ္ဌကထာတွင် ဏာအင်္ဂါ ကောဋ္ဌလိဝတ္တု။

**ကဏ္ဍာရ ၆-ပါး**

၆၁။ ၁-ဝါဠကဏ္ဍာရ၊ ၂-စောရကဏ္ဍာရ၊ ၃-ဒုဗ္ဘိက္ခကဏ္ဍာရ၊ ၄-နိရုဒကကဏ္ဍာရ၊ ၅-ယက္ခကဏ္ဍာရ၊ ၆-အပ္ပဘက္ခကဏ္ဍာရ၊ (ကဏ္ဍာရ ၆-ပါး။)

**ဆုံဆို့နာဆေး**

၆၂။ ဆုံဆို့နာရှိအံ့၊ ကြက်ခြေထောက်ရိုးကို ဆားနှင့်သွေး၍ဝှမ်း၍ထုပ်၍ငုံ။

**ကင်းခြေများဆေး**

၆၃။ ကင်းခြေများကိုက်သော် ယုန်ရိုးကိုသွေး၍လူး။

**အနာဝင်ဆေး**

၆၄။ အနာဝင်သော် ဂုံချင်းဆံသွေး၍ကြိတ်၍တိုက်။ ။ ထန်းငယ်လက်ကို မီးကင်၍ညှစ်၍အရည်ကိုတိုက်။

**အနာပဆုပ်ဆေး**

၆၅။ အနာပဆုပ်ပေါ်သော် ဆီးဖြူသီးကိုမီးဖုတ်၍အုံ။ ။ (အနာပဆုပ် ဆီးဖြူဖုတ်။)

**အောင့်နာဝမ်းကျဆေး**

၆၆။ အောင့်နာဝမ်းကျသော် ကောက်ရိုးကိုမီးတိုက်ပြာကို ရေနှင့်ဖျော်၍တိုက်။

**အပူဝင်ဆေး**

၆၇။ အပူဝင်သော်လည်း ဤပြာရေပင်ရ၏။

**ပင့်ကူဆေး**

၆၈။ ပင့်ကူကိုက်သော် ဆီးဖြူသီးကိုစားစေ၊သုတ်လည်းသုတ်။

**တောက်တဲ့ဆေး**

၆၉။ တောက်တဲ့ကိုက်သော် ထန်းလျက်ကိုစားစေ၊ မန်ကျည်းသီးမှည့်ရှိလျှင်လည်း ဖက်၍စားစေတော့။

**တောခွေးငယ်သီးဆေး**

၇၀။ တောခွေးငယ်သီးအမွေးစူးသော်ဆီးဖြူသီးကိုစား။

**မြင်းနာပူးဆေး**

၇၁။ ,လူတွင်မြင်းနာဖူးသော် ဆီးဖြူသီးကို မီးဖုတ်၍အုံ၊ သုံးရက်ရှိသော် ပြည်ဖြစ်၍ထွက်၏၊ ပြည်ထွက်သော် ပုန်းရည်ကြီးဖတ်,ခတက်ရွက်အညက်ကြိတ်၍အုံလေ၊ ကပ်၍ခြောက်၏။

**အပင်းစမ်းနည်း**

၇၂။ အပင်းရှိသည်ထင်သော် ခတက်ရွက်,ပုန်းရည်ကြီးနှင့်ကြိတ်၍အထက်ကအုံ၊ ရှိရာအရပ်ကလှုပ်၏၊ စမ်းနည်း။

**တနည်း-အော့နာဝမ်းကျဆေး**

၇၃။ အော့နာဝမ်းကျသော် မိဿလင်ကိုထုံးနှင့်ဘော်ရုံထည့်၍ကြိတ်၍တိုက်။

**မဟာပနာဒပြာသာဒ်ယူဇနာ**

၇၄။ မဟာပနာဒပြာသာဒ်အနံ့ယူဇနာခွဲဟူ၏၊ မြားတဆွဲခြောက်ပစ်ရှိသည်ဟူ၏၊ တဂါဝုတ်သော် ဥသဘရှစ်ဆယ်၊ မြားတပစ်ကို ဆယ်ဥသဘသွားခဲ့ရကား မြားရှစ်ပစ်ကျရှိ၏၊ ၂-ဂါဝုတ်သော် ၁၆-ပစ်ရှိ၏၊ ိလာပစ်ဆယ်ဥသဘသွား၏၊ အစောက်ပစ်သော် ရှစ်ဥသဘသွား၏၊ ဥသဘရှစ်ဆယ်သော် ဆယ်ဆင့်တက်၏၊ ဂါဝုတ်သော်ဆယ်ပြန်၊ ၄-ဂါဝုတ်ဖြစ်သော်တယူဇနာ၊တယူဇနာသော် အပြန် ၄၀၊အမြင့် ၂၅-ယူ

ဇနာသော်အပြန်တထောင်ရ၏၊ မြွားပစ်တထောင်ခေါ်သည်၊ အစောက်ပစ်နှင့်ဖီလာပစ်ခရီးမတူ၊ (ကျယ်ခဲ့စွာ၏။)

**ဝဏ္ဏဗောဓနေသတ်အင်း**

၇၅။ ဝဏ္ဏဗောဓနေ သတ်အင်းတွင် ခုန်ဆင်းခွန်မှာ ခုန်မျိုးခုနစ်ပါးတွင်ပါသည်။

အမတ်တိန်ဟုရှိ၏။ ။ဒိန- ဒိန်။ နေဆိုသည် ထောက်သော်နေမျိုးဆိုသည်နှင့် ညီသောကြောင့် ဒိန်ခရေးခြင်းသင့်၏။ သောန ဒိန်နှင့်လည်းလျော်သည်။ (သုဒိန္နာ။)

သုခမိန- ကောင်းစွာ နှိုင်းရှည်တတ်သည်။ သုခမိန် ပညာရှိဟုလိုသည်။

ကျောက်ကိုတွပ်သည်ဟုပါသည်။ တွပ်ကွက် ဆိုဟန်ရှိ၏။ အကြိမ်မွေးမျိုး။ အဂရုအကျော်နက်။

**ရုပ်ဖေါက်ပြန်ကြောင်း ၉-ပါး**

၇၆။ ကေန ရုပ္ပတိ၊ သီတေန ရုပ္ပတိ၊ ဥဏှေန ရုပ္ပတိ၊ ဇိဃစ္ဆာယ ရုပ္ပတိ၊ ပိပါသာယ ရုပ္ပတိ၊ ဍံသ, မကသ, ဝါတာတပ, သရိသပ သံဖဿေန ရုပ္ပတိ၊ ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရုပန္တိ ဝုစ္စတိ။ ၉-ပါးသောအကြောင်းကြောင့် ရုပ်သည် ဖေါက်ပြန်သည်(သမော။)

**လောကန္တရိက်ငရဲယူဇနာ**

၇၇။ အဋ္ဌ ယောဇန သဟဿ ပမာဏော။ ဆိုသောကြောင့် လောကန္တရိက ငရဲ ယူဇနာရှစ်ထောင်။ ။ငရဲသူသုံး ဂါဝုတ်ကိုယ်ရှိသည်။

## ကာလ ၃-ပါး ၄-နည်း

၇၀။ အဒ္ဓါ,သန္တတိ,သမယ,ခဏဟူ၍ ကာလသုံးပါးကို လေးနည်းဆိုသည်။

အဒ္ဓါသည်-တခုသောဘဝ ပစ္စုပ္ပန်မည်၏။

သန္တတိကား သဘာဂဖြစ်သော တခုသောဥတု, တခုသော အဟာရကို မှီ၍ဖြစ်သောရုပ်သည် ပစ္စုပ္ပန်မည်၏။ (ရှေးက ဝိသဘာဂဥတု အာဟာရကြောင့် ဖြစ်လင့်သည်ကား အတိတ်၊ နောက်အနာဂတ်၊ တခုသောဝီထိ တခုသောဇော တခုသော သမာပတ်၌ ဖြစ်သောရုပ်သည် ပစ္စုပ္ပန်။ ။ရှေ့နောက်ကို အတိတ် အနာဂတ်ဆိုသည်)။

သမယကား-တခုသောမုဟုတ္တ, ပုဗ္ဗဏှ, သာယဏှ,ရတ္တိ ဒိဝ၊ ။ပစ္စုပ္ပန်။

ခဏကား- ခဏတ္တယကို ပစ္စုပ္ပန်ဟုယူ။ ။ပစ္စုပ္ပန်မျိုး လေးပါး အတိတ်မျိုး လေးပါး အနာဂတ်မျိုး လေးပါး ရှိသည်။

## ဝုဋ္ဌာရုံ အနိဋ္ဌာရုံ

၇၉။ ဝုဋ္ဌာနိဋ္ဌနာမ ပါဠိယေက္က ပဋိဝိဘတ္တံနာမနတ္ထိ။ အာရုံနှစ်ပါး မည်သည်ကား အသီးအခြားပြု၍ ဝေဘန်အပ် သောမည်သည်မရှိ၊ တခုသော ဝတ္ထုကို တယောက်ကြိုက် တယောက်မကြိုက် ရှိကုန်သည်။

## သင်္ခါရ ၄-ပါး

၈၀။ သင်္ခတသင်္ခါရ ဟူသည်ကား-တေဘူမ္မကဓမ္မတည်း။

အဘိသင်္ခတသင်္ခါရ ဟူသည်ကား တေဘူမ္မကဝိပါက် ခန္ဓာ ကဋတ္တာရုပ်တည်း။

အဘိသမ်ရဏာ သမ်ါရ ဟူသည်ကား– ပေါဘုမ္မက ကုသိုလ် အကုသိုလ် စေတနာတည်း။

ပယောဂါ ဘိသမ်ါရ ဟူသည်ကား–ကာယိကစေတသိက ဝီရိယတည်း။ (သခမာခန္ဓနိဒ္ဒေသဝိဘင်း အဖွင့်တွင် နိသျဆိုသည်-သမ်ါရ လေးပါး။)

**ဆင်စကြာရသောနေ့**

၈၁။ ၁၁၉၅-ခု နယုန်လဆန်း ၁-ရက် တနင်္ဂနွေနေ့ ဆင်စကြာရသည်။

**ဆရာတော်များဖွားသက္ကရာဇ်**

၈၂။ ၁၁၀၃-ခု ပတောက်ချောင်ဆရာတော်ကြီး ဖွားသည်။

၁၁၅၅-ခု ကြက်သွန်ခင်းဆရာတော်ဖွားသည်။

၁၁၅၅-ခု ပင်းကလေးဆရာတော်ဖွားသည်။

**ကျောက်စာရေးပုံ**

၈၃။ ယခုကာလ တပယင်းခွဲခေါ်ကြ၏၊ ထူပါရုံကျောက်စာမှာ ဇာပြင်းခွဲမြေဟုရှိသည်၊ သရက်ပင်ကိုလည်း သီးရှက်ပင်ရေးသည်။

သာသနာတော် ၆၀၀၀ တိုင်အောင်ဆိုသည်ကား ငါးထောင်သာသနာဆိုလိုသည်။ ။ရှိယကရားကား ရွှေကရားတည်း။ ။

နွီအရပ်ကား မြေအရပ်တည်း။ ။အရည်အထူး၊ ကျေးဇူးမသိ၊ နှိုင်းဘွယ်ဟိခဲ့၊ နှိုင်းရှည့်ထင်စွာ၊ ဥပမာဖြင့်။

၉-ခန်းမိဘုရားဆို ဂိဇ္ဈခန်းတွင်- နှိုင်းဘွယ်ဟိကား-ဟ၊ နှိုင်းရှည့်ထူးစွာကား-ရှ၊ ရေးစပ်သည်ထုံးကိုသိရသည်။

**အိမ်ဆောက်ကျမ်း**

၁၄။ "အိမ်တိုင်ခေါင်း မအောင်းစေလင့်"ဆိုသည်ကား စရွေးထုပ်တဲ,လျှောက်တဲတွင်ငုတ်၍မနေစေလင့်။ ။"ရှောင် မသုံး"ဟူသည်ကား စရွေးရှည်သည်ဟူ၍မဖြတ်နှင့်၊"အိမ်မှူး ကြမ်းပြင်ကြန့်မဝင်"ဆိုသည်၊၃-ခန်းအိမ်မှာ အရှေ့ခန်းလွှတ်၍ အနောက် ၂-ခန်းကိုယူ၊အနောက် ၂-ခန်းတွင် အရှေ့ထုပ် လယ်ထောက်တိုင်သည် ထုပ်ကိုထိစေ၊ ထုပ်ကိုမယ် တိုတို လုပ်အံ့ဖြတ်သည်မည်၏၊ အလယ်ထောက်တိုင်၌ ကိတ်ဂြိုဟ် နေသည်၊ ကိတ်ဂြိုဟ်တိုင်ဖြစ်သောထောက်လည်း ကြမ်းကို မထိစေနှင့်၊မြေမထောက်စေလင့်ဆိုလိုသည်။

**ရောင်တော်ပြ**

၁၅။ ဂြိုဟ်၉ါးတွင် အစားပေးသောကာလကိတ်ဂြိုဟ်ကို အစာမပေး၍၎င်း, ကိတ်ဂြိုဟ်တိုင်ကြမ်းသို့ထိ၍၎င်း ကိတ် နတ် ညအခါတောက်သော် လင်းလင်းထိန်ထိန်ထသည်ကို အိမ်ဖြစ်လျှင် အိမ်တောက်သည်ဆိုသည်၊ ဤကဲ့သို့ပုဆိုးတော် မှာ တောက်သည်၊ ဆံမှာတောက်သည်၊တိုင်မှာတောက်သည်၊ ကျောင်းမှာ တောက်သည်ဖြစ်သည်၊ ဘုရားရုပ်ပွားမှာဖြစ် လျှင်၎င်း, ဘုရားပုထိုးမှာဖြစ်လျှင်၎င်း ရောင်တော်ပြသည် ဆိုကြသည်၊ အမရပူရနန်းမှာတောက်သည်ကိုလည်း မောင်း နဂါးကကိတ်ဝင်သည်ဟုပြောဘူး၏၊ လက်ဝဲကြောင်း ဗိုလ်ပုရ ပိုက်မှာလည်း ရေကျိုတ်,မြေကျိုတ်,ကောင်းကင်ကျိုတ်,သစ်ပင် ကျိုတ်ဟူ၍ပါ၏။

ခင်ပွန်းအစိပ္ပါယ်

၇၆။ သူ့ကိုခင်လျှင် ကိုယ်ကပွန်းသောကြောင့် ခင်ပွန်းခေါ်ကြကုန်၏။ အဆွေခင်ပွန်းဆိုလိုသည်။

အုန်းသီးပြတ်ခြင်းမပြတ်ခြင်း

၇၇။ အုန်းသီးပေါ်မှာမီးသွေးတင်၍ငင်း, အဥပေါ်မှာဓားတင်၍ခုတ်စဉ်အခါ ရိုက်နှက်သော်အုန်းသီးပြတ်၏၊ ဓားတင်၍သာရိုက်သော် မပြတ်ချေဟူ၏။

အိမ်ခန်းဖွင့်

၇၈။ ထုပ်ခန်းဖွင့် ၅။ ၂-လီလျောက်ခန်းဖွင့် ၅စိဖြစ်၍ ၁၀။ အောက်ထပ်မြားထုတ်ရာ၌ ၇စိ ၂-လီ ၁၄နှရောင်ခန်းဖွင့်ကအတို ၁၄တောင်ရသည်၊ လက်ကီးနံပါးက ၃-၅စိ ၂လီ၇-၆ရှိသည်။

အိမ်ဆောက်ကျမ်း

၇၉။ စည်လည်းမတီး၊ မဆောင်းထီးနှင့်၊ ကျီးမနား မြောက်၊ မပေါက်မှိုင်၊ အူမနုတ်ငြား၊ ပါးမတီးဘဲ၊ ရှောင်မဆွဲလစ်၊ သစ်နှင့်ဝါးမှာ၊ မဆက်ရာတည့်။

အိမ်ဆောက်ရာ၌ ရှေးစကား

၈၀။ (၁) ကျောင်းကန်အိမ်ရာ၊ လူတို့မှာ၊ စဉ်လာအိမ်အမ။

(၂) ကျောင်းမှာကွန်းစင်၊ မည်ရည်ကင်၊ ကျမ်းတွင် ပဋ္ဌာန။

(၃) ခရုစုံပင်လယ်၊ ကြင်နာဝယ်၊ ကြီးငယ်မိုနှင့်မ။

(၄) ကုန္တီးသပြေ၊ ယှဉ်ပြိုင်နေ၊ မကွေတူတကွ။

(၅) အရွှေတောင်မူ၊ တိုင်ဥရူ၊မှတ်ယူကေန္တ။
(၆) အရွှေမြောက်ဝယ်၊ စုံပင်လယ်၊ အကယ်မှန်မုချ။
(၇) မြောက်အလယ်စည်၊ ခေါ်ဝေါ်လျှည်၊ တူရှည်ကြင်နှးမ။
(၈) တောအလယ်ကို၊ ကြင်နှးဖို၊ ခေါ်ဆိုအမည်ရ။
(၉) သခပြေတိုင်မွှန်၊ အနေမှန်၊ နောက်ရန်တောင်ထော်င့်က။
(၁၀) မည်ရည်နာသီး၊တိုင်ကုန္တီး၊ယှည်မှီးတရပ်က။
(၁၁) အရွှေထောက်ရှည်၊ ကြွယ်ဝစည်၊ရွှေရည်သုဝဏ္ဏ။
(၁၂) အလယ်သန္တာ၊နီတျာတျာ၊မှန်စွာထည့်လိုက်မှ။
(၁၃) အနောက်တောင်မှန်၊ ငွေမင်းစံ၊ ဘေးဒဏ်ရန်ပျောက်ပ။
(၁၄) ကြင်နှးပတ္တမြား၊ကျိုးစီးပွား၊ခေါင်ဖျားသူ မ က။
(၁၅) ကုန္တီးကြေးဖြူ၊ကောင်းညွှန့်လူ၊မတူခံသုခ။
(၁၆) အနောက်ထောက်ရှည်၊ကောင်းပင်စည်၊ငွေမျည်ဖြူဆွဆွ။
(၁၇) သပြေခဲမဖြူ၊( )ရန်သူရှိညွတ်ခ။
(၁၈) ကြင်နှးမတွင်၊ခဲမစင်၊စည်ပင်ချမ်းသာလှ။
(၁၉) စုံပင်လယ်သံ၊ စည်းစိမ်ခံ၊ ကြောက်ရွံ့ရန်မထ။
(၂၀) အလယ်ထောက်တို၊ မှိုငါးရို၊ဟင်းချိုစုံဖိုမ။
(၂၁) ဝတ်ဖြူသွံ့သွံ့၊ ကောင်းညွှံ့ညွှံ့၊ ခေါက်ပြန့်ခင်းလိုက်မှ။
(၂၂) တိုင်မစိုက်ခင်၊ထိုတွင်းတွင်၊အလျင်ထည့်လိုက်ရ။
(၂၃) အိမ်မှူးကြမ်းပြင်၊ကြန်မဝင်၊ လူတွင်ဝေါဟာရ။

---

( )တပိုဒ်ကျနေဟန်ရှိသည်။

( ၂၄) လောကီဝစနံ၊သုံးစွဲမှန်၊ကြေနပ်ချက်ကျကျ။
( ၂၅) မိဘစဉ်လာ၊ ပုံပမာ၊ နည်းနာခံအပ်စွ။
( ၂၆) အပါယ်မလား၊ ရှေးစကား၊ မှတ်သားယူအပ်
လှ။ ။(ပြီး၏)။

**အိမ်ဆောက်ရာ၌ ရှေးအစဉ်အလာ**

၉၁။ (၁) သစ်အရင်းချက်၊ သစ်မင်းနှက်၊ နှစ်သက်
မှတ်တို့ချင်။
(၂) သစ်အဖျားကို၊ အခ်နှက်လို၊ထိုထိုတိုင်များတွင်။
(၃) သစ်အလယ်သား၊ရက်မကြား၊ ချပ်ထားရာဇဝင်။
(၄) ဘုမ္မရာဇာ၊ တိုင်မမှာ၊ခံပါအောက်ကပင်။
ကျောင်းကန်အိမ်ရာ၊ ဆောက်သောခါမူ၊ ဒိသာ
သေန်၊ရှုန်းခိုမှန်ကို၊ အမှန်ထည့်ပါ၊အနာမရှိ၊ အဝိ
နေရာ၊ သန်ထည့်ပါက၊ ပညာပွားဘိ၊နရတိမှာ၊ ကြိုင်
စွာပျံ့ဖြူး၊ စန္ဒကူးလျှင်၊ ထည့်ရကျင်မူ၊ မြပင်သက်
ရှည်၊ စည်းစိမ်တည်မှ၊ ပါယပွဲ၊ မှန်လှအကျော်၊
ထည့်ရသော်မူ၊ ဟေဇော်ကိတ္တိ၊ ဘုန်းတန်းရှိအံ့၊
ကဝိတို့သာ၊ မှတ်ကုန်ရာသည်။ ။ကျမ်းလာ အစဉ်
ထုံးတမ်းတည်း။ ။(ပြီး၏)။

**တိုင်နှင့်အစွန်း**

၉၂။ (၁) ငါးပင်လေးခန်း၊ နောက် မြောက် နွန်း၊
ညောင်ရန်းတိုင်မည်ရ။
(၂) ညောင်ရန်းရှည်ပြိုင်၊ ရဝေတိုင်၊ တူဆိုင်
နောက်တောင်က။
(၃) လျောက်စွန်း ခြင်စွန်း၊ မြေဝင်စွန်း၊
အစွန်းဤသုံးဝ။

(၄) လျောက်စွန်းမြေဝင်၊ လှေကားခြင်၊တူပင်
မျှစေကျ၊(အိမ်မူးကြမ်းပြင်၊ကြန်မဝင်။)

**စာမနားစေလင့်**

၉၃။ ကုလတက်အစွန်းဖျား တဖက်သို့ဖေါ်၍ မနေစေနှင့်၊ စာမနားစေလင့်ဆိုလိုသည်။

**တိုင်ဟောင်းမရှေလင့်**

၉၄။ နံ့သာမလိမ်းကား- ိမ်ဟောင်းတိုင်ကိုအသစ်မရွှေလင့်ပြီးစေတော့ဆိုလိုသည်။

**အိမ်သစ်တက်သောအခါ**

၉၅။ အိမ်သစ်တက်သောအခါ ဆန်ကတဲအိုးသစ် ထောပတ်အိုးများကို အရှေ့ကထား၊ ရေပြည့်အိုးအရှေ့တောင်ကထား၊ရေျသင်း,ုဆိုးတံတင်းများကို ဘောင်ကထား၊ ကျောက်ပျဉ်ကျောက်သား အနောက်တောင်, ကိုယ်ဝန်ရှိမိန်းမကို အနောက်ကစပါးရွက်၍တက်စေ ြီးလျှင် အနောက်က နေစေ။ ပုံးရည်အိုးကို အနောက်မြောက်ထောင့်ကထား၊ နွားနို့အိုးမြောက်ကထား၊ ဆင်စွယ်,ထမင်းပွဲတောင်ကထား၊ ဓား,လှံသေနတ် အရှေ့မြောက်ထောင့်ကထား၊ ိမ်သစ်ဟူသမျှ နံ့သာထုံစေ။

**သီဟိုဠ်နှင့်နေသွားဝိထိ**

၉၆။ အနွှောဝိထိ၏ပြင်နားအဆုံးမဇ္ဈေဝိထိ၏အ ွင်းဆုံးအကြားတွင် သီဟို ်ရှိသည်။ ဇမ္ဗူဒီပါတွင် ၂-ဖဝါးရှိသောအခါ သီဟို ်၌ဖဝါးသုဉ်းသည်၊ဇမ္ဗူဒီပါမှာ သုဉ်းသောအခါ သီဟို ်မှာ၂-ဖဝါးတောင်သို့ထွက်သည်၊အံသာ ၆၀ ကွာသည်၊ အံသာမှကြမ္မတ်ပေါင်း ၀၁၁-ခု၊ ၁-ရက်မှာ ကြမ္မတ်ပေါင်း ၀၀၀-ရှိသည်။

စန္ဒပဇ္ဇောတမင်းယာဉ် ၅-ရပ်

၇၉။ (၁) ယူဇနာ ၅၀-သွားသောဘဒ္ဒဝတီဆင်။
(၂) ယူဇနာ ၆၀-သွားသောကာကမည်သော ကျွန်။
(၃-၄) ယူဇနာတရာ သွားသော ဝေလကံသီ မြင်း၊မုဉ္စကေသီမြင်း ၂။
(၅) ယူဇနာ ၁၂၀-သွားသော နာဠာဂိရိဆင်။

သပ္ပုရိသဒါန ၅-ပါး

(၁) သဒ္ဓါယဒါနံဒေတိ။
(၂) သက္ကစ္စဒါနံဒေတိ။
(၃) ကာလေနဒါနံဒေတိ။
(၄) အနုဂ္ဂတစိတ္တောဒါနံဒေတိ။
(၅) အတ္တာနဉ္စပရဉ္စအနုပဟစ္စဒါနံဒေတိ။

ကျောင်းလှူကျိုး ၉-ပါး ၁၂-ပါး

၈၀။ သီလက္ခန်အဋ္ဌကထာကုဋဒန္တသုတ် အဖွင့်၌ ကား သုတ္တန်နည်းဖြင့်ယာဝဒေဝသီတဿအစရှိသော ၉-ပါးသော အကျိုး၊ ခန္ဓကနည်းဖြင့် သီတံပဋိဟနတိအစရှိသော ၁၂-ပါး သောအကျိုးတို့ကို ဟောအပ်၏၊ထို့ကြောင့် ကျောင်းအကျိုး သည် စာရေးတန်အလှူထက်အကျိုးကြီး၏။

ရေကောင်းမြေကောင်းခရိုင်များ

၈၉။ လေးခရိုင် ရေကောင်းသည်၊ ငါးခရိုင် မြေကောင်း သည်။
ရေ-စကိုင်း၊လှိုင်း-ပုခန်းငယ်၊လယ်-တောင်တွင်း၊ စပါး-ရမည်းသင်း၊အင်း-တောင်သမန်၊ကန်-မိတ္ထိလာ။

ဝိနည်း ၁၀-ပါး

၁၀၀။ သုတ္တနိပါတ် အဋ္ဌကထာပဌမသုတ်တွင် သံဝရဝိနည်း ၅-ပါး၊ ပဟာနဝိနည်း ၅-ပါး၊ ပေါင်းဆယ်ပါး။

သီလ, သတိ,ဉာဏ, ခန္တီ,ဝီရိယ။သံ ၅-ပါး။
တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ, ပဋိပဿဒ္ဓိ,နိဿရဏ,
ပဟာန် ၅-ပါးဟူ၏။ ။

ဆုပန်လူထွက်

၁၀၁။ ဒီပင်္ကရာလက်ထက် မေဃရသေ့ကျွတ်ဆုပန်၏။ နောက်လူထွက်ပြန်၏။ ဂေါတမ လက်ထက် ဓမ္မရုစိယထေရ် ဖြစ်လာ၏။ အပဒါန်ထွက်။

သုမိတ္တာဆုပန်ပုံ

သုမိတ္တာ ပုဏ္ဏားသမီးနှင့် ၈၀၀၀ -ဆုပန်သည်၊ယသော ဓရာနှင့် သာကီဝင်မင်းသမီး ၈၀၀၀-ဖြစ်လာကြ၏။သုမိတ္တာက ၅-လက်ကြာကိုဘုရားဆုကိုပန်ပါ-ပး၏။နောက် ၃-လက် ကြာနှင့် ကျွန်ုပ်ဖို့ ဆုပန်ပါဆို၏။ ဘုရားလောင်းက ၃-လက် ကြာဖြင့် ဝိဇ္ဇာသုံးပါကိုရင်း, လူ့ကိစ္စ ယသောဓရာအလုပ်အကျွေးအလို့ငှါရင်း ဆုပန်ပါ၏။ ဒီပင်္ကရာပြည့် မည်လောဟု အနာဂတံသဉာဏ်ဖြင့် ရှု၏၊ ပါရမီခန်း၌—

ဝိဇ္ဇာ ၃-ကြိမ်၊ လုပ်ဖြစ်ချိန်၌၊ လောင်းထိန် တော်ည်း။

စသည်ဖြင့် စပ်သည်။ ဝိဇ္ဇာ ၃-ပါးကိုရင်း, အလုပ်အကျွေးဖြစ်စိမ့်သော လူမှုကိုရင်း ၂-ပါးကိုထွေး၍ စကားချုံ့၍စပ်သည်ကို အချို့ကလုံ ဖြစ်ချိန် စပ်သည်ဟု ဘတ်ကြ၏။

**ကပ္ပသဒ္ဒါ**

၁၀၂။ ကပ္ပသဒ္ဒါကား လောကဏ်ပျက်ခြင်းကို ကြံအပ်သောကပ်၊ ကပ်ဆိုသည် ပညာရှိတို့ ကြံအပ်သော အရာပင်ဖြစ်သည်။ (အမရကောသ ထွက်မှာရှု။)

**ဗေဒင် ၃-ပုံ**

၁၀၃။ ဣရုမှာ-နတ်တို့ကိုချီးမွမ်းရာကျမ်း။

သာမမှာ-မကောင်းမှုကို သုတ်သင်ကြောင်း ဖြစ်သောဗေဒင်။

ယဇုမှာ-နတ်တို့ကိုပူဇော်ကြောင်းဖြစ်သောဗေဒင်။(အမရဗေဒင် ၃-ပုံ။)

**ဥုံ ၃-ပါး**

၁၀၄။ (၁)ဥုံကာရ၊အလုံးစုံကိုဖျက်ဆီးတတ်သောဥုံ။

(၂) ဘုတ်ကိုဖျက်ဆီး တတ်သောဥုံ။

(၃) မြတ်သော ချီးမွမ်းခြင်းအကြောင်း ဖြစ်သောဥုံ။

**ကျောက် ဆိုထုံး**

၁၀၅။ ကျောက်ကို ဆိုထုံးကား၊နီလာအလျား၊ မြကားအပြား၊ ပတ္တမြားအမောက်၊ စိန်မှာအစောက်။

ဘုံခန်းမှာစိန်ကား ပြာပြာရှိသည်။ စိန်ကား ဖြာဖြာရှိလိုသည်။ အရောင်ဖြာသည် ဆိုလိုသည်။

**သီလမတ္တကအဖွင့်**

၁၀၆။ "စက္ကဝါဠေ မဟာသမုဒ္ဒေ ဥဒကံ သိနေရုပါဒက မဟာသမုဒ္ဒေဥဒကံနပါပုဏာတိ"။ သုတ်သီလက္ခန်အဋ္ဌကထာ။ဗြဟ္မဇာလ အဖွင့်။၁၀၊၈တွင်၊"အပ္ပမတ္တကံ ခေါပနေတံ ဩရမတ္တကံ သီလမတ္တကံ။" အဖွင့်ဂုဏ်းဆက်။

**တထာဂတအဖွင့်**

၁၀၇။ "တထာဂတဿာတိ အဋ္ဌဟိ ကာရဏေဟိ ဘဂဝါတထာဂတောတိ" ဟု ရှစ်ပါးသော အကြောင်းဖြင့် တထာဂတမည်၏။

**သိကြားမင်းတံခွန်တိုင်**

၁၀၈။ ဖေါက်ကြို့, အင်ကြင်း, ပျဉ်း, မျောက်ငို, ရေသဖန်း-သစ်ငါးပါးသည် သိကြားမင်း တံခွန်တိုင် မည်၏။

**သိကြားမင်းဖေါက်ပြန်ပုံ**

၁၀၉။ ဇာတိတတ္တတွင် သိကြားမင်းသည်ရန်သူဘီလူးမကိုမသတ်ဝံ့ပြီဟု သစ္စာပြုလျက် နောက် ဖေါက်ပြန်၍ သတ်ခြင်း, ယောက်ခမဖြစ်သော ပုလောမနအသူရာကို ရန်သူဖြစ်၍ သတ်ခြင်း စသည်ဖြင့် မင်းကို ဆုံးမသော (ဇာတိတတ္တပီအင်္ဂါ။)

**ကလိယုဂ်လက္ခဏာ**

၁၁၀။ ကလိယုဂ်ဆန်းသောအခါ၌ စိုက်ပျိုးသောသစ်ပင်တို့သည် အသီးအနှံ ချောက်ချားခြင်း, ကုန်သည်တို့သွားရာခရီးလမ်းဆိုး၍ ခိုးသူတို့ယက်ခြင်း,ကောက်ပင်တို့သည်အပင်သာဖြစ်၍ အသီးမသီးခြင်း, သူငယ်တို့လူကြီးအမှုအရာပြုခြင်း, အကျိုးမရှိသော အမှုကိုပြုခြင်း၌ ဝမ်းမြောက်ခြင်း, အမျက်ထွက်ရာ၌ အကျိုးရှိ၏ဟုဝမ်းမြောက်ခြင်း, ယောက်ျားငယ်တို့မိန်းမကြီးနှင့် အိမ်ထောင်ဘက်ပြုခြင်း၊ အလုံးစုံသော ကလိယုဂ်၏ လက္ခဏာ။ (ဇာတိတတ္တပဲအင်္ဂါ။)

ကြည့်အပ်,မကြည့်အပ်

၁၁၁။ နေကိုမကြည့်အပ်၊ မီးကိုမကြည့်အပ်၊ မှန်တောက်သည်ကို မကြည့်အပ်၊ ရွှေကိုကြည့်အပ်၏၊ ကြယ်ကို ကြည့်အပ်၏၊ ငွေကိုကြည့်အပ်၏၊ မြကိုကြည့်အပ်၏။

ကြက်သွန်ခင်းဆရာတော်

၁၁၂။ ကြက်သွန်ခင်းဆရာတော် ၁၀၅၅-ခု ဖွားသည်ဟူ၏။

အပါယ်ရောက်ကြောင်း ၆-ပါး

၁၁၃။ ဆအပါယမုခ ၆-ပါး၊

(၁) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ နုယောဂ။
(၂) ဝိကာလဝိသိခါစရိယာနုယောဂ၊
(၃) သမဇ္ဇာဘိစရဏာနုယောဂ။
(၄) ဇူတပ္ပမာဒဋ္ဌာနာနုယောဂ။
(၅) ပါပမိတ္တာနုယောဂ။
(၆) အာလဿာနုယောဂ။

(သုရာမေရယ၌ အပြစ် ၆-ပါး။ ဝိကာလ၌ အပြစ် ၆-ပါး။)

ပဟေဠိအဖြေ

၁၁၄။ (၁) ပန်းဇော်ကကို၊ နှေ့ညမဆို၊ ဆင်စလိုသည်၊ ပဟိုရ်ရင့်ကျူး၊ နာရီမှူး။ ။"ကြက်"။

(၂) အသက်မသေ၊ စားရပေသည်၊ တထွေကောင်းနိုး၊ သားဟင်းမျိုး။ ။"ခွာအချင်း-ကျွဲအချင်း"။

(၃) မိုးလေချိန်သိ၊ သစ်နန်းနေသည် ပညာရှိ။ ။"တောက်တဲ့"။

(၄) ခြေနှင့်မသွား၊ လက်နှင့်သွား၊ လက်ရာမထင်၊ ခြေရာထင်။ ။"ခွေးခါးကျိုး"။

အနက်မှားပြင်ချက်

၁၁၅။ ဝိဓုရဇာတ်တွင်အံရေးအံချင်း၌"အာယာစ၊ခေါဝေါ ခြင်းတို့ကို။ စတုဝိသတိ၊ နှစ်ဆယ့်လေးပါး အပြားရှိကုန်၏ဟူ၍။မုနိန္ဒေန၊မြတ်စွာဘုရားသည်။ ပကာသိတာ၊ပြအပ်ကုန်၏။"

ဤသို့ဆိုလျှင် ၂၄-ပါးကဲ့သို့ရှိ၏။"စတု၊လေးပါး အပြားရှိကုန်သော။ အာယာစ၊ ခေါဝေါခြင်းတို့ကို။ ဝိသတိ၊ နှစ်ဆယ် အပြားရှိကုန်၏ဟူ၍။ မုနိန္ဒေနပကာသိတာ၊ ၏။ ။ဤအနက် သာသင့်သော အနက်။(မြိုင်နိဿယမှာရှု။)

အရပ် ၈-မျက်နှာ အရှင်

၁၁၆။ (၁) အရှေ့-သိကြား။
(၂) အရှေ့တောင်-ဝဟနိမည်သော မီးနတ်။
(၃) တောင်-ယမနတ်။
(၄) အနောက်တောင်ကား-နေရိတရက္ခိုသ်။
(၅) အနောက်-မိုးနတ်။
(၆) အနောက်မြောက်-မာရုတလေနတ်။
(၇) မြောက်-ကုဝေရ။
(၈) အရှေ့မြောက်- ဤသွမည်သော မဟေသရနတ်။

အရှေ့မှစ၍ ၈-မျက်နှာတို့၏ အရှင်။

လောကတွင် ဇသန်၊ အဋ္ဌ၊ နရတိ၊ ပါယပ်ဟု ဆိုအပ်ကြသည်၊ အမရကောသထွက်နှင့်ညီ၏။

**သေန်ခေါ်ပုံ**

၁၁၇။ မဟောသဓရဲပရိယာယ်တွင်“ဇူသမရောဇူသာပဿ-ပတိ၊ သိဝေါသူလိမဟောသရော”စသည်ဖြင့်ဆိုသည်၊ ဇူသာန လည်းပါ၏၊နှိပ်နှင်းတတ်သူ၊ မဟောသချစောင့်သော နေရာ အရပ်ဖြစ်၍ သေနေ်ခေါ်ကြလေသည်။

**နိရောဓသမာပတ်အချိန်ပိုင်း**

၁၁၈။ နန်းကျောင်းဆရာတော် ကျမ်းရိုးကြီးမှာ ဝိထိပိုင်း တွင် နိရောဓသမာပတ်ဝင်သည်မှာလူ့ဘုံမှာလူတို့၇-ရက်ခန့် အစာတည်ရှိနေသည်၊ နတ်တို့မှာ နတ်တို့အရေအတွက်တလ ကြာသည်၊ ရူပဗြဟ္မာတို့မှာ အလိုရှိတိုင်းပင်ကြာနိုင်သည်ဟု ဆိုသည်။ (စံကျောင်းလည်းမှာ၏။)

**တနင်္ဂနွေ**

၁၁၉။ တနင်္ဂနွေဟူသည်ကားဒိနက်ရဲ နေ့ကိုပြုတတ်သည် ဆိုလိုသည်၊ တနက်နွေဆိုသည်။

**သံဃဂုဏ် ၄-ပါး ၅-ပါး**

၁၂၀။ သုပ္ပဋိပန္နပုဒ်တွင် ရှေ့ဂုဏ် ၄-ဦးကား ပဋိပတ် ဂုဏ်၊ နောက်ဂုဏ် ၅-ဦးကား ထိုက်သည်ဂုဏ်တည်း။

**အိမ်ကျောင်းအစိပ်အပိုင်းခေါ်ပုံ**

၁၂၁။ ခြင်ဝိတ်မော်၊ အမွှန်မော်၊ လည်ဆီးမော်၊ မော် စုတန်၊ မှန်ကင်းတိုင်၊ ရင်းအဖျားစိန်ပြန်၊ မှန်ကင်းရွက်၊ တုရင်၊ တချင်တိုက်၊ ရောက်စွန်း နရား ဝေယန်ပြာသာဒ်စိန် တောင်၊ကြည်းခွေး၊ ပျားစွဲ၊ မုတ်ဖြေ၊ ခြင်ဝိတ်၊ ပန်းဆွဲ၊ချိတိုက်၊ လည်ဆီးမော်ပွင့်၊ ရင်းအနားကပ်သိကြား၊ စိန်ပုံ၊ စိန်အိုး၊

စိန်ပွင့်၊ ထောင့်ကြည်းခွေး၊ စွန်း ုး၊ မုတ်ဆိတ်၊ ထောင့်ဘုံး ဟင်းသာ၊ ငှင်းထောင့်ပိတ်ဂလုန်၊ ခေါင်တုံးကြည်းခွေး၊ ခိုနန်းထောင့်ခပြ၊ ယည်ပုံ၊ ကြက်မောက်တန်း၊ တုရင်ရှည်၊ ၄က်ပျော့သား၊ ရှိုင်စိုင်းကြီး၊ ရွှေတန်း၊ မော်တန်း၊ တော်ရနေခင်၊ စိုင်ပေါင်၊ ချိုးဗျား၊ ချိုးရန်၊ချိုးပြေ၊ သရက်ကင်း၊ ဆတ်သွားဖူး၊ လင်းနို့တောင်၊ ၄က်ဆင်ရေသောက်၊ မှုတ်ရိုးတောက်၊ ကတန် ထောက်၊ကြက်မောက်၊ပန်းဆွဲ၊ ကလပ်ခြေ၊ ဖေါင်းလုံး၊ကြာ ပြန်ကြာလန်၊အလုံးဖြစ်လျှင်ပန်းနုအုပ်၊ (စမြို့လည်းခေါ်၊) ဖေါင်းလုံးပန်းလှ၊ သလင်းကြာသလင်းတောင်ဟူ၍ရှင်း။

ခေါင်ခံ၊ ခေါင်စီး၊ ပွတ်လုံး၊ ပွတ်ခြမ်း၊ ပွတ်တိုင်၊ ကြေး စည်တိုင်ရင်း၊ တံခါးတိုင်၊ တံခါးရွက်၊ တံခါးကျည်၊ မင်းတုပ် တင်း၊ လေသွန်ပြတင်း။ ဗိလာပြတင်းကြီး၊ ပန်းနစ်၊ စမြို့၊ ကြိုးသလျှင်ချိတ်၊ ချိုခုတ်ဆိတ်၊ ဒုရင်မှတ်ဆိတ်၊ စန္ဒရသား။

**စေတီယမင်း**

၁၂၂။ အဋ္ဌနိပါတ် စေတီယဇာတ်တွင် စေတီယမင်းကို နို့တိုင်အောင် မြေသို့ဝင်၏၊ ရှင်ရသေ့လည်း မင်းမှတ်လော့ဟု ဆိုပြီး၍ "ပုတ္တာ တဿ နဘာဝန္တိ"အစရှိသော ဂါထာကို ဆို၏၊ အဓိပ္ပါယ်ကား–မင်းကြီး အကြင်သူသည် သိလျက် ချွတ်ယွင်းသောစကားကိုဆို၏၊ထိုသူအား ယောကျ်ားတို့လည်း မရှိကုန်၊ ရှိသော်အရပ်တပါးသို့ သွားလေကုန်၏ဟုဆိုသည်၊ ပါရမီတွင် "သားယောကျ်ားမျှ၊ မဖွားစပ်" စပ်သည်နှင့် လည်းညီ၏။

**ဆန်း,ဆုတ်ဖွား သိရန်**

၁၂၃။ လူတို့လက်တွင် လက်သန်းငယ်က လက်ဖျား သည် လက်သူကြွယ်မှ အထက်လက်ဆစ်လက်ရေးတွင် ညီမျှ

၍သာနေအံ့၊ လပြည့်နေ့, ၎င်းအနီးအပါး အဆန်းအဆုတ် ဖွားဘည်း။

လက်သူကြွယ်၏ အထက်အဆစ်ရေးမှ အောက်သို့လျော့ ၍သာနေအံ့၊ လဆုတ်ဖွားဘည်း။

သာလွန်ကဲမိုးအံ့၊လဆန်းဖွားတည်း၊(မှန်သည်များစွာ)။

[အသိနက်အံ့ဥစ္စာရှိ၏၊ ပိမ္ပိသာရမင်းသိသည်ကိုထောက်။]

**ကတိုးနို့**

၁၂၄။ ကတိုးသို, ကြောင်နို့သာသို တို့သည် သုံး၍မ လျော်လေကောင်းသော်လည်း ဂန္ဓဂုဏ် ကောင်းမြတ်သည်ကို စွဲ၍ မင်း မိဖုရားတို့၏နဖူး, ပါးပြင်,ဆံပင်တို့၌ တင်ကုန်လူး ကုန်၏။

**လက်နက်မဲ့သုံ့-မသတ်ကောင်း**

၁၂၅။ စစ်မြေပြင်တွင် လက်ရဖမ်းမိသောသူ၏ လက် တွင် လက်နက်မပါရှိအံ့၊ တဖက်စစ်သူကြီးက မသတ်ကောင်း ချေ၊ ရာမမင်းလည်း ဂုမ္ဘိကဏ္ဏသား နိဂုမ္ဘကိုဖမ်းမိသည်၊ မသတ်၊ အသက်လွှတ်သည်။

**ပျားပန်းခပ်**

၁၂၆။ "ပန်း၏အရသာကို ခပ်သော ပိတုန်းကို ပန်း ကုန်းသဖွယ်ဆင်သော ရာမမင်း"ဆိုသည်ကို ထောက်သော် ပိတုန်းသည် ၄က်မြတ်၊ ခပ်သည်ဆိုသည်ကား သောက်သည်၊ ပျားပန်းခပ်သည်ဟူ၍လည်း ဆိုကြ၏။

**ဒသာဂီရိဖွားနိမိတ်**

၁၂၇။ ဒသာဂီရိ ဖွားသောကာလ သွေးအတိ မိုးရွာ သည်၊ ပြင်းထန်သောလေကြီး ကျသည်ဟုဆိုသည်၊ ထိုမှ

တပါး တိတ်နိမိတ်များစွာ မကောင်းသဖြင့်ပြသည်ဆိုသည်၊ ဒသာဂီရိသည် ဘီလသီတင်းဆောက်တည်သောသူကို ညှဉ်းပန်းနှိပ်စက်သည်၊ မီးဟုန်းပူဇော်သောသူတို့ကို ဖျက်သည်၊ မြစ်ငယ် ချောင်းငယ်တို့တွင် ရေကိုလည်း လူတို့မသောက်ရအောင် ရေကိုနှောက်သည်၊ ချောင်းတို့ကိုဖျက်၍ တောင်ကမ်းတို့ကို နှုတ်ယူပြီးလျှင် အထက်ကနေသည့်အရာတို့ကို အောက်ကလှန်ပြန်၍ထားသည်။

အသချေ်ဂဏန်း

၁၂၈။ ကဘာယုဂ်, တေတြာယုဂ်, ဒွါပရယုဂ်, ကလိယုဂ် ၄-ပါးဖြင့် အစတစ်တလုံး, သုညတရာ့လေးဆယ်ကို အသချေ်ဖြစ်၏ဟု ရာဇဝင်သစ်ဆို။

ပဟောဠိအဖြေ

၁၂၉။ ပန်းပျောက်ဝတ်လုံ၊ ကိုယ်လုံးခြုံ၊ ပုံတောင်သမား၊ ခြေနှင့်ကုတ်၍၊နှုတ်ဖြင့်စား၊အများသတ္တဝါ၊ဖေါ်ကြပါ၊ "သစ်တောက်ငှက်"။

မြစ်ငယ် ၅-စင်း

၁၃၀။ မြစ်၅-စင်းကား ဧရာဝတီ, ဆင်ခေါင်,၅-ခရိုင်, ပန်းလောင်,စမုံ(၅)။ (မြစ်ငယ်၅-စင်းတည်း)။

တောင် ၅-လုံး

၁၃၁။ တောင်၅-လုံးကား—သံတော်ပြွက်, ဘောဦး, ငတုတ်ခဲ, သမုဒ်, မင်းဝံ၊ (တောင်၅-လုံးတည်း)။

ရေ,လေ,သမိုင်း ခရိုင်များ

၁၃၂။ ၄-ခရိုင်ရေ၊ ၅-ခရိုင်မြေ၊ ၉-ခရိုင် သမိုင်း။

အလှူ ၃-ပါး

၁၃၃။ ဩဇာ၊ ပါဏ၊ ဇီဝိတ (အလှူ ၃-ပါး။)

အဝမြို့အတွင်း ဘုရား၉-ဆူ

၁၃၄။ အဝတွင် အတွင်း၉-ဆူကား—ရင်းရဲ, မုဋ္ဌော, ဆုတောင်းပြည့်, စံကျော်, တံ့ကျစ်, မဟာဇိန်, သင်းချော, အုန်းပေါက်,ကူဖြူ။ (အတွင်း ၉-ဆူတည်း။)

အဝမြို့အပြင်ဘုရား၉-ဆူ

၁၃၅။ အဝတွင် ပြင် ၉-ဆူကား ဖုရားလှ, ဖုရားကြီး, မြင်ထင်, မြင်တော်, မြင်မိ, လောကနာထ, အဘယဂီရိ, လုံးတော်ပေါက်,ကူဖြူ,(ပြင် ၉-ဆူတည်း။)

အတွင်းမုဋ္ဌော ၉—ဆူ

၁၃၆။ မြို့ထောင့်မုဋ္ဌော,မြို့ပေါ်မုဋ္ဌော, ကန့်ကျစ်မုဋ္ဌော, ပုခန်းမုဋ္ဌော, အုံးပေါက်မုဋ္ဌော,သက်တော်ရမုဋ္ဌော, ရင်းရဲမုဋ္ဌော, ထီးလှိုင်မုဋ္ဌော, ကူဖြူမုဋ္ဌော, (အတွင်း ၉-ဆူတည်း။)

အပြင်မုဋ္ဌော ၉- ဆူ

၁၃၇။ ပေါက်တောမုဋ္ဌော, ကြက်ရက်မုဋ္ဌော, ပုပ္ပါရုံမုဋ္ဌော, မြင်ထင်မုဋ္ဌော, လောကနာထမုဋ္ဌော, လုံးတော်ပေါက်မုဋ္ဌော, နဂါးကျစ်မုဋ္ဌော* (ပြင် ၉-ဆူတည်း။)

ရွှေစည်းခုံတည်ရာ

၁၃၈။ အင်းဝရွှေစည်းခုံတည်ရာကား အုတ်နွဲ့အင်း။

---

* ပြင်မုဋ္ဌော၂-ဆူ ပေဒ္ဓကျန်နေသည်။

ယခုဝက်ချေးအင်း ဟူသည်ကား— ကျောက်မော်အင်း တည်း။

ကုတော်သစ်အရာကား— ကျည်းအင်းတည်း။

ပူအင်းမှုကား— ကုတောသစ်ခွင်တည်း။

ပေါ်ရပ်ကား— တောင်ဘီလူးအရပ်တည်း။

ကြက်ရက်အရပ်, ကုတောသစ်အရပ်, နန်းမြို့အရပ်, ဒါန်တောအရပ်၊ ၅-ပါးတည်း။

ရတု ၆-ပါး

၁၃၉။ ဝဿ, သဒရ, ဟေမန္တ, သိသိရ, ဂိမှ, နိတာလ ရတု ၆-ပါး။

ဂုဏ်၅-ပါး

၁၄၀။ (၁) သန္ဓိဂုဏ်ကား— သူ့ကိုအစေ့အစပ်အပေး အကမ်း အသိမ်းအမြန်းဖြင့် လက်နက်ဖြစ် စေသောဂုဏ်။

(၂) ဝိဂြဟဂုဏ်ကား— လက်ရုံး အရည်ကောင်း သောကြောင့် လူ၏ အစေ့အစပ် အသိမ်း အမြန်းကို မခံပဲ သူ၏သန္ဓိဂုဏ်ကို ကျေးဇူး ပြုသည်။

(၃) ယာနဂုဏ်ကား—စစ်အင်္ဂါ ၄-ပါးနှင့်ရန်သူ့ ပြည်သို့သွားခြင်းသည် ယာနဂုဏ်မည်၏။

(၄) ဌိဓဂုဏ်ကား— သူ့မြို့ကို ရန်စစ်ထိုးခြင်းသည် ဌိဓဂုဏ်မည်၏။

(၅) သံသြရဂုဏ်ကား– အရပ်အနေ မသင့်သော ကြောင့် မင်းတပါးကိုမှီကပ်ခြင်းသည်သံသြရ ဂုဏ်မည်၏။ (ဂုဏ်၅–ပါးတည်း။)

**သူတော်ကောင်းတရား ၇-ပါး**

၁၄၁။ သဒ္ဓါ,သတိ,ဟိရိ,ဩတ္တပ္ပ, သုတ, ဝီရိယ, ပညာ "သူတော်တရား ၇–ပါး"(သူတော်ဥစ္စာ ၇–ပါးတွင် စာဂ နှင့် သီလကိုနုတ်သည်။ သတိနှင့်ဝီရိယကိုလောင်းသည်။)

**သမုဒြာလှိုင်း၃-ပါး**

၁၄၂။ မဟိန္ဒ လှိုင်း၊ ဂင်္ဂါလှိုင်း၊ ရောဖါဏလှိုင်း(သမုဒြာ လှိုင်း ၃–ပါး။)

**ရေချညောင်ရမ်းဖွားနေ့စွဲ**

၁၄၃။ ၁၁၇၄-ခု သီတင်းကျွတ်လပြည့်ကျော် ၇-ရက် ၃-နေ့ မြေးတော်အိမ်ရှေ့မင်းမှာ သားတော်ဖွားမြင်သည်၊ (ရေချညောင်ရမ်းတည်း။)

**ကျမ်းအဆိုခြားနားချက်**

၁၄၄။ သုတ္တနိပါတ်နှင့် အဋ္ဌသာလိနီ ၂-ကျမ်းတို့သည် ဘုရားလောင်းတို့မဖြစ်သည့် ၁၈-ဌာန ခွဲဝေခြင်းမတူကြ။

**ဘုန်းကြီးပျံ**

၁၄၅။ ဘုန်းကြီးပျံဟိုခြင်းသည် ရှေးအခါရဟန္တာ ၂-ပါး အလောင်းသေသည့် အကောင် ပျံသည်ကိုစွဲ၍ ရဟန်းတို့ သေလျှင် သေသည်မဆို၊ ပျံသည်ဟူ၍ဆိုကြလေသည်။

## နတ်အဝွမ်းမြင့်ပြောရခြင်း

၁၄၆။ ဝေဿန္တရာဇာတ်မှာ စေခိုင်းသည့်အမတ်ဝက်ပါကို မကြားဘူးသျက်၊ နတ်တို့ကြောင့် ဆိုရသည်။ဘုရားလောင်းနိမိတ်လေးပါးမြင်သောခါ ရထားထိန်းကို နတ်တို့သင်၍ ရဟန်းကျေးဇူးကိုဆိုရသည်။ ယခုလည်း နတ်တို့သင်သည် ရှိတန်ရာ၏။

## ဇဝါရေးရိ-းကြိုး ၁၀-မည်

၁၀၇။ ခရုပုဒက်၊ဘယက်မှော်ပတ်၊ ပေတံတွင်း၊လုပ်ခြင်း မှော်သီး၊ မျှော့ဝမ်းကြီးက၊ နည်းမိုးမထိမ်၊ နဂါးလိမ်ခေါ်ရ၊ ရာမလက်ညှိုး၊ တမှာ် းနှင့်၊ နန်းပြောက်ကြိုးဟူ၊ ဆယ်ဆူ နာမ၊ ဝေါဟာရဖြင့်၊ ဒသဘေဒါ၊ ကြိုးဆယ်ဖြာတည်း။

ခရုပုဒက်ကြိုး, ဘယက်ကြိုး, မှော်ပတ်, ပေတံတွင်း, မှော်သီး,မျှော့ဝမ်းကြီး,နဂါးလိမ်, ရာမလက်ညှိုး, တမှတ်ကြိုးဆွဲ,နန်းပြောက်ကြိုး။ (ဇဝါရေး းကြိုးဆယ်မည်။)

## ရှေးဝေါဟာရများ

၁၄၈။ ကျည်းကွေးခွေကိုပင် ပုစွန်ထုပ်ခေါ်ပြန်သည်။ ။ ဥရှင်လက် သားချီတော် ရနောင်မှော်တန်း စိန်သရက်ကင်း ထောင့်ကြာ ခြူးသဇင်ခွေ ခြင်ဝိတ် ကြာပန်းဆွဲ ဒုရင်လိုက် ဒုရင်တိုက် အခြေ ချီရန် ခြူးနှင့်သဇင်ခွေအဟူတူ၊ ဒုရင် မှဘ်းိတ်ခြိ ့တ်ခဲတ်။

ဘုရားမှာကြ ထောင်သည်ကို ကြာနုကြာရင့် ခေါ်သည်။ မင်းခမ်းကွမ်း ခုပ်များမှာ သလင်းထောင်ခေါ်သည်။

သလွန်မှာ ကြာထောင်သည်ကိုသလင်းထောင်ခေါ်သည်။

"သလင်းထောင်စိပ်၊ ရွှေအိမ်အိပ်သား" ဟုသလွန်တွင် ရှိသည်ကို စပ်သည်။

လင်ပန်းနားမှာ ဏကြီးပုံအကြီးနှစ်ခု၏အကြား ကြာသေး ချပ်လျက် စိပ်သည်ကိုသလင်းစိပ်၊သလင်းထောင်ပြည့်လင်ပန်း ခေါ်သည်။

စမုတ်မှာအောက်ဆွဲဘုံကို ယပ်ရှိခေါ်သည်။

**စိန္တကျော်သူပြန်ရောက်နေ့**

၁၄၉။ ၁၁၉၅-ခု ဝါဆို လပြည့်ကျော် ၁-ရက်နေ့ ဘက်လားက စိန္တကျော်သူတို့ပြန်လာကူးခဲ့သည်။ ရန်ကုန်သို့ ဝါဆိုလပြည့်ကျော် ၁-ရက် တနင်းလာနေ့ ဆိုက်ရောက် ကြသည်။မဟူရာဘုရားဆင်းတုလည်းပါ၏။

**ဆရာတော်များဖွားသက္ကရာဇ်**

၁၅၀။ ၁၀၀၆-ခု တောင်တွင်းဆရာတော်ဖွားသည်။

၁၀၇၅-ခု မင်းရွာဆရာတော်, လက်ဝဲနော်ရထာတို့ဖွား သည်။

၁၀၀၀-ခု တရားသူကြီးလက်ဝဲသုန္ဒရ,မင်းဘူးဆရာတော် ရှင်ကလျာဏသာရတို့ဖွားသည်။

**တောင်တွင်းဆရာတော်ပျံလွန်နေ့**

၁၅၁။ တောင်တွင်း ဆရာတော် ၃၇-နှစ် အလွန် ၃၀-နှစ်သို့အဝင် နောင်တော်မင်းတရား စက်တော်ရာသို့ စုန်ခါနီးတွင် ပျံတော်မူသည်။ ၇-ရက်ထား၍ သင်္ဂြိုဟ်သည်။

**ပဟေဠိကဗျာ**

၁၅၂။ သူရဋ္ဌသောကြာ။ ဗုဓစန္ဒရော၊သောနှင့်ဂရု၊ဘောမ စု၍ လောကီမှုဆိုရာ၊ မှတ်စုစာများနှင့်၊ ဆီလျော်ကာတွဲရှင်၊

ဖြိုဟ်နတ်မင်းယဉ်နှင့်လည်း၊စိစဉ်၍ယူ့ကာ၊ ဆိုင်ရာ့နှာက် ၍၊ ကြိအောက်မေ့လေ၊ ဉာဏ်မပေစေလင့်၊ ငြိုးစေနိုင်မျှ၊ မုသိ ကဟု၊ ကြွက်လှ သမုတ်၊ စတုဋ္ဌကျွရာမှု၊ ဂဠုန်မှာယူချ၊ သဋ္ဌမ၊သရကိုရေး၊ တံခွန်ပေးလော့၊ မြေဝေးတောနက်၊ ကျား နံ့ရက်တွင်၊ ပဋ္ဌမကျွရ၊ ကေိုထင်ထင်၊ တချောင်းငင်မှ၊ထို့ပြင် ဗျဉ္ဇ၊ တတိယကို၊ ဗီသအောင်ရေး၊ ခကွေးပြောင်းပြန်၊ ထက် အောက် လှန်၍၊ တံခွန်လွှားချင်၊ ငင်တချောင်းဆွဲ၊ ရာသီပွဲမှာ၊ ခဝဲသွေ့သွေ့၊ သမင်ရှေ့က၊ ပျော်မွေ့သည် ယုန်မင်း၊ ရွှေသင်း တောပျံ၊ ဦးမည်ကြံ၍၊ လိုက်လံအံ့ဆဲဆဲ၊ ပွင့်ရွှေခဲတည့်၊ ခဝဲ လည်း မဆိုလို၊ ခွါသြိုလည်းမခေါ်သင့်၊ ပန်းပင်ဆင့်ကို၊ မြင့်အံ့ သည်၊ သုံးပါးသူကို၊ မတူတန်သင့်၊ ငါးရှေ့နှင့်လွှင့်ကို၊ ပွင့်လှ သည် သဒ္ဒါ၊ စေတနာနှင့်၊ တင်ပါလေမောင်၊ ရည်စူးဆောင် သည်။ ။နောင်သံသရာ ကောင်းကျိုးတည်း။

**ပဟေဠိအဖြေ**

၁၅၃။ ရွှေသားနီမြန်း၊ ရဟန်းနှင့်ဆင်၊ မာတင် ပေါက် ကြီး၊ တည်တစီးတည့်၊ တသီးစပ်ထုပ်၊ တရုပ်မြင်းက၊ ကျေး သူဝသို။ ။"ပေါက်ပွင့်ကိုယ်"။

**ရှင်ဘုရင်စော်နံ-ဆိုသူ**

၁၅၄။ စည့်ကိုင်မှာ အလောင်းမင်းတရားကို "ရှင်ဘုရင် စော်နံလောက်ပေ၏"ဆိုသူ အရှေ့ဝင်းမှူး ဘော့ပ်ကဆိုသည်။

**ကျောင်းဦးလှည့်ကျောက်စာပြောင်း**

၁၅၅။ စစ်ကိုင်းကျောင်းရေးက အနောက်သို့ ကျောင်းဦး လှည့်သည်၊ ကျောက်စာလည်း အနောက် တောင်က ရှိသည်၊

ခင်ကြီးပုညာ လက်ထက်တွင် ကျောင်းဦးအရှေ့သို့ လှည့်သည့် ကျောက်စာကိုလည်း အရှေ့မြောက်သို့ပြောင်းသည်။

## ဦးတလုံး တပညာ

၁၅၆။ "ဦးခေါင်းတလုံးတပညာ" ဆိုသည်ကိုဘောက်စရောက် ဝတ္ထု၌ "ဦးတလုံးတပညာ"ဟု ဥမာဘောက်တာပညာ ဟိသူငယ်ဆိုရပါသည်။

## အိမ်ဆောက်ရာ၌

၁၅၇။ အိမ် ဆောက်ရာ၌ လည် မပြတ်စေနှင့်၊ ဝမ်း မဖေါက်စေနှင့်၊ မြေမထောက်စေနှင့်၊ ဥရုတိုင်ကသည်လက်ျာ ရစ် လှည့်၍ ရေတွက်မြဲ ထုမြဲအတိုင်း အိမ်ဦးတခန်းကိုလွှတ်၍ အရှေ့ ထောက်ရှည်၊ ဥရု၊ကြွင်းဖို၊ ကုတ်ဖီး၊ ထောက်ရှည်၊ သပြေကြွင်းမ၊ စုံပင်လယ်မှည့်ဧလေ။

စုံပင်လယ် ၁-ဂြိုဟ်၊ ထောက်ရှည် ၂-လာဂြိုဟ်၊ ဥရု ၃-ဂြိုဟ်၊ ကြွင်းဖို-၄၊ ကုတ်ဖီးစနေ၊ ထောက်ရှည်-၅၊ သပြေ ရာဟု ကြွင်းမ-၇။

"အလယ်ထောက်ကိတ်ဂြိုဟ် မြေမထောက်စေနှင့်"ဆိုသည် ကား ကိတ်ဂြိုဟ်တိုင်ကိုဆိုသည်၊ ထုပ်လျှောက်များမှာ ဝါးနှင့် သစ်ကိုမဆက်လင့်၊ အင်ကြင်းနှင့်ကျွန်းကိုမဆက်နှင့်၊ ဇာတ်မျိုးတူမှဆက်ရမည်ဆိုသည်။

## အိပ်မက်ကောင်း-မကောင်းပုံပြင်နည်း

၁၅၈။ အကြင်သူ၌ သဘာသဘာ နှစ်ပါးသော အိပ်မက် တွင် တပါးပါးထင်အံ့၊ ဘတ်တတ်သောသူထံ မဖတ်ရသေး ဖြစ်အံ့၊ ဆီးပင်သို့သွား၍ တလင်း လှည်းပြီးလျှင် ဆန်ပန်း

ပူဇော်၍“အချင်းသီးပင်…အကျွန်ုပ် အိပ်မက်ကိုစောင့်ပါ” ဟုအပ်၍ ယံဒုန္ဒိမိတ္တံစသော သုံးဂါထာကို သုံးခေါက်ရွတ်ခဲ့ရမည်၊ ကောင်းသည့်အိပ်မက်ဖြစ်လျှင် အကျွန်ုပ်ထံအပ်ပါဦး၊ မကောင်းသောအိပ်မက်ဖြစ်လျှင် အကျွန်ုပ်ကိုမပေးပါနှင့် တော့ဆိုခဲ့ရမည်။

**ကျမ်းဂန်လာ အိပ်မက်များ**

၁၅၉။ ကျမ်းဂန်တွင် အိပ်မက်စုကား– မယ်တော်မာယာအိပ်မက်, ဘုရားလောင်း အဇပါလတွင် မြင်သောအိပ်မက်, ကောသလမင်းအိပ်မက်, ဓမ္မာသောကမယ်တော်ဓမ္မဒေဝီအိပ်မက်, မောဂ္ဂလိပုတ္တလာသည့်နေ့ ဓမ္မာသောကမင်းမြင်သည့်အိပ်မက်, ဂူရိဒတ်မယ်တော်, စန္ဒကုမာတွင် ကေရာမင်း, ဝိဓုရဇာတ်တွင်ကောရဗ္ဗမင်း, ဝေဿန္တရာတွင် မဒ္ဒီမိဖုရားနှင့် သိဥ္စည်းမင်းတို့မြင်သည်၊ မဟော်တွင် ဝိဒေဒဟရာဇ်မင်းမြင်သည်။

**ပြာသိုလ စသည်အကြောင်း**

၁၆၀၊ ပေါသိ-ပြာ သို။

တပါး-ပူပန်ရာဖြစ်သောလ၊ (တပို့တွဲတည်း)။

တပဿျ-ပူပန်ခြင်း ကောင်းသောလ၊ (တပေါင်းလတည်း)၊

စေတြကော-တန်ခူးလ' (ငစစ်ချောက် သည်)။

**ထီးတိုင်ခိုင်မခိုင် စမ်းနည်း**

၁၆၁၊ ဘုရားထီးတိုင် ဝယ်မည် လျှင် ထီးသံတိုင်ကို မြေမညီကုန်းကနေ၍ ချိုင့်နိမ့်ရာသို့ လှည်းလိုက်မည်၊

ဆက်ရာအစပ်အဖေါ် မနိုင်မမာရာတွင်ကျိုးလိမ့်မည်၊ သည်အခါ မနိုင်ကြောင်းကို အတပ်သိသွားသည်၊ အတပ်မသိဘဲ နှင့်တင်လျှင် လေပြင်းတိုက်က ၎င်းဆက်ရာက ကျိုးလွယ်လိမ့်မည်၊(ထီးတိုင်စမ်းနည်း)။

## ကြက်သရေရှိ နတ်သမီး ၈-ဦး

၁၆၂။ ဝိရလက္ခဏမီ, ဝိဇေယလက္ခဏမီ, ဇနလက္ခဏမီ, ဒါနိယလက္ခဏမီ, ထိတလက္ခဏမီ, ပုတ္တရလက္ခဏမီ, ပုရလက္ခဏမီ, မရိပဒိယလက္ခဏမီ-တည်းဟူသော ကြက်သရေရှိသော နတ်သမီး ၈-(ရာမဝတ္ထု)။

## ပန်းပူဇော်နည်း

၁၆၃။ နမတ္ထု တေ ပလိရာဇာ၊ ဗုဒ္ဓသူရောနမတ္ထုတေ။
သမ္ပတ္တိစ မဟာလာဘံ၊ သမိဇ္ဈန မမိဇ္ဈတော။

ပန်းအမည်လွှဲ အမည်ကွဲ ခြောက်မည်ကို ၎င်းဂါထာဖြင့် တတ်အားသမျှမန်း၍ ဉာဏ်ကကံ့ကော်မည်သော ဘုရားကို ပူဇော်၊တတ်နိုင်သမျှရွတ်လိုသည်အတိုင်း ရေရွတ်၍ဆုတောင်း၊ အကြောင်းနှင့်လျော်စွာ မြင်မက်၏။

## စင်္ကြီသုတ်အဖွင့်

၁၆၄။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာတွင် စင်္ကြီသုတ်အဖွင့် "အတ္တနော ဝဏ္ဏော ဝုစ္စမာနေ အတုဿကသတ္တော နာမ နတ္ထိ"။ ဓေကာ်ချပ်စင်္ကြီသုတ်အဖွင့်တွင်ပင် ပါရမီမှာစပ်သည်၊

"သူကန်းပေါ်ငတွင်၊ သူယောင်ငရူး၊ ၍ယ်မြူးစလို" စပ်သည့် ဝတ္ထုပါသည်။

**ဘုရားလောင်းစောင့်နတ်-ကိုယ်ထင်မပြ**

၁၆၅။ ဘုရားလောင်းကို ဖွားသောကာလ စတုမဟာရာဇ်နတ်တို့ ဘုရားလောင်းမယ်တော် စောင့်သောအခါ ရေချိုးခြင်း, တန်ဆာဆင်ခြင်း, ထမင်းစားခြင်း, ကိုယ်လက်သုတ်သင်ခြင်းအခါမပြကုန်။

**ဝိပဿီမယ်တော်**

၁၆၆။ ဝိပဿီမယ်တော် ဘုရားလောင်း ပဋိသန္ဓေမယူမီ သူတပါးတို့ထံ ဆောင့်ကြောင့်ထိုင်၍ သီလယူ၏၊ သန္ဓေယူသောအခါ ရှေးသီလကိုဆင်ခြင်ကာမျှသာတည်း။

**ပဟေဠိ ကိလိဋ္ဌဒေါသမရောက်**

၁၆၇။ ''သွန်းသွန်းခက်ထံ၊ဖြူးဖြူးပျံမျှ၊ပြုံစံလွှလွှ၊မဥ္စူသမှူ၊ မြေမှအာကာ၊ မြင့်စွာရှိုးရှိုး၊ တောင်သုံးလုံးထက်၊ ထွတ်ထိုးတဖန်၊ မိုးစွန်ရှိလောက်၊ တောင်ကြီးပေါက်၍၊နောက်လည်းဗွမ်းစွာ၊ဘွဲ့လက်ျာ၌၊ ထွေလာထူးဆန်း၊ လှည့်ဝန်းခုံထွေး၊ ဟာစ်ကျွေးသံဆင့်၊ ခုံ၍ပွင့်သား၊ နီရင့်ချပ်ခွဲ၊ ဝတ်ဆံဖြူစင်၊ ပန်းများရှင်ကို၊ ဇီရင်တတ်မှူ၊ ထံပြင်စုမှ''။ ။ဟူ၍ပေါက်ပေါက်ကိုကျက်၍ဆိုခြင်းသည် ပဟေဠိနည်း ဖြစ်သောကြောင့် ကိလိဋ္ဌပရိဟာရဖြစ်သည်။

**ကျွတ်ဆုတောင်းယောကျ်ား**

၁၆၈။ ပါရာယနဝဂ္ဂ၊ ခုဒ္ဒကာဝဂ္ဂရာအပိုင်းတွင်၊ ဗာဝရီအမည်သော ရဟန္တာ သော်ကား အဖြစ် ရှည်လျားစွာ ယောကျ်ားပင်ဖြစ်၍ ကျွတ်ဆုတောင်းဘူးလျက် ကျွတ်ခါနီးခုနစ်ဖြစ်၍ ဘိမ်ရာပြစ်မှားသော အပြစ်အလျောက် ငရဲလားလေ၍မှ၊ တိရစ္ဆာန်အဖြစ်, လူအဖြစ်ဖြင့် ၅၅၆-ဖြစ်

ဆင်းရဲဒုက္ခခံရလျက် အဆုံးစွန် ကျွတ်ခါသော်လည်း မိန်းမ အဖြစ်ဖြင့် ကျွတ်၍ ပါဠိလိပုတ်ပြည်တွင် ဝိသိဒါသီ ရဟန္တာမဟုတွင်၏။ ဤကဲ့သို့ ကျွတ်ဆဲတောင်းလျက် ကျွတ် ပါသော်လည်း ယောကျ်ားအဖြစ်ဖြင့် ကျွတ်ဆုတောင်း၍ ယောကျ်ားအဖြစ်ဖြင့် မကျွတ်ရ၊မိန်းမဖြစ်၍ ဖေါက်လဲလျက် ကျွတ်ရသည်ဟုပါ၏။

**သံဝရပျို့ပြင်ဆင်ချက်**

၁၆၉။ သံဝရတွင်၊“ရဝိစန္ဒ၊ထွန်းဒီပနှင့်၊ ဓမ္မတရား”ဟု ရှိသင့်သည်။ ပညာရှိတို့ဆိုကြကုန်၏၊စာတွင်မူကား “ထွန်းနေ လနှင့်”ဟုရှိ၏၊ အချို့ဆရာက “အဂ္ဂိခန္ဓ၊ ထွန်းနေလနှင့်” ဟုရှိရမည်ဆို၏၊ အဂ္ဂိခန္ဓရှိလျှင် ကျမ်းနှင့်ညီသည်ဟူ၏။

**ရွှေဆိုင်းတရာ-ရွှေ ၉ ကျပ်မတ်တင်း**

၁၇၀။ ရွှေချိန် ၉-ကျပ်မတ်တင်းသော် ရွှေဆိုင်းတရာရ၏၊ စံကျောင်းတော်မှာ၊အလုံးစုံမပြီးသေး၊ရွှေချိန်ပိဿာနှစ်ဆယ် နှင့် ကျပ် ၃၀-ကုန်ပြီ၊ ၁၁၉၀-ပြည့် တပေါင်းလဆန်း ၁၃-ရက် စနေနေ့ သာဓုခေါ်သည်၊ လူပေါင်း ၁၄၀-လှူတ် သည်။

**လက်ဖျားအနာကုဆေး**

၁၇၁။ လက်ဖျားတွင်အပူမှုတ်၍ အနာဖြစ်သော် သစ်ကြံ ပိုးခေါက်, တောက်ရပ်ခေါက် ဒုတ္ထာနှင့်ကြိတ်၍ ဖြူးရသည်။

**ကင်းကိုက်နာဆေး**

၁၇၂။ ကင်းကိုက်သော် ပြည်ပန်းညိုရွက်ကို ချေ၍ပွတ်၊ ကင်းမြီးကောက်ကိုက်သော် ဆင်ခရမ်းရွက်ကိုချေ၍ပွတ်။

ပုဂံမြို့တံခါး

၁၇၃။ ပုဂံမြို့မှာ တံခါး ၁၂-တံခါးရှိသည်ဟူ၏။

အသက်ကြီးနှင့်စိတ်ပုတီး

၁၇၄။ ပုတီးကိုင်ရှစ်ဆယ်ကျော်၊မညီးနိုင်ချစ်ဘွယ်နော်။

အာဒိသကော်တ

၁၇၅။ က,ကျေးကိန္နရာ၊ ညှစ်, ပြဲဝ်ရွှေပဝါ၊ ပေး,ယူ၏ သူတော်စွာ၊ ပ,သခနကျနတ်ကွန်းမှာ။ (အာဒိသကော်တ *)။

၁၇၆။ ပွတ်၊ပဲ၊တိမ်၊ရန်၊မော၊ ယွန်း၊တော၊ချီ၊တည်း၊ပု၊ ပန်း၊ ါးဆယ်ပါးစု။

လက်ျာလက်ဝဲဂြိုဟ်

၁၇၇။ အောင်,ထွန်း,ရာ,ဇာ၊ ဂြိုဟ်လက်ျာ၊ ကေ,လာ, ပြာ,သာဒ်၊ လက်ဝဲမှတ် †။

တရုပ်မြန်မာ ငွမ်းအရောင်းအဝယ်

၁၇၈။ မြန်မာ့တိုင်းပြည်က တရုပ်တိုင်းပြည်သို့ ငွမ်း လှေတက်သံလေသည်ကား-တနှစ်တနှစ်၌ ၂၅၀၀- ခန့်ရှိ သည်၊ လှေတစင်းသော် ငွမ်းချိန် ၂- သောင်းကြသည်၊

* အာဒိသကော်တအရ အစအက္ခရာများကို ကောက်နှုတ် လျှင်''ကညစ်ပေးပ''ဟု ကညစ်တောင်းပခဟင္ခကဗျာ ဖြစ်ဟန်ရှိသည်။

† နေ့သင့်နံသင့်ယူလျှင် အောင်, ထွန်း, ရာ, ဇာ, အရ တနင်္ဂနွေ,စနေ,ရာဟု,အင်္ဂါဟူသောလက်ျာ ၄-လုံး၊ ကေ,လာ,ပြာ,သာဒ်အရ တနင်္လာ,ဗုဒ္ဓဟူး, ကြာသ ပတေး,သောကြာဟူသောလက်ဝဲဂြိုဟ် ၄-လုံးဖြစ်သည် ဟုယူလိုဟန်ရှိသည်၊

ငွမ်းပေါင်း ၅-သန်းခန့်အတွက်ကျသည်၊ ဒေဝန်းတိုက်က ဆိုသည်မှာ လှေ ၂၀၀-မျှသောဒေဝန်းကို သွင်းနိုင်ပေတော့ မည်လောဆိုကြသည်။

**သံတောင်ဝေါဟာရ**

၁၇၉။ မင်းတာသည် သံတောင် ဆိုသည်ကား–ပကတိ သံကိုပင် တတောင်အမှန်အကန်လုပ်၍ ထားသည်ဖြစ်၍ သံ တောင်ဝေါလေသည်ဟူ၏။

**၁၂-လစဉ်နှင့်ရက်စုံလ**

၁၈၀။ တွဲး၊ပေါင်း၊ခူး၊ဆုန်၊ယုန် ၊ဆို၊ခေါင်၊လင်း၊တင်း၊ ဆောင်၊နတ်၊ပြာ၊ဆဲ့နှစ်ခါ။

၁၈၁။ တ၊ က၊ ဝါ၊တော်၊တံ၊ပြာ၊ရက်စုံခြောက်လသာ။

**သံဝရပျှိပြင်ချက်**

၁၈၂။ သံဝရပျို၊"ပြည်ထဲပြည်လာ"ချိုပိုက်၌ "ထိုမှ လွှေ့မွှေ၊ ကြေ့လည်းဝဆွဲ"ဟု ရှိလိုသည်၊ ယခုစာများတွင် ကား-"လိုမှရွှေငွေ၊ကြေွလည်းဝဆွဲ"ဟုရှိသည်၊ရွှေမှာဟ, ရ မပါ၊ဟ, ရမလို–ဆိုသည်နှင့် မညီဖြစ်သည်၊ ရွှေသတည်း၊ မွှေသတည်း၊ ကြွေ့သတည်း၊ချအံ့၊ ဟ,ရပါသည်မသင့်သေး ဆိုလိုသည်။

**ရဟုန်းနွယ်**

၁၈၃။ ကျောက်ဖြူကြီးများကို စကျဉ်းတောင်ကချသော အခါ တုပ်ရဲ့ဆိုင်းရသည့်နွယ်ကား ရဟုန်းနွယ်တည်း၊ငါး များလည်းအလွန်သေသည်။

**ဘူးတောင်းဘူးတို့**

၁၈၄။ ဘူးတောင်းဆိုသည်မှာ ဘူးတို့ဆိုလိုသည်။

**ပရိတ်ရွတ်ဆွမ်းစဉ်ပင့်**

၁၀၅။ ၄-ရက်နေ့ပရိတ်ရွတ်၊ ၀-ရက်နေ့ ဆွမ်းစဉ်ကြွတော်မူပါ။

**အမြီးနှင့်ခေါင်**

၁၀၆။ မြင်းမြီးကို ခေါင်ဆိုသည်၊ ခေါင်-ဘင်ဝသို့ဝင်သည်ကို လင်းတလိုက်ခေါ်သည်၊ ကြက်မှာလည်း အမြီးကို ခေါင်ခေါ်၏၊ ခေါင်သို့ညွတ်လျက်၊ ခေါင်သို့ ကောက်လျက် စပ်သည်မှာလည်း တော်ရာယူသင့်၏။

**မိဘဝတ်ဖြည့်ကျင့်နတ်ပြည်ရောက်**

၁၀၇။ ဓမ္မဥ္စရေ မဟာရာဇ၊ မာတာပိတုသု ခတ္တိယ၊
ဣဓဓမ္မံ စရိတွာန၊ ရာဇာ သဂ္ဂံ ဂမိဿတိ။

**လောကဒီပနီကျမ်း**

၁၀၈။ လောကဒီပနိ၌ စိတြနှစ်၊ ဝိသာခါနှစ် အစရှိသော တဆယ့်နှစ်ပါးသောနှစ်တို့၏အမည်ကိုဖော်ချပါသည်၊ လောကဒီပနိတွင် ယာစာမိမာသ်ဟုပါ၏။

**နိုင်သောအရာဝတ္ထုများ**

၁၀၉။ အရက်ကို ကျောက်မြစ် ဆားတို့နိုင်သည်။
သွေးကိုဆီးဖြူသီးနိုင်သည်။
မျက်စိကို ရှားစောင်းစီး, မင်သော်, ကင့်ကုဆိမှုန့်နိုင်သည်။
ဆီပူကို မုရားသိမ်ရွက်နိုင်သည်။
တောက်တဲ့ကို ခဆားချေးနိုင်သည်။
ခြကို ရေနံနိုင်သည်။

မိ လောင်ကို ရေတ်သိးနိုင်သည်။
သန်းကို ပြဒါးနိုင်သည်။
ကြမ်းပိုးကို မြင်းဆီနိုင်သည်။

**အဘယမင်းသား**

၁၉၀။ ကောသမ္ဗီပြည် ပဒုမဝတီပြည်တန်ဆာမသား အဘယမင်းသား၊ (အဘယထေရဝတ္ထုတွင်။)

**ဘုရားနှင့်စကြာမင်းလက္ခဏာမထူး**

၁၉၁။ သီလက္ခန်ဋီကာ,ဝဇီရဗုဒ္ဓိဋီကာတို့တွင် စကြာမင်းနှင့်ဘုရားတို့လက္ခဏာမထူးကြောင်းကိုဆိုသည်။

**နွေပြင်း,ဆောင်းမြင်း,မိုးမြင်းအထူး**

၁၉၂။ နွေကာလ မွေးသောမြင်းသည် ရေသောက်သော် နှုတ်သီးကိုရေတွင် နှစ်၍သောက်သည်။
မိုးကာလမွေးသောမြင်းသည်,အင်တန်သာနှစ်၍ သောက်သည်။
ဆောင်းမွေးမြင်းတို့ကား တို့ကာသာသောက်သည်။

**အသကမင်းငယ်နာမည်**

၁၉၃။ စတုက္ကနိပါတ် နန္ဒိသေနဇာတ်၌ အသကမင်း၏ မိဘပေးသောအမည်ကား အရုဏတည်း။ မင်းဖြစ်မှအသကမင်းတွင်သည်၊မြို့ကား ပါဋလိနဂရတည်း၊ နန္ဒိသေနလည်း ဆရာ့ထံအတတ်သင်ရ၏။

**ဒဒ္ဒရနဂါးပြည်**

၁၉၄။ ဒဒ္ဒရဇာတ်၌- ဟိမဝန္တပဒေသေ ပဗ္ဗတပါဒေ ဒဒ္ဒရနာဂဘဝနံ နာမ အတ္ထိ။

ဟိမဝန္တာ၌ ဒဒ္ဒရမည်သောနဂါးပြည်ရှိသည်။
**အရပ်တပါးနေ သည်းခံလေ**

၁၉၅။ (၁)သကာရဋ္ဌာ ပဗ္ဗဇိတော၊အညံ ဇနပဒံ ဂတော။
မဟန္တံ ကောဋ္ဌံ ကယိရာထ၊ဒုရုတ္တာနံ နိဓေတဝေ။
(၂) ယတ္ထ ပေါသံ န ဇာနန္တိ၊ဇာတိယာ ဝိနယေနဝါ။
န တတ္ထ မာနံကရိယာထ၊ ဝသမညာတကေ ဇနေ။
(၃) ဝိဒေသဝါသံဝသတော၊ဇာတဝေဒဘယေနပိ။
ခမိတ ့ သပ္ပညေ၀၊ အပိ ဒါသဿ တဇ္ဇိတံ။

(၁) ကနိဋ္ဌ၊ငါ့ညီ၊သကာရဋ္ဌာ၊မိမိနိုင်ငံမှ။ ပဗ္ဗဇိတော၊ နှင်ထုတ်အပ်သော။ အညံ၊ တပါးသော။ ဇနပဒံ၊ပြည်ရွာသို့။ ဂတော၊ သွားသောသူသည်၊ ဒုရုတ္တာနံ၊ မကောင်း ြတတ် သောသူတို့ကို။ နိဓေတဝေ၊ ထားခြင်းငှါ။ ဝါ၊ သိုမှီးခြင်းငှါ။ အန္တောဟဒယေ၊ နှလုံးတွင်း၌။ မဟန္တံ၊ ကြီးစွာသော။ ကောဋ္ဌံ၊ ခန္တီတည်းဟူသောကျီကို။ ကရိယာထ၊ ဆောက် ရာ၏။

(၂) ယတ္ထ၊ အကြင်အရပ်၌။ ပေါသံ၊ ပုဂ္ဂိုလ်ကို။ဇာတိယာဝါ၊ အမျိုးအားဖြင့်၎င်း။ ဝိနယေနဝါ၊ သီလစသည် ဖြင့်၎င်း။ နဇာနန္တိ၊ မသိကုန်။ တတ္ထ၊ ထိုအရပ်၌၊ အညာတကေ၊ မသိသော။ ဇနေ၊ လူ၌၊ ဝသံ-ဝသန္တော၊ နေသော သူသည်။ မာနံ၊ မာန်ကို။ နကရိယ ၊ထ၊ မပြုရာ။

(၃) ဇာတ ဝေဒ ဘယေနပိ၊ မီးကို ကြောက်သော ကြောင့်လည်း။ ဝိဒေသဝါသံ၊ အရပ်တပါး၌။ ဝသတော၊ နေသော။ သပ္ပညေ၀၊ ပညာရှိသည်။ ဒါသဿအပိ၊ကျွန်သည်

မှုလည်း။ တဇ္ဇတံ၊ ခြိမ်းခြောက်သည်ကို။ ခမိတဗ္ဗံ၊ သည်းခံအပ်၏။ သည်းခံရာ၏။

## မြို့ဝန်နှင့် လည်ဆွဲပန်းဆိုင်း

၁၉၆။ ဆဝကဇာတ်၌ မြို့ဝန်လည်၌ ပန်းဆိုင်းဆွဲရသည်ဟူ၏။ မင်း၏လည်ကပန်းဆိုင်းကိုပေးသည်။

"နဂရဂုတ္တိကာနံကဏ္ဌေရတ္တသုပုပ္ဖ ဒါမပိလန္ဓနဝံသော" ဟုလာသည်။

## သရက်သီးနှင့်ဒွန်းစဏ္ဍား

၁၉၇။ ဘုရားလောင်းသရက်သီးခိုးသည်ဒွန်းစဏ္ဍားအမျိုးတည်း။

## ရန်အောင်ဗလဆိုကေပိုဒ်ရတု

၁၉၈။ **သစ်သစ်မင်္ဂလာ**၊ နစ်နစ်နာလော၊ အံအာသရဲ၊ ကြိမ်တောင်းဘဲကို။ အောင်ပွဲကြီးရှင်၊ လောင်းသိုက်ဝင်၏၊ သဘင်ရေနန်း၊ဆဲ့ခြောက်ခန်းတွင်။ထန်းပဒေသာ၊ လေမလာဘဲ၊ စကြာဘောင်ဦး၊ ညွတ်လာဘူးသား၊ အထူးအတိတ်၊ ထိုနိမိတ်ကား၊ဗျာဒိတ်သိုက်တိုင်း၊ တလိုင်းသုံးရပ်၊ ညွတ်ပြတ်လျှိုးဝင်၊ပြီးအောင်မြင်အံ့၊ ဟံသာဝတီကား ထန်းနံ့၊ ကံယံပကိုး၊ထန်းသို့ကျိုးလိမ့်၊ ဝပ်လျှိုးကြလာ၊သည်သာမကာ၊တဒ္ဒါနမူ၊သာမယဇုးဋ္ဌရုလေးပါး၊မြွေနဂါးနှင့်၊ စော်ပွားကသည်း၊ ရုံလုံးလည်းလိမ့်၊ တနည်းမည်မျှ၊ နစ်သွယ်ရသား၊ သတ္တရတနာ၊ စကြာရောက်ကြောင်း၊ တက်ခေါင်းမှူဆောင်၊ ရန်အောင်ဗလ၊ ဘုရားကျွန်တော်၊ ခရေးကိုမျှော်၍။ ။သံတော်ဦးတင်ပါသည်ဘုရား—ဟူသော ကေပိုဒ်လက်ာဖြင့် ရှုံ့ချည်

ထ၍ ရှိခိုးကာလျှောက်သည်ကို အားရတော်မူ၍ ရန်အောင်ဗလကို ဆုပေးတော်မူ၏။

## ရွာပဲနှင့်ရွာပြည်

၁၉၉။ ဤအရာ၌ရွာမည်ကို အချို့သောသူတို့ ရွာပဲဟု ရေးသားကြလေသည်၊ မင်းရဲကျော်စွာ စုန်ချင်းတွင် "လက်ထုတ်ကြောဆီ၊ ရေစီးရှည်သည်၊ ကျောက်တီချည်နှင့်၊ရွာပြည်ကြိုက်ပွက်၊ ရွှေနောက်ဆက်လည်း"ဟု စပ်ထုံးရှိချေသည်။

## သုံးတန်းသား

၂၀၀။ ရှမ်းဂိုက်တမ်း၊ ကောင်းဟံတမ်း၊ သရဲတမ်း။ ။ ဤ ၃-ရပ်ကို သုံးတန်းသားဆိုသည်။

လက်ယမှာ ထောင်ဝေါသည်၊ ရှမ်းပိုက်ကလက်ယမှာ ဝင်၍ ထမ်းကြသည်။

## ကရော ၅-ပါးအစိပ္ပါယ်

၂၀၁။ အနဝတတ်ကရေသည် လက် ၅-ချောင်းကဲ့သို့ တောင်ကိုခတ်မိ၍ မြစ်၅-စင်းဖြစ်ရသည်၊ လက်ကို "ကရကရော"ဆိုလိုသည်၊ ကရကရော ၅-ချောင်းကဲ့သို့ အကွဲကွဲဖြစ်သည်ကိုရည်၍ သတ္တဝါတို့ ကွဲပြားရသည်ကို ရည်သည်၊ ကရော ၅-ပါးဖြစ်၍ ရှိရကဲ့သည်ဟု ကိုထုံးပြုကြကုန်သည်၊ ကရော ၅-ပါးအဓိပ္ပါယ်တည်း။

## ကိန္နရာတို့ကိုယ်နှင့်မျက်နှာ

၂၀၂။ ကိန္နရာဘို့ကား—မြင်း၏မျက်နှာ လူ၏ကိုယ်၊လူ၏မျက်နှာ မြင်း၏ကိုယ်။ ။(အမရကောသဋီကာ။)

## သူ့မယားငါ့မယားမရှိ

၂၀၃။ "ပုရေ ပုရသ ကာ ကသ ဘရိယာ၊ မိပ္ပါယ် ကြားပိမ့်၊ ရှေးဖျားကမ္ဘာ၊ ပေါ်ခါငှင်း"ဟု ဘူရိဒတ်ဇာတ်ပေါင်းသုခဘာဂ စကားတွင်လာ။

နဒီ နဒီ ကိလေသေ-ကိလေသော၊ တူကြသည်ကိုငှင်းဖြင့်မှုရမည်။

ပုရေ၊ ရှေးဖြစ်သော။ ပုရသ၊ ကမ္ဘာဦးဖြစ်သောကာလ၌။ ကာ၊ အဘယ်မည်သော မိန်းမသည်။ ကသ၊ အဘယ်မည်သော ယောကျ်ား၏။ဘရိယာ၊မယားနည်း။ (သူ့မယား ငါ့မယားမရှိကြောင်း ။)

## ကောဓော်-ကော်ဓော်

၂၀၄။ ဤသို့ဆိုရော်၊နတ်သူတော်၊ကောဓော်ဓမ္မံနဇာနာတိ အစရှိသား၊ ပါဠိကျမ်းလာ။ ။(ဘူရိဒတ်ဇာတ်ပေါင်း ငှင်း သုဘောဂခန်းလာ။ ။ကောဓော်-ကော်ဓော်။)

## ဥဒါဟရဏ်-ဥဒါဟိုရ်

၂၀၅။ ဆန်းနိသျဗားကရာအနက်ပြီးခါနီးတွင်"ဥဒါဟ ရဏ်"ဆိုရမည်ကို "ဥဒါဟိုရ်" ဟုပါသည်။

## လည်ချောင်း

၂၀၆။ ဆုတောင်းခန်းတွင် "ထန်းပင်ငုပ်သို့၊ ရှုပ်ပြုပ်ကိုရေ၊ မွဲသေ ကျဉ်းမြောင်း၊ နှုတ်လည် ချောင်းကား၊ အပ်ကြောင်းမျှသာ" ဆိုသည်၊ ရုပ်ပစ်ရှစ်ပါး ခန်းတွင် လည်ချောင်းဆိုလိုသည်။

**ဥစ္စနာစကား ၇-ကျောင်း**

၂၀၇။ ဥစ္စနာသထာ မဟိပ္ပါလော။
သာသနေ ဇောတနတ္ထိကော။
ဝိဟာရေ သတ္တ ကာရေသိ၊
ဗောဓိယာယေဝ ကာရတော။ ။

စကားကျောင်းမခေတ် အရံ ၆-ကျောင်းလည်း အရှေ့မြောက်ထောင့် စာကျွနှင့်ရှိ၊ ။ဥစ္စနာထောဟု ပါရှိသောကြောင့် ဥစ္စနာဆိုသည်ကား ထအက္ခရာကျေသည်။

**ဘူးရှည် ဘူးတို**

၂၀၈၊ လူတို့တွင်"ဘူးတောင်းလျှား"ဟူသည် ဘူး-ရှည်ဆိုလိုသည်။ ဘူးတောင်း ဆိုသည်မှာ တောင်း ဆိုသည်ကား ဘူးတို့ဆိုလိုသည်၊ အတိုအတောင်း ဆိုသည်များကို ထောက်ရမည်။

**မည်စလီပင်ဝေါဟာရ**

၂၀၉။ မည်စလီပင် ဆိုသည်မှာ-မဥ္ဇရီပင်ဟု ကျောက်စာများမှာ ရှိသည်။ ပါဠိမှာလည်း မဥ္ဇရီ ဂု ပါရှိသည်။ ပွင့်တံရှိသောအပင် ဆိုလိုသည်။ မဥ္ဇရီကိုပင် မည်စလီပင် ခေါ်ကြလေသည်။ ရသည်လ ဖြစ်လေသည်။

**ကြမ္မာဒိုက်ဝတ္ထုစကား**

၂၁၀၊ ကြမ္မာဒိုက်ဝတ္ထုတွင် မင်းကြီးနေသော-ခတ် ဟုပါသည်။ ရှိုင်ရာဇဝင်မှာလည်း စိဘ္ဘနာဂဒ ညီနောင်တို့ အပိုင်းတွင် သမီးအိပ်သော-ခတ်-ဝယ်တင်၍ သမီးသေပြန် ငိုကြွေးကြန်ပွဲ၍ ပါသည်။ ခတ်-ဆိုသည်ကား အိမ်ရာ ကို ဆိုသည်မှတ်ရမည်။

**နှုးညံ့ခြင်းဝတ္ထု ၂-ပါး**

၂၁၁။ နှုးညံ့ခြင်း နှစ်ပါးရှိသည်၊ ဖါးပြုပ်ဝမ်းကဲ့သို့ နှုးညံ့သည်။ ငထွေရေကဲ့သို့ နှုးညံ့သည်။ ဖါးပြုပ်ဝမ်းကဲ့သို့ နှုးညံ့သည်ကား ပြင်ရေထူ၏၊ အတွင်းရေညံ့၏။ ။ငထွေရေကဲ့သို့ နှုးညံ့သည်ကား အပေါ်ရေ နှုးညံ့၏၊အတွင်းသား မာ၏။ အတွင်းသား နှုးညံ့သည်၊ ပြင်သား နှုးညံ့သည်ကို ဆင်ခြင်၍ ဖါးပြုပ်ဝမ်း, ငထွေရေဟူသော စကားနှစ်ရပ်ကို သိရာသည်။

**အသတ်မပေါ ရွာ ၄-ရွာ**

၂၁၂။ ပုခန်းကျေးတွင် အလယ်ကြော၌ ပလပရွာ။ ဇလမရွာ။ တေကရွာ။ မြို့မတွင်ပုဘရွာ။ ။အသတ် မပေါ၊ ရွာ ၄-ရွာဟူ၏။

**ပေတဝတ္ထု ကျမ်းလာစကား**

၂၁၃။ ပေတဝတ္ထုကျမ်း ကုမာရပေတ ဝတ္ထုပိုင်းတွင် "နက္ခတ္တယောဂမ္ပိ န ဥဂ္ဂဟေသုန္တိ နက္ခတ္တယုတ္တမ္ပိ နဂဏှိံသု၊ အသုကမှိ နက္ခတ္တေ ဟိ တိထိမှိ မုဟုတ္တေ အယံ ဇာတော တိ ဧဝံ ဇာတကမ္မံ ပိဿ န ကေစိအကံသုတိ အတ္တော"ဟုဆိုသောကြောင့် ရှေးအခါ နက္ခတ်ကို မှတ်၍သူငယ်တို့ဖွားသော အခါ ဇာတာဖွဲ့သည်၊ ကုမာရပေတမှာ မဖွဲ့ရဆိုလိုသည်။

**သိကြားမင်းသား ကုမာရ**

၂၁၄။"သဟဇျတံဂစ္ဆတိ ဝါသဝဿာတိ သက္ကဿ ဒေဝါန မိန္ဒဿ ပုတ္တဘာဝေန သဟဘာဝံ ဂမိဿတိ"ဟု လာသောကြောင့် ကုမာရသည် သိကြားမင်းသား ဖြစ်လေသည် ဆိုသည်။ ။(သီအဂ်ါတွင်။)

ပဝါးရုံနှင့်ပဝါးပုံ

၂၁၅။ မုနိ မုနိ ပဋ္ဋတိံသ၊ ကေဝိသတိ စတုဒ္ဒသ။
နဝ သတ္တ ပဉ္စ တိဏိ၊ ဒွေဧ က အဋ္ဌသုညံ။
(ကမ္ဘာ့ဖဝါးလုံး။)

နောင်တော် ညီပုံ၊ကြာဥ ဆယ့်လေး၊ ကိုးသတ်ရေး၊ ငါး တေး ဒွေးက၊ ခွဲသုည၊ မှတ်ကြဖဝါးပုံ။

တမာသီး တည်သီးသဏ္ဌာန်

၂၁၆။ ဝိဓုရ ဇာတ်၌ "ပုစိမန္ဒ ထနိတမာသိ၊တမာသီး သဏ္ဌာန် သားမြတ်အစုံ"ဟု ဝိမလာကို ပုဏ္ဏကချီးမွမ်းသည်၊ တပါး ဇာတ်မှာ၊ တည်သီးကို ပမာပြုသည်။

မင်း၃-ပါး

၂၁၇။ ဝိသယာနန္တရော ရာဇာ၊သတြု မိတြုမထာ ပရံ။
ဥဒါသိနော ပရတရော။

ဝိသယာနန္တရော၊ မိမိနိုင်ငံ၏ အခြားမဲ့ တိုင်းနိုင်ငံ၌တည်သော ၊ ရာဇာ၊မင်းသည်၊သတြု၊ရန်သူမည်၏၊အထ၊ ထိုရန်သူ မင်းမှ၊အပရံ၊ တပါးသောမင်းသည်၊မိတြု၊အဆွေခင်ပွန်းမင်း မည်၏။ ပရတရော၊ အ...းသဖြင့် တပါးဖြစ်သောမင်းသည် အလွန်ဝေးသောတိုင်းနိုင်ငံ၌ တည်သော မင်းသည်။ ဥဒါသိ နော၊ လျစ်လျူမင်းမည်၏၊

(သတြုမင်း၊မိတြုမင်း၊ဥဒါသိနမင်း၊ မင်းသုံးပါးတည်း။)

ဥပ္ပါတသန္တိ ပရိတ်ရွတ်သည့်နေ့

၂၁၈။ သက္ကရာဇ် ၁၁၉၃-ခု နတ်တော်လဆန်း ၁၂- ရက်၆-နေ့ မှန်နန်းတော်တွင် ဥပ္ပါတသန္တိကိုရွတ်ရသည်၊ ၎င်း

လပြည့်ကျော်၁၁-ရက်၊ ၆-နေ့လည်းတကြိမ်ရွတ်ရသည်၊ ၎င်း နေ့ ၂၀-၅၁န၊ ရှစ်ပါးစီပေါင်း ၂၂၄-ပါးဘည်း။

ဆင်၏အစိတ်အပိုင်း

၂၁၉။ စွယ်ဘုံ၊ အစွယ်၊ လုံးလျား၊ ဖြူဝါ၊ တိုရှည်၊ ပျာ တောင်၊ ကျံ၀၊မျက်နှာပြင်၊ ဥကင်း၊ပန်းကုံး၊ မျက်လုံး၊မျက်ရိုး၊ ရေခမိုး၊ မုန်အိုး၊ နှာရှပ်၊ နှာမောင်း၊ စကောက်၊ နား၊ ကြေး မေး၊ လည်၊ လက်ပြင်၊ မင်းခနေ၊ ကုန်း၊ ကိုယ်ရောက်၊ မြီးထူး၊ မြီးပတ်၊ မြီးရိုး၊ မြီးဆံ၊ သရက်စွေ၊ ထူးခင်၊ လိပ်မေး၊ ဘစမ်း၊ အိမ်ဘုံး၊ ဝမ်းပြင်း၊စံစက်၊ ခြေကြည်၊လက်ကြည်၊ အသား၊ အ ရေ၊ ခြေသည်း၊လက်သည်း။

ဆင်သင်းများ

၂၂၀။ ပြည် ၄-သင်း၊ ရဲတိုင်း ၄-သင်း၊ မင်္ဂလာ ၄- သင်း၊စလင်း-၇၊အဝ ၉-သင်း။ ။(ဆင်သင်း၂၀-အဌဝိသ။)

၁၂-လမိုး

၂၂၁။ (၁) တန့်ခူး မည်မှတ်၊ ဖက်ဆွတ် ရေတိုး၊ သကြ်န်မိုး။

(၂) ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊မိုးနှံ့နှံ့။

(၃) နယုန်မိုးသေး၊ မြက်သားမွေး၊

(၄) ဝါဆိုလပြောင်း၊မိကျောင်းဖွေးဖွေး၊မိုးဇေ။

(၅) ဝါခေါင် တကြောင်း၊ ထနောင်း ကျောင် ကျစ်၊ ဆူးရှစ်ပွင့်ကား၊ မိုးမရွာ၊ ရွာပါ သော်လည်း၊ မိုးမသည်း။

(၆) တော်သလင်းတိမ်ညို၊ စမိုသည်ဆင်းရဲမိုးမစဲ။
(၇) သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ရွာသွန်းဖြိုး။
(၈) တန်ဆောင်မုန်းတွင်း၊ နှင်းတညိုက်၊မိုးတလိုက်။
(၉) နတ်တော်ရောက်ငြား၊မိုးသားမငြိမ်၊ဆင်ရာတိမ်။
(၁၀) ပြာသိုချမ်းပြင်း၊နှင်းရေယှက်၊နှုံးပုံ့ရက်။
(၁၁) တပို့တွဲ၊ ရွှရွာခြင်း၊သံမိုးကြွင်း။
(၁၂) တပေါင်းလည်ကူး၊မိုးသားကြူး၊ (၁၂-လမိုး)။

**ရာဇမတ္တိစူဠာ**

၂၂၂။ ရာဇမတ္တိ စူဠာ၌ ၉၉၅ဒိ ၂၅၁၅—အုတ်ပေါင်း ရှိသည်။

၅၃၂၆၅၂၅—သရွတ်ပေါင်း။

၅၁၆၄၈၊အင်္ဂတေတင်းခပေါင်း

၂၂၃။ ရွှေနန်းတော်ပြာသာဒ်ကြီးထုဒိကာကုန် ၁၁၁,ထိ်းရပ်၁၇၊ပေါင်းအမြင့် ၁၃၀-၅၊

စတုဘူမ်တနသ်ပုရခရွှမြိဘည် မင်းဘရားနန်းတော်ခဆောင်ပေါင်း ၁၆။

**ဆောင်းနေသွား**

၂၂၄။ ဆောင်းမဉ္စေ္ဆါဝိဃိကသည်တောင်သို့၂၄-အသ်ာ၊ မြောက်သို့ ၂၄-အသ်ာရွေ့သည်၊ (သူရိယသိဒ္ဓန္တထွက်)။

**မိုးရွာမည်ကိုသိနိုင်သည် ၈ ပါး**

၂၂၅။ မိုးရွာသည်ကို သိနိုင်သည်ကား—

စောင်းဆရာ၌င်၊ ယားနာခွေးကွက်၊ ပါဒရက်က၊ ပရွက် ပိလူ၊အနူပြဒါး၊ ပေါင်းပျစ်ပါး၊ (ဟောင်သူ့ဟူဟောင်းတို့အမှတ်)။

## လေမိုးသီးနှံ ကောင်းမကောင်း အမှတ်

၂၂၆။ (၁) ရှားပင်ကို သကြြန်ကျသည့်နေ့ တထစ်စီ ထစ်၍ထား၊ ပဌမမှတ်သည့်အရာ အရည်ထွက် အစီးများလျှင် မိုးဦးကောင်းမည်၊ အရည်နည်း လျှင် မိုးနည်းမည်၊ အရည်မရှိလျှင် မိုးမကောင်း ဟူ၍သုံးထစ်ကိုကြည့်၍ မိုးဦး,မိုးလယ်,မိုးနှောင်း မှတ်ရမည်။

(၂) ချေးအလုံးသည် တတန်တည်းတွင် အရည် တစက်စက်ရှိလျှင် မိုးကောင်းမည်၊ အရည်မရှိ လျှင် မိုးမကောင်းမှတ်ရမည်။

(၃) သကြြန်ကျသည့်နေ့ အိမ်ကြက်အလျှင်တွန်လျှင် မိုးဦးကောင်းမည်၊ တောကြက်အလျှင်တွန်လျှင် မိုးလျှင်မိုးနှောင်းကောင်းမည်၊ အိမ်ကြက်, တော ကြက်အပြိုင်တွန်လျှင် မိုးလယ်ကောင်းမည်။

(၄) မိုးဦးလခွဲကို သကြြန်တက်ပြီးနောက် ရှာသည့် မိုးရည်ကို လျှာနှင့်တို့၍စမ်း၊ ခါးလျှင် ပိုးမွှားကျ ၍ပျက်မည်၊ ချိုလျှင် အသီးအနှံဖွံ့မည်။

(၅) ပေါက်သီးသုံးစေ့အနက် လက်ရင်းစေ့ မာ,ရင့် အောင်လျှင် မိုးဦးကောင်းမည်၊ မကောင်းလျှင် မိုးဦးညံ့မည်၊ ရင်းနည်းသုံးစေ့ကိုယူရမည်။

(၆) လားကောင် သစ်ပင်တက်မှာ ဥရာတိုင်ရေ ရောက်မည်၊ မြင့်လျှင်မိုးကောင်းမည်၊ နိမ့်လျှင် မိုးနည်းမည်။

(၇) ပုစွန်ကုန်းမြင့်တွင်လုပ်လျှင် ရေကြီးမည်၊ နိမ့် လျှင် ရေနည်းမည်။

(၈) ကျီးသိုက်မြင့်လျှင် လေနည်းမည်၊ ကျီးသိုက်နိမ့်လျှင် လေထန်မည်။

(၉) ဗိလုံးငှက်ကျင်းမှာဥလျှင် မိုးကောင်းမည်၊ ကုန်းမှာဥလျှင် မိုးမကောင်း။

(၁၀) ငုဗ်အသိုက် မျက်နှာအပေါ်ပြုသည့် အရပ်က မိုးမလာ၊ မပြုသည့်အရပ်ကမိုးလာမည်။

(၁၁) လယ်ကျင်းကုန်းကျင်းမှာ ကင်း မြမ်ခေါ်ကျင်လျှင် မိုးကုန်ပြီးယူရမည်။

(၁၂) တော်သလင်း ၊သီတင်းကျွတ်လတွင်ဆိုသည်၊ခေါ်ကျင်ဆိုသည်လည်း အိမ်ဘွဲ့သည်ဆိုသည်။

(၁၃) ငှက်အသိုက် မြင့်လျှင် မိုးကောင်းမည်၊ ငှက်အသိုက်နိမ့်လျှင် လေထန်မည်။

(၁၄) ပုစွန်ကွင်းဝ ကျင်းသို့ပြုလျှင် လေထန်မည်၊တွင်းဝတောင်သို့ပြုလျှင် မိုးကောင်းမည်။

ထွေထွေလာလာ ရေးမှတ်စာ

၂၂၇။ (၁) မင်္ဂလာစကားစု၊ တံခါးနိုးတွင် အဓိဋ္ဌာန်တော်ပျောက်သည်ဟု မြေကိုတူးသည်။

(၂) လှေတ်ကိုလည်း လှေတ်မဟုတ် မလှေတ်ရသည်။

(၃) လှေတ်တွင် စေ့စိလုံးဟွင် စေတလုံးပျောက်သည်။

(၄) ရုံးကို ရုံးမဟုတ် ခွဲဖြစ်သည်။

(၅) ရုံးမင်းတို့ကို ညနိုးတို့ နေ့နိုးချည်လေသည်ဆိုသည်။

(၆) မြောက်မြို့မှာ ကျုံးကြီးသည်၊ တောင်မြို့မှာရုံးကြီးသည်၊ ဆင်းရဲသားမှာ ပြိုးတီးသည်။

(၇) မလာလျှင်တရှပ်၊ လာလျှင်အစုပ်။
(၈) မချီသော်ခေါင်က၊ ချီသော်နောင်တ။
(၉) ဘယ်သူကို ကြောက်၍ ကျောက်မြို့ကို တည်ရသနည်း။
(၁၀) မစိုးရိမ်ကျောင်းသည် စိုးရိမ်တော် မူတော့ဆိုသည်။
(၁၁) မောင်ကြီးလူ မောင်ငယ်လူ ဖြစ်တော့မည်ဆိုသည်။
(၁၂) လမ်းမဖုံဖုံ၊ ပြေးနေကျယုန်၊ သည်ယုန်ကံဆိုးလို့၊ သူ့ပိုက်ကိုတိုး။
(၁၃) နင်မလာ ငါလာရမည်လား။
(၁၄) အိုကြာဠေ ဒူးမောင်းကြောက်ခွေး။ (အားလုံးရှူစ။)
(၁၅) နောက်မိုးနှောင်းရေကုန်လျှင် နောက်ရေဖြစ်လျှင် ငါးတို့သည် အင်းကထွက်ကြလေတော့သည်။
(၁၆) ခင်ပုပ်ငှက်, တောက်တဲ့ အမြည်များလျှင် မိုးကောင်းသည်။
(၁၇) တောက်တဲ့သံ အခွန်းများလျှင် မိုးကြီးရွာသည်။
(၁၈) ဖားမြည်သော် မိုးရွာတတ်၏။

**ကိန္နရာပါသော ဇာတ်စု**

၂၂၀။ ကိန္နရာပါသည်ဇာတ်စုကား-
ဘလ္လာတိယဇာတ်တွင် ကိန္နရာ။
စန္ဒကိန္နရာဇာတ်တွင် ကိန္နရာ။
တက္ကာရိယဇာတ်တွင် ကိန္နရာ။
မဟာကုဏာလဇာတ်တွင် ကိန္နရာ။

ဒေဝီကိုပမာနိုင်းရာ ကိန္နရာ။
မဟော် ကျေးသားခန်းတွင် ဝစ္ဆရသေ့ကို ပုံလုတ်ရာ ကိန္နရာ။
အ႑သဒ္ဒဇာတ်ကိန္နရာ။
အသိဘာ၊ဘူကိုပစ်၍လိုက်သောဇာတ်တွင် ကိန္နရာ။
မဟာဝင်တွင် ကောဏ္ဍတိဿကိုသိုရာတွင် ကိန္နရာ။
အပဒါန် ဂျမ်းတွင် ကျူပွင့်လှူသည် ကိန္နရာ။
ကုနာလဇာတ်၌ တရားဟောရာနားလာသည် ကိန္နရာ။
သုဝဏ္ဏသာမဇာတ်၌ ကိန္နရာတို့သည် လူကိုကြောက်တတ်သည် ဟုသည်၊ လေးပစ်ရသော အခန်းတွင်ရင်း၊ မွေးကျွေးသောအခန်းတွင်ရင်းဆိုသည်၊

### မင်းတို့ကျင့်ရာ ဥပမာ

၂၂၉။ အဝိစိကိုထိစိမ့်ရှယ်၍ ခြေကိုတမ်း၍ စမ်းသကဲ့သို့၊ ဘဝဂ်သို့ထိအောင် လက်ကိုစမ်း၍ လှမ်းသကဲ့သို့၊ ဝင်သောနေကဲ့သို့မကျင့်ရာ၊ ထွက်သောနေကဲ့သို့သာ မင်းတို့ကျင့်ရာ၏။ အရာမရောက်သောအခါကား ကောင်းကင်သို့ပျံ၍ ခုတ်ဖြတ်အံ့သကဲ့သို့, အခါရောက်သောအခါကား မြေအောက်လျှိုးအံ့သကဲ့သို့ ကျင့်ရာလေသည်။

### ဝေရဥပုဏ္ဏားသောတာပန်

၂၃၀။ အပဒါန် အဋ္ဌကထာ အကုသလအပဒါန်အဆင့်၊ ဝေရဥ္စဝါကာ်ဆွမ်းဘော်ပိုင်းတွင် ဝေရဥပုဏ္ဏားသောတာပန် တည်ပြီးမှ ဝါဆိုပါချော်သည်၊ ဖုဿဘုရားလက်ထက် သာဝကတို့ကို သလေးဆွမ်းနှင့် မတိုက်၊ မုယောဆွမ်းနှင့်တိုက်၏ဆိုမိသည်ဝိပါက်။

**မဟောသဓာဆေးတုံး**

၂၃၁။ ဘုရားလောင်းဖွားခန်းတွင် မဟောသဓာ၏ လက်တွင်ဆေးတုံးကို စန္ဒသာရဆိုသည်။

**ပါရာယနဝတ္ထုနှင့်ဆုတောင်းခန်း**

၂၃၂။ ဘောက်စရောက်ကေတုဝတ္ထု,ပါရာယနဝတ္ထုများမှာ နတ်ပြည်အနွယ်၊ သိကြားနတ်အနွယ်ဟု ဆိုသည်။ ဆုတောင်းခန်းတွင် "ရှုးရှူးပေါက်ဘွယ်၊အိုး၏နွယ်လျှင်"ဆိုသည်၊ အန္ဓယ်ဆိုသည်ထက်အနွယ်ဆိုသောအရာ သာ၍သင့်၏။

**ကြက်သရေနှင့်အမြုတေ**

၂၃၃။ ဘောက်စရောက်ဝတ္ထုတွင် မြွေ၏ကြက်သရေဖြစ်သော မျက်ရှင်ပတ္တမြားဟုပါသောကြောင့် ကြက်သရေခေါ်သည်၊ အမြုတေခေါ်သည် အရာသည် ပတ္တမြားပုလဲ စသောကျောက်ရတနာကို ဆိုသည်မှတ်ရမည်၊ အနောထပိဏ်သူဌေးကြက်သရေမှာ ကြက်သရေပျံထွက်သည်ကို ပုဏ္ဏားသိသည်ဟုလာသည်ကိုလည်း တောက်ရာသည်၊ ဂဇေ ဂဇ အမုတ္တိကံ-ဟူသော လောကနီတိ ပါဌ်ကိုလည်း တောက်ရာသည်၊ ဤအပိုင်းတွင် ကိုယ်တွင်နဖူးစာရေးသည့်နတ်ကို စိတ္တရောကနတ်ဟုပါသည်၊ ကြမ္မာစာရေးသော နတ်ဟုဆိုသည်။

**ကိန္နရာဆိုသောစကား**

၂၃၄။ အင်္ဂတ္တိုရ်၏ အဋ္ဌကထာတွင် ဓမ္မာသောကမင်းလက်ထက် ကိန္နရာစကားမပြောရာတွင် သစ်ငုတ် ၂-ခုကိုစိုက်၍ အိုးတည်ရာတွင် သစ်ငုတ် ၁-ခုမစိုက်ကောင်းလောဆိုသည့်နောက် ၂-ကောင်ရောက်လာပြန်သည်တွင် စကား

မဆိုလို၊ ဈေးလမ်းသို့ ခေါ်ယူရာတွင် သရက်သီးမှည့်နှင့် ငါးသားကိုမြင်၍ "သူတို့သည် အဆိပ်ကြီးကို စားကုန်သည်၊ ဘယ်မှာ မနာဘဲရှိအံ့နည်း ဆိုသည်၊ တကောင်ကလည်း သီးသီးနှင့်ချဥ်သီးကိုမြင်၍" သူတို့ဘယ်မှာမနာကုန်အံ့နည်း" ဆိုသည်။ (ပါဘတွင်။)

**သီဒါ ၇-တန် ပြင်ကမြစ်**

၂၃၅။ စတုက္ကနိပါတ် ကာကဝတီဇာတ်တွင် သီဒါ ၇-တန်ပြင်က ကေတုမတီသော မြစ်ရှိသည်။

**ပဏ္ဍုကမ္ဗလာ**

၂၃၆။ သက္ကဿ ဘဝနံ ကမ္ဗ။

ဒေဝရညော ပဏ္ဍုကမ္ဗလ ဥဏှာကာရံ ဒဿေတိ။

ဝိဿယှဇာတ်တွင် တုန်လှုပ်သည် ပူသည်ဆိုသည် သိဝိဇာတ်တွင် သိကြားကမ္ဗလာပူလျက် ဒါ၏ဆိုသည်။

လူတို့ ငကား- ပြင်း,တင်း,မာ-၏ ဟိုကြသည်၊ ဘုံဗိမာန် တုံသည် ကမ္ဗလာပူသည်ဟူရမည်။

**သိကြားကျင့်ဝတ် ၇-ပါး**

၂၃၇။ ဒါန သီလ ဥပေါသထကို ကျင့်သည့် သိကြားကျင့်ဝတ် ၇-ပါးကို ကျင့်သည်။

(၁) အမိအဘကို မွေးကျွေးသည်။

(၂) ကြီးသောသူကို အ အသေပြုသည်။

(၃) နူးညံ့သော စကားကိုဆိုသည်။

(၄) ချောပစ်သော စကားကိုမဆို။

(၅) ဝန်တိုခြင်း ကင်းသည်။

(၆) သစ္စာစောင့်သည်။
(၇) အမျက်ဒေါသကို ချုပ်သည်။
(၇-ပါး။)

တောင်ဘီလာဘုရား

၂၃၀။ ၁၀၀၅-၇ လေးကျွန်းဆီမီး ဘုရားကို တောင်ဘီလာ ဆရာတည်သည်၊ ယခုတောင်ဘီလာ ဘုရားဟု ယခုခေါ်ကြသည်။

မိန်းမတို့မရောင့်ရဲနိုင်သည် ၃-ပါး

၂၃၉။ မုဒုပါဏိဇာတ်၌ မိန်းမတို့မရောင့်ရဲရာ ၃-ပါး မေထုနသမာပတ္တိ,ဝိဇာယန, အလင်္ကာရ ၃-ပါးတည်း။

ယောက်မခေါ်ပုံ

၂၄၀။ တဇွန်းတယောက်မ ဆိုခြင်းသည်ကား တဇွန်း တယောက်သွား ဆိုလိုသည်။ ။ရှေးအခါ ယောက်သွားနှင့် သုံးဆောင်သည်၊ ယောက်မဟူသည်လည်း ယောက်သွားကို အမအစပြုသည် ယူရန်ရှိသည်။

အင်္ဂတေစပ်နည်း

၂၄၁။ အုံတုံပဥ္စ၊ ကွဲကော်ဆ၊ ဥသျှစ်ဓေး၊ တင်လဲး ဒွေး။

ဘုံခန်းလာ သရဂူဝါး

၂၄၂။ ဘုံခန်းတွင်"သိုက်တူမြင်တူ၊သရဂူတည့်၊ဝါးကျူ ခရင်" ဆိုရာ၌ သရဂူ ဝါးမျိုးသည် ရခိုင်မှာရှိသည်၊ ပရာဘူ မဘတ်သင့်၊ အမျိုးရှိရာကိုလိုက်၍ ဘတ်သင့်သည်။ ။

**ဝါးအမျိုးအစား**

၂၄၃။ ဝသိပွတ်ဝါးကား တောင်ငူတွင်ရှိသည်၊ ကရင်များမှာ ဖာကလေးယက်သည်၊ ဝါးလုံးငယ်သည်၊ ဖာသည်နီးနသည်။ ။ဝါးယားကို ဝါးဖြူကလေး ခေါ်သည်။

**ခန္ဓာ ၅-ပါးဥပမာ**

၂၄၄။ မြုပ်, ပွက်, ??ပ်, ငှက်, မျက်၊ ၅-ချက် ခန္ဓာ၊ ဥပမာ။

၁။ ဖေဏုပမာ။

၂။ ပုပ္ဖုလုပမာ။

၃။ မရီစိကုပမာ။

၄။ ကဒလုပမာ။

၅။ မာယာပမာ။

ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏက္ခန္ဓာ၊ (သမောကျမ်း)

**ဆင်ရှူးခြင်း-သေခြင်းအကြောင်း**

၂၄၅။ ဆင်သည်လိပ်ကို နင်းမိသော်ရူး၏၊ ဆင်တွင်ကျီးနားသော် သေ၏၊ သူ?? သူတိုက် ပြုသည်ဟူ၍လည်းဆို၏၊

**ဆင်စွယ်ထားနည်း**

၂၄၆။ ဆင်စွယ်ကို အိမ်မှာထားသည် ရှိသော် ကြမ်းပြင်က အိမ်တွင်းသို့ လှည့်၍မထားရာ၊ ပြင်သို့လှ??၍ ထားရမည်၊ အောက်က ထားသည်ရှိသော် အထ??သို့ အဖျားမ??ှည့်ရာ၊ အထက်က ထားသည်ရှိသော် အောက်သို့အ??ား မလှည့်ရာ။

**သားဖွားသောအခါဆိုရန်**

၂၄၇။ သားဖွားတည့်လျှင် မိဘတို့က“ငါ့သစ်ငါ့ဝါး” ဟူ၍ ဆိုတည့်ရမည်။ ။တနင်္ဂနွေနေ့ ဖွားမူ ဂဠုန်နံမှည့်၊ ၂-လာနေ့စသည်မှာလည်း ၎င်းနည်း။

**ငှက်တို့ရာထူးဌာနန္တရ**

၂၄၈။ ငှက်တွင် လင်းတကား-မင်း၊ အောက်ခြင်းကား ပယ်မယား၊ ဝိန်ညင်းကား-ပယ်မယား၊ ချိုးကား-စစ်သူကြီး၊ ကျီးကား-အမတ်၊ ထောက်ရှာကား- တန်ဆေး၊ ကျေးကား- ဆရာ ငှက်တကာ ပိုပါတည်း။

**လအလိုက်မင်းမူသောသစ်ပင်**

၂၄၉။ (၁) တပေါင်း,တန်ခူး,ကဆုန် ၃-လ သပြေ မင်းမူ၏။
(၂) ယုန်, ဆို, ခေါင်-မန်ကျည်း။
(၃) လင်း,ကျွတ်,ဆောင်, “သရက်,ခပေါင်း, ဥသျှစ်”။
(၄) တော်,သို,တွဲ-“ဝိန္ဓဲ,သဖန်း”မင်းမူ၏။

**နေ့အလိုက်မင်းမူသောသစ်ပင်**

၂၅၀။ (၁) တနင်္ဂနွေနေ့ ဝါးမင်းမူ၏။
(၂) တနင်းလာနေ့သဖန်း။
(၃) အင်္ဂါနေ့ ဒဝယ်မှိုင်း။
(၄) ဗုဒ္ဓဟူးနေ့ သရက်။
(၅) ကြာသပတေးနေ့ သပြေ။
(၆) သောကြာနေ့ ငှက်ပျော။
(၇) စနေနေ့ အင်ကြင်းမင်းမူ၏။

အိမ်ဆောက်သောအခါ ဆွဲဖွဲ့ရာ၏။

## သစ်ပင်စိုက်နည်း

၂၅၁။ အရှေ့ကား-ဝါးပင် စိုက်ရာ၏၊ အရှေ့တောင် သရဘီ၊ တောင်ကရှစ်ရှား၊ အနောက်တောင်ပိန္နဲ၊အနောက်-ဆီး၊ အနောက်မြောက်-ပုံးညက်၊ မြောက်-ဥသျှစ်၊ သေန်-ကန့်ကော်စိုက်ရာ၏။

တနင်္ဂနွေသား ကောင်းစေလိုသော် အနောက်တောင်က ဆူးရစ်,ကန့်ကော်စိုက်ရာ၏။

## မြန်မာ ရှမ်း နယ်စပ်မြို့များ

၂၅၂။ ၃၇၉-ခုနှစ်တက်၍ ၁၆-နှစ် မြောက်သော အခါ ၃၉၅-ခုတပေါင်းလဆန်း ၁၂-ရက်နေ့တွင် မော တိုင်းရှမ်းပြည် မောမင်းတို့ နိုင်ငံဖြစ်သော ကမ္ဘောဇတိုင်း နှင့် မြန်မာပြည် တမ္ဗဒီပတိုင်း ၂-ဘက်စပ်ကြား ရှမ်းရှန်း တို့ မရောမစပ်စိမ့်၄ါ မြို့တည်သည်ကား ကောင်းစင်း၊ ကောင်းတုံ၊ ငရှန်း၊ ငရင်၊ရှေ့ဂူ၊ ယင်းခဲ၊ မိုတာ၊ ကသာ၊ ထီးကျည့်၊မြတောင်၊တကောင်း၊ ဟင်ခမော်၊ကြိုညှပ်၊ စမ္ဗာန ဂိုရ်၊စေဥ္စကူး၊ ကန်သာယာ၊ မကွေးတရာ၊ဘောင်ဘုတ်၊ ရေနံ့ သာ၊နဂါးမောက်၊ ယင်းမာတဲ၊ စုန်းမြို့၊ ထုံး၊ မတ္တရာ၊သက် ကယ်ကျင်း၊ ဝါးရင်းတုင်း၊ တောင်ပြိုး၊ကန်ကြီး၊မြို့ကြီး၊မြို့တင်၊ လဟေး၊ ရှည့်မတက်၊ မကွရာ၊ တ ၊ မြင်ဆိုင်း၊ မြစ်သား၊ လှိုင်းတက်၊ သာဂရ၊ ညောင်ရမ်း၊ ရွှေမြို့၊ပက်ပါ၊မြို့လှ၊ ကင် လင်၊ဆွာ၊ ာရာဇာသီဟု၍ မြို့ပေါင်း ၄၃-မြို့ကို တပြိုင်နက် တချိန်ဘည်းတ စေသည်။

**မြို့ပြတည်ပုံ**

၂၅၃။ နိုင်ငံစဉ်မှတပါးနိုင်ငံတော်အတွင်း။ မြန်မာပြည် ၃-သိန်းပြမြို့၊ ထောင်ပြ၊ ၈၀၀-ပြ၊၄၀၀-ပြ၊ ၃၀၀-ပြ၊ ၂၀၀-ပြ၊ ၁၀၀-ပြ၊ ၈၀-ပြ၊ ၅၀-ပြ ၃၀-ပြ၊၂၀-ပြ အသီးသီးမြို့ပြတည်ရသည်။

**ထောင်ပြ ရာပြ မြို့အကြောင်း**

၂၅၄။ သည်မှတပါး ထောင်ပြ၊ ၈၀၀-ပြ၊ ၄၀၀-ပြ မြို့များသည် တိုင်းနိုင်ငံလည်တော်မူလျှင် နောက်တော်သို့ ပါရသည်။

၄-ရာပြမြို့သည် သူရင်း ၄၀၀-ပေးရရိုး၊ သူရင်း၄၀၀-ပေးရလျှင်၄-ရာပြနယ်အတွင်းတွင်တအိမ်ငွေ ၁ျူးစီပေးရရိုး။

စစ်သည် သူရင်း ဒိုင်းကိုင် ၅၀၊ လှေသား ၈၀၊ လှံ ဓား-၅၀၊ သေနတ်ကိုင်-၈၀၊ ဝန်ထမ်း-၅၀၊ အမြောက် တွင် မီးစားကိုင်-၉၀၊ မင်းတရားနိုင်ငံတော်လည်လျှင် ပေး ရရိုး၊ သည်ကိုလျှင် ၄-ရာပြမြို့ခေါ်သည်။

၅၀-ပြမြို့၊၈၀-ပြမြို့၊ ၁၀၀-ပြမြို့လည်းသည်ကဲ့သို့ လက် နက်ကိုင်ခွဲစုကျအတိုင်းခန့်သည်။

မင်းစစ်သွားသောအခါ မြန်မာပြည်၃-သိန်းပြ ၃-သိန်း ပါရသည်။

**နှစ်အမည်မှည့်ပုံ**

၂၅၅။ ကြာသပတေး ဂြိုဟ်ပြောင်း ခြင်းကိုရည်၍ တနှစ် တကြိမ်ကြာသပတေးနေရာကိုလိုက်၍ နှစ်အမည်မှည့်သည်။

**ပုဏ္ဏမိအမျိုးအစား**

၂၅၆။ မူလနက္ခတ် ယှဉ်သောစန်းသည် အနုမတိပုဏ္ဏမိ မည်၏။ အငယ်။ပြည့်ပွါးသံနှင့်ယှဉ်အံ့ ရာဂပုဏ္ဏမိ ခေါ်သည်၊

အလတ်တည်း။ ဥတြာသန်နှင့်ယှဉ်အံ့ ပုဏ္ဏ ပုဏ္ဏမိတည်း- အကြီး။ ဝါဆိုထပ်သည့်နှစ် ပုဏ္ဏပုဏ္ဏမိ၊ ထိုနောက်တနှစ်ရာဂ ပုဏ္ဏမိ၊ထိုနောက်တနှစ် အနုမတိပုဏ္ဏမိတည်း။

ဟေတု ၄-ပါး

၂၅၇။ ဟေတုဟေတု, ဥတ္တမဟေတု, ပစ္စယဟေတု, သာဓာရဏဟေတု၊ (ဟေတုမျိုး ၄-ပါး။)

ပြယာယ် ပရိယာယ်

၂၅၈။ ဝေခုစ်ပရိယာယ် မြှီးမြှီးကယ်လျက်မှာ၊ သဒ္ဒါ အများ အနက်တခုကိုဆိုသည်။

ဘယ်ပြယာယ်ဖြင့် တို့ပယ်အချစ်ပုံအံ့နည်း ဆိုသည်မှာ လောကတွင် ပြယာယ်မာယာဆိုသကဲ့သို့မာယာလည်း လှည့်ပတ်သည်ဆိုလိုသည်။

မြွေဆေး

၂၅၉။ မြွေကိုက်သော် မီးစနှင့်နာနာထိုး၊ မီးပူလျှင် တံတော့၊ နောက်ကိုမီးလောင်ရာကိုသာ မီးလောင်ဆေးကိုကုလေတော့။

နက္ခတ်တာရာတခြမ်းဖြစ်နိုင်ပုံ

၂၆၀။ နက္ခတ် တာရာတို့သည် နေ၏ ထက်ဝန်းကျင်က လိုက်သည်၊ ထိုကြောင့်နေက နက္ခတ်တာရာတို့ကို အရောင် ထက်ခြမ်းပဲ့အောင် မညှဉ်းဆဲနိုင်ကုန်၊ လ၏ထက်ဝန်းကျင်က လိုက်ကုန်အံ့၊ လကို လဆန်းလဆုတ်တို့၌ နှိပ်စက်နိုင်သကဲ့သို့ နှိပ်စက်နိုင်လိမ့်မည်မှတ်ရမည်။ (စန္ဒသူရိယဂတိဒီပနီကျမ်း ဟွက်နည်း။)

ပဟောဋ္ဌိအဖြေ

၂၆၁။ "ရဟန္တာလည်းဖြစ်၏၊ အဘိညာဏ်လည်း ရ၏၊ တံခိုးမဖန်ဆင်းနိုင်" ဟူသည်ကား ၊အရဟတ္တမဂ်ဉာဏ်ကို ဆိုသည်၊ အရဟတ္တမဂ်ဉာဏ်သည် အဘိညာဏ် ၆-ပါး အဝင်ဖြစ်၍ အဘိညာဏ်ရ၏ သည်။

ကျဉ်-ကြည်ခွဲထား

၂၆၂။ ၉-ခန်း၌ "လဟာပိတ်သန်း၊ ရေကျည်ဝန်းလျက်၊ လေးကျွန်းတည်ခင်း၊ မြေခပင်း၌" ဟု စပ်ရာတွင် ကြည်လင်သည်ဆိုသကဲ့သို့ကြည်သည်မဘတ်ရာ။ အိမ်မှာ မြေကျဉ်ပစ်သည်ဆိုသကဲ့သို့ ကျဉ်ဟုဘတ်ရမည်။

ဝဏ္ဏဗောဓနတွင် ထိုကျဉ်သည် အကျည်အခဲ၊သတ္တဝါ ကျဉ်ဟုပြသည်၊ သတ်ပုံတွင် အခဲအကျဉ် တအင်ပျဉ်ပေါင်း ရှဉ်ဆေးဖြင့်ပယ်ဆိုသည်။

ဆုတောင်းခန်းတွင်"ကျိုတုံအပျည်၊ အကျည် အခဲ"ဟုစပ်သည်၊ရေသည်ကျည်ပွေ့ပျည်၍ခဲ၍တွဲ၍နေသည်ဆိုလိုသည်။

"သား၏ရုပ်ရည်၊ သီဒါမည်သား၊ ရေကြည်စိမ့်မျှ"ဟု စိမ့်စိမ့်မျှ၊တပေါက်ခန့်လောက်ကျစေဆိုလိုသည်။

ခတ် ၄-ပါးနှင့် ဂုဏ် ၄-ပါး

၂၆၃။ သီရိပတိနတ်သွီးက သီရိမဟာဒေဝနတ်ကို မေးသည်၊သတ္တဂုဏ်,ရာဇဂုဏ်,တမဂုဏ်,နိယာမယဂုဏ်ဟုခေတ် လေးပါး၌ ဂုဏ် ၄-ပါးစီရှိကြောင်းကိုဖြေသည်။

(၁) သတ္တဂုဏ်ကြောင့် အစွမ်းပြီးစီး၏။
(၂) ရာဇဂုဏ်ကြောင့် အစိုးရ၏။

(၃) တပဂုဏ်ကြောင့် သူတပါးကိုခတွဝေခြင်းငြိုးစီး၏။
(၄) နိယာမယဂုဏ်ကြောင့် အလုံးစုံပြီး၏။
ခါတ်ကို စီရင်ခြင်း၌ ရူဒွရာယာမလကျမ်း၌ ကျယ်သည်၊ ခါတုပြသထကျမ်းတွင် စကားကျဉ်းသည်။

**အမိဖြစ်သောနတ်သမီးများ**

၂၆၄။ ဒါနဝမည်သော အသူရာ၏ အမိကား ဒနု နတ်သမီးတည်း။
နတ်တို့၏အမိ နေနတ်သား၏အမိကား အဒိတိတည်း၊
ဂဠုန်၏ အမိကားဝိနတာတည်း။

**မိး၏အမည်**

၂၆၅။ ဝေဿာနရသေ့၏သားဖြစ်၍ မီးသည်ဝေဿာနရမည်၏။

**သိကြားမင်း သား**

၂၆၆။ သိကြားမင်း၏သားကား သုဝိရောစ္စတည်း။ ။ (အဘိဓာန်အလို)။
ဂေါမိကလည်း သားတည်း။ ။(သုတ်မဟာဝါအလို)။
သဂါထာဝဂ္ဂ အဋ္ဌကထာတွင် သားတထောင် ရှိသည်ဟူ၏။

**နတ်မင်းကြီးများ၏သားသမီး**

၂၆၇။ မဟာရာဇ်နတ်၏သားကား ဣန္ဒဝတည်း။
တိမ္ဗရု၏သမီး သူရိယဝစ္ဆသာတည်း။

**ဆည်းဇာခေါ်ပုံ**

၂၆၈။ သဇ္ဈာ-ဆည်းစာ၊သဇ္ဈာကိုပင် သျှဇ္ဈာ,ဆည်းဈာ ဆိုသည်။

**မှတ်ဆိတ်ခေါ်ပုံ**

၂၆၉။ ဆဂလကိုဆိတ်၊ မုသုကို မုတ်သျှု၊ မုတ်သျှုကို မုတ်သျိတ်-မုတ်ဆိတ် ဆိုသည်။

**ချည်ဆတ်ခေါ်ပုံ**

၂၇၀။ ခိဝိ၊ချီသည်ဆိုသည်၊ ယနၱချီဆတ်သည် ဆိုသည်။

**ပုံးပေါလအောခေါ်ပုံ**

၂၇၁။ ပါဠိရမိတ္တင် "မြစ်သို့လပေါ၊ အာသဝေါကို"စပ်ရာ၌ လပေါကား အပြည့်အလျှမ်း ဆိုလိုသည်ဟု စကား ဟောင်း၌လာသည်။မနုသာရပဌမတွဲလက်ာ၌လည်းစပ်သည်။

ရှေးအခါ လပေါဆိုသည်၊ ယခုအခါ လအော ဆိုသည်၊ ဈေးဝယ်တို့လည်း "တမူးပေးလည်း ပုံးပေါလအော၊ တမတ် ပေးလည်း ပုံးပေါလအော"ဆိုကြသည်။

**ပျို့ကဗျာ အတိုအထွာ**

၂၇၂။ နှောင်နှင့်ကျုံ၍၊ပိုက်ချုံကျွမ်းသူ၊ လွှမ်းရမူကား၊ ပစ္စူလွှမ်းထပ်၊ ရင်ခြင်းအပ်၍။ ။(ဘုံခန်း)။

ကန်တွင်မည်ရှုန်း၊ ပိတုန်းပိလူ၊ ပစ္စူဆိုရိုး၊ ပုဆိုးဖြူရောင်၊ (စကားတောင်တွင်)။

တပျက်မိုးသည်း၊အမှုန်းနည်းသည်၊တလည်းမြစ်လောင်း၊ တောင်ကျချောင်းသို့။ ။(ရတနာဗိမာန်ကျောက်စာ)။

နှမ မပေါ၊ ငေါ့ကိုသာလျှင်၊ ကြင်နာနှစ်သိမ့်၊ ဝမ်းကွဲစိမ့်ဟု၊ မိုးတိမ့်အရိပ်၊ အလိပ်လိပ်တွင်။ ။(ဘုံခန်း)။

**ပဟောဠိအဖြေ**

၂၇၃။ "ဈာန်မရဘဲနှင့် အဘိညာဏ်ရသောသူ"ကား သုက္ခဝိပဿကရဟန္တာမှာ အာသဝက္ခယဉာဏ် ရသည်ကို ဆို

လိုသည်၊ အာသဝက္ခယဉာဏ်ကိုလည်း အဘိညာဏ် ၆-ပါး အဝင်သွင်းသည်ကို ယူရမည်။

နိဂုံးဝိဂြိုဟ်

၂၇၄။ ဥါဒသာကုသလ စိတ္တာနိ နိဂမိယန္တိ အပ္ပိယန္တိ ကောတော ပဝေသိယန္တိ သမ္ပိဏ္ဍိယန္တိ ဝါ ဧတ္တာတိ နိဂမနံ။ ။ (မဏိမဉ္ဇူ)။

နိပ္ပန္န အနိပ္ပန္န သမတ္တ ၂-မျိုး

၂၇၅။ သမတ္တာနိ၊ပြည့်စုံကုန်ပြီ။(အနိပ္ပန္န ပါဠိပဒိက။) သမတ္တာနိ၊ အကျဉ်း ရေတွက်၍ ယူအပ်ကုန်ပြီ။ (နိပ္ပန္နပါဠိ ပဒိက၊)ခါတ်ပစ္စည်းပြီးသောပုဒ်ဟုလိုသည်။

အကြောင်း၃-ပါး အထူး

၂၇၆။ (၁) မမနိအကြောသည်အခေါင်းရှိသည်၊ လေကို ဆောင်တတ်သည်။

(၂) နှာရှုသဒ္ဒါ, သိရသဒ္ဒါ-တို့ကား အမျိုးကို ဖွဲ့တတ်သော အကြော။

(၃) ရသဂ္ဂသဒ္ဒါ, ရသဟရဏီသဒ္ဒါတို့ကား-အာဟာရကို ဆောင်တတ်သော အကြော၊ (အကြောမျိုး ၃-ပါး၊ လက္ခဏာကြီး ဆန်းစစ် ကျော်အောင်စံထားနည်း)။

"ဥသုဂတံ၊ ဂေါဏောသွန်"ဟုဆိုသည်၌ ဥသုဂတံကား-များနှင့်တူသော လျင်သောအသွားရှိသည်။

ဂေါကောသွန်ဟူသည်ကား-နွားယဉ်ဆိုလိုသည်၊တလိုင်းတို့မှာ ယဉ်ကိုသွန်ခေါ်သည်၊ မိန်းမတို့ကိုမိယဉ်မှည့်လိုလျှင် မိသွန်မှည့်သည်၊ မိသွန်ကိုမိယဉ်ဆိုလိုသည်ဟူ၏။

၉-ခန်းတွင် ယဉ်မျိုးတသွန်၊ ပန်းမှန်ခပ်သိမ်းဟုစပ်သည်နှင့်လည်းအင်တန်မလျော်၏။ "ဥသုပါတံ"ဟု စာရှိသည်များ ကျုံးသကဲ့သို့ ယူရန်ရှိ၏။

**အဖျော် ၁၀-ခု**

၂၇၇။ အဖျော်ဆယ်ခုကား-တမာစေး, ပွဲယက်, ထန်းလျက်, လဝါ,လွန်ဆန်, ဖန်ခါးသီး, ကြွရေ, ကျွေ, ဥသျှစ်, အုံတုံဆယ်ပါးတည်း၊ ထောပတ်ပြုကာကျိုသည် ချက်သည်နှောသည်၊ အဖျော်ဆယ်ခု၊ ထောပတ်ပြုလျက်မှာ သိခက်အောင်ဆိုသည်။

**မင်းအဆက်ဆက် စာထိုးပုံ**

၂၇၈။ မင်းအဆက်ဆက် စာထိုးသည်ကား- လူဆိုး, လူသွမ်း၄-လုံး၊ မိန်းမဖြစ်လျှင် မိန်းမဆိုး မိန်းမသွမ်းဟု ၆-လုံးထိုးသည်။

**မန္တန္တရီဆရာ**

၂၇၉။ သြသဓ ရတနာကရကျမ်း၌ သီရိနာရာယနရသေ့၏တပည့်ဖြစ်သော သီရိဂေါပါလဒါဿရသေ့သည်ပရမေသွာရာနတ်မန္တန္တရီဆရာတို့ကိုရှိခိုးသည်။

**ပရပ်**

၂၈၀။ မျက်ပရှပ်ကို ရာမပရှပ်ခေါ်သည်ဟူ၏။

ဇဝက်သာလက်ချား

၂၀၁။ ဇဝက်သာနှင့်သခိကာကို ဆပ်ပြာ ၂-ပါးဆိုသည်-မယောစပါးအခွံ အညှန့်တို့ကို ချက်၍ပြုသောဆပ်ပြာကိုဇဝက်သာ၊ ခိုချေးစသည်ကိုပြု၍ချက်သောဆပ်ပြာကို သခိကာဟုရတနကောသ၌ဆိုသည်၊ သခိကာဆပ်ပြာမှာ လက်ချားကိုယူလေ။

ဆား၅-မျိုး

၂၀၂။ ဆား ၅-ပါးကား-သမုဒ္ဒရာဆား,သိန္ဓောဆား၊ သောဝစ္စလဆား, ဥဗ္ဘိဒဆား, ဗိဠဆား-အားဖြင့် ငါးပါးတည်း၊ (အကျယ်ကိုသာရကောမုဒီ၌ဆိုပြီ)။

ပရုပ်ဖုံးမသိမ်

၂၀၃။ ဇုန္နောရဝိ၌ ဇုန္နသဒ္ဒါကား-ပရုပ်, ဖုံးမသိမ်ဟောတည်း၊ ကောင်းကင်လကိုဟောသမျှသဒ္ဒါသည် ပရုပ်ဖုံးမသိမ်ကိုလည်းဟော၏ဟူ၍ အမရကောသ,ရတနကောသ၊ သက္ကဋအဘိဓာန်များ၌ဆိုသည်။

ပရုပ်နှင့်ဖုံးမသိမ်ကား ပရိယာယ်အထူးအခြားမရှိ၊ အကြမ်းအနုမျှသာထူးခြားကြသည်။

ပါဠ်ကိုပြုလုပ်သောစာငယ်များ၌ ဘူမသေန စသည်ဖြင့်ဆိုခြင်းသည်လည်း ကျမ်းဂန်များနှင့်မညီ။

လေနာစသည်

၂၀၄။ လေနာ ၈၀၊သည်းခြေနာ ၄၀၊သလိပ်နာ ၂၀-ဟူ၏။

**အဩိုက်**

၂၀၅။ ဝဇြမည်သော အဩိုက်သည် စိန်ကဲ့သို့ဖြူသော အရောင်ရှိသောကြောင့် ဝဇြမည်၏၊ ဖါးပြုတ်ကဲ့သို့ စိမ်းရွှေရွှေစသော အဆင်းရှိသောကြောင့် ဘောကနိတမည်၏၊ မည်းနက်သောအဆင်းရှိသောကြောင့် တြိသျကာမည်၏။ ဘောကနိအဩိုက်ကား ညှံ့၏။

**မြင်းတို့ရွှေသွား**

၂၀၆။ မြင်းတို့မှာ ရွှေသွား၂-ချောင်းအောက်အထက်ကို ခေါင်-ခေါ်သည်၊ ၃-နှစ်လည်လျှင် ခေါင်ကြွေသည်။

"စွယ်ရောက်ခေါင်ကြွေ၊ မဟုတ်ပေဘူး။
မွေးရေကြွကြွ၊ ခုနစ်လသည်၊ ကြိုးကတန်ဆာ၊ နိုင်ရှိသာ" ဖြင့် စပ်သည်။

**အမြီးနှင့်ခေါင်**

၂၀၇။ မြင်း၏အမြီးကိုလည်း ခေါင်-ခေါ်သည်၊ လင်းတလိုက်မြင်းတို့မှာ ဘင်ဝတွင် ဝင်တတ်သည်။

ကြက်၏အမြီးကိုလည်း ခေါင်ပင်ခေါ်သည်။

**ကိုးခန်းလာစကား**

၂၀၈။ ၉-ခန်းတွင် "မြေခြာပလ္လင်၊ ဗောဓိပြင်သို့"ပြင်သာလိုသည်၊ဗောဓိပင်သို့ဟုမလို၊ စာမူကား ပင်သို့ဟုရှိကြ၏၊ မသင့်ချေမှတ်ရမည်။ ဆုတောင်းခန်းတွင် သမိုက်ပြင်ထက်ဟု စပ်၏။

ချက်သွန်ပြောပြော၍ ပြန့်ပြောသည်။
ချက်ရိုင်ပြည့်စုံကား- အပြည့်အစုံ။
ဖူးမြင်ချက်တွေ့၍ မြင်သည်ဖူးသည်။

ချက်တိုက်သိမြဲ၌ ချက်တိုက်ကား- သိမြင်သည်။
ချက်ကုံရှိမဲ့သရွေ့မှာ အကြွင်းမဲ့ဆိုလိုသည်။

**ကာလကဏ္ဏီနှင့်လက္ခီ**

၂၇၉။ ကာလကဏ္ဏီ လက္ခီလက္ခဏာ၌ ကာလကဏ္ဏီကား သူယုတ်၊ လက္ခီကား ဘုန်းရှိသူမြတ်သောသူ,ဟုလို။

**စတေ-အစစ်**

၂၈၀။ ''မင်းကြီးစတေ၊ မြွောက်လျှင်းပေအံ့။''စတေကား အစစ်ဆိုလိုသည်။

**အဓိပ္ပါယ်မဖြောင့်သောစကား**

၂၈၁။ စတုမဟာရာဇ်၊နှတ်စစ်တို့မှာ ''ကိုယ်တိုင်လာ၍'' ''၌မှာလည်း''ပါသည်၊ ကိုယ်တိုင်လာ၍လည်း အဓိပ္ပါယ် မဖြောင့်။ နှတ်သားတို့မှာ ကိုယ်တိုင်လာ၍ ၌မှာလည်း ပါသည်သွားသည်ကို သာစပ်သည်၊ နိုင်ငံတိုက်မှ နှင်လိုက် ကုန်ဘိ၊ တိုက်ဟူ၍ဆိုသည်။

**မြန်မာစကားပုံ**

၂၈၂။ အတင်းကြီးပြတ်စရာ၊ အညင်းကြီးသတ်စရာ။ မှားသည့်အခါကိုသူမိုက်၊ မှန်ငိုက်ကိုသူလိမ္မာ။

**ဓမ္မသတ်လာစကား**

၂၈၃။ ဓမ္မသတ်မှ တေမာသသင့်ပါ၌ကို ၆၃-ပဲ ရိုရမည်၊ မာသ၊ ပဲဟော၊ ဝဏ္ဏာဓမ္မကား ပါဒကိုယောင်၍ မတ်ဟော ယူ၏၊ ပါဒသဒ္ဒါကား မတ်ဟော၊ မာသသဒ္ဒါပဲဟော၊ (အဘိဓါန်မှာရှု။)

## အပ်သောအဖျော်

၂၉၄။ သပြေ,သရက်၊ မုဒရက်၊ဖက်သက်,သစ်မည်စည်။
ဧတာ,အိမ်ငှက်ပျော၊ကြာစွယ်နှော၊အပ်သောအဖျော်ရည်။

## တရုပ်သံရောက်နှင့်နားထွင်းရက်စွဲ

၂၉၅။ ၁၁၉၅-ခု နယုန်လဆန်း ၃-ရက် တရုပ်သံတို့ နန်းတော်သို့ ဝင်ရသည်။

လပြည့်ကျော် ၄-ရက် သားတော်နားထွင်းသည်။

## စပါးသွင်းအခါရွေးနည်း

၂၉၆။ ၁-နေ့နေ့နံနက် စပါးသွင်းမူပျောက်အံ့၊ ပုရိစာခါ သွင်းမူပျက်အံ့၊ နွားထွန်ချတ်သွင်းမူရွှေငွေရအံ့၊ ၂-လာနေ့ နံနက်စပါးသွင်းမူချောက်ချားအံ့၊ ပုရိစာခါသွင်းမူဥစ္စာရအံ့၊ နွားထွန်ချတ်သွင်းမူ မယားရအံ့၊ ဤသို့ရက်စွဲပင်ဆိုသည်၊ နေထွက်နှင့် နွားထွန်ချတ်စပ်ကြားကို ဆိုသည်ဖြစ်၍ ပုရိစာ အခါသည် တချက်မတီးမီ တချက်တီးအခါနှင့်တူ၏။

ဥရုနက်ဝင်အံ့ဟူ၍ပါ၏၊ ဥရုတိုင်ဆိုသည်ကား ဥရုနတ်ကို စွဲ၍တွင်သည်ဟု ယူရန်ရှိ၏။

တိပ္ပူ၊များတွင် ကျီစပါး သွင်းပိုင်းတွင် ဆိုသည်၊ အိမ် ဆောက်ချိန်မှာလည်း ပုရိစာခါပါ၏။

## အိမ်ဆောက်မှတ်ဘွယ်

၂၉၇။ အိမ်ဆောက်သော အခါ ၄-တိုင် တပြိုင်နက် တွင်းချသော အိမ်မကောင်း။

အိမ်တို့သည် အထက်မြင့် အောက်နိမ့်မူ လိပ်သင့်၏၊ အောက်မြင့် အထက်နိမ့် ဖါးသင့်၏၊ အောက် အထက်မျှမူ နွားသင့်၏၊ လိပ်အိမ် ဖျားနာ၏၊ ဖါးသင့်မူ အကောင်းပုံ၏။

အိမ်တိုင် အရှေ့သို့ငုဒ်း အနောက် သို့ငုဒ်း တောင်, အနောက်မြောက်၊မြောက်,အရှေ့မြောက်တိမ်း ကောင်းအံ့။

တိုင်ချအရင်းက ဖဝါးကိုဝါးခြမ်းနှင့်တိုင်း၍ဇေယျ,မိတ္တ၊, ဝိသာခါ, ဝိဝါဟ, ရေတွက်၍ ဇေယျ, ဝိသာခတွင် ယက်မ ဖေါက်လေ။

## မပြုကောင်းမနေကောင်းသောအိမ်

၂၉၈။ ငုဒ်း၏အိမ်တိုင် ထုပ်းမှ စရွေးရှည်သည် ဟူ၍ မဖြတ်ကောင်း။

ရွှေချက်မဖေါက် စေနှင့်။
ကြမ်းထက် ထောက်တို မရှည်စေကောင်း။
တလိုင်းခေါ် မပေါ်စေနှင့်။
ကြမ်းပြင်တိုင်ရံထက် တိုင်မရှည်စေနှင့်၊
ရွာအနိုးမသင့် စေနှင့်။
လှူမနေခင် ထမင်းတက်၍ မချက်စေနှင့်။
ရှောင်မ ပြုးစေနှင့်။
စရွေးပြီး၍ တလမြောက်သော အိမ်ကို မနေရာ။
အိမ်ပြီး၍ ၆-လတိုင်အောင် မတက်သောအိမ်ကိုမနေရာ။
အလယ်၌ သစ်ဆက် ဝါးဆက်ရှိသော အိမ်ကိုမနေရာ။
အိမ်မပြီးဘဲ ခြိမှတ်ပြုသော အိမ်ကိုမနေရာ။
ထုပ်လယ်၌ တံခါးမပြုသော အိမ်ကိုမနေရာ။
အိမ်လယ်၌ တိုင်ခြားသော အိမ်ကိုမနေရာ။

## ယတြာကြီး

၂၉၉။ ကောင်းစားလိုသော် ကိုယ့်နံကိုဘုရားထု, ယုတ် စေလိုသော် ကိုယ့်နံကို တံတားပြု(ယတြာကြီးတည်း။)

**အနွံသိုက်စာ**

၃၀၀။ ရာဇဝင်ကြီးတွင် သိုက်စာကို အနွံစာခေါ်သည်၊ ရာဇဝင်ငယ်တွင်ကား သိုက်စားခဲ့သည်ကို အနှုန်းထားခဲ့သည် ဟုဆိုသည်၊ ထုံးနှုန်းဟူ၍ ပြောစဉ် ဈေးနှုန်းဟူ၍ ပြောစဉ် များနှင့် လျော်ချေသည်၊ ဈေးမတက် ရွာအနှုန်းဟူသော စကားလည်းရှိသည်။

**မြရောက်သွား**

၃၀၁။ ရာဇသင်္ကြံ လက်ထက်တံငါတို့ထံမှရသည်စကား တွင် ရာဇဝင်ကြီးက မြယောက် ဆိုသည်၊ မြယောက် သွား အချုပ်က မြယောက်သွား မြရောက်သွား ဆိုသည်။ ။မြ ရောက်သွား သာ၍သိသာသည်။ ။

**ပုရောဟိတ်သန္ဓေ**

၃၀၂။ ပုရောဟိတ် ပုဏ္ဏားတို့ သျှန္တိ ၉-ဂါထာသိဒ္ဓိ ၁၀၈-သိဒ္ဓိ ၃၀-တို့ဖြင့် သန္ဓေရုံသည်၊ ထမင်းမျိုး ၅-ပါး၊ မံသမျိုး ၅-ပါး,ပဲမျိုး ၅-ပါး,သစ်သီးမျိုး ၅-ပါး, ပန်းမျိုး ၅-ပါး၊ တံခွန်တိုင် ၅-တိုင်၊ဆီမီး ၅-တိုင်၊ သစ်တော်အရင်း ကလက် ၄-သစ်အဖြားကလည်း ၄-သစ်ရွှေငွေဖြင့် လှုရ၏၊ ဖြတ်၏မဆို၊လှု၏ဆိုသည်။ ။

**မင်္ဂလာထွန်ခြင်း ၇-ပါး**

၃၀၃။ ဒက်လှလည်း လျောက်ထွန်ချင်း, လပြည့်ဝန်း ထွန်ချင်း, ထွန်ရေကြီး, ထွန်ရေးစုံ, ထောင့်သန်း, ရစ်ခေါက်, ခရုပတ်, မင်္ဂလာထွန်ခြင်း ၇-ပါးဖြင့် နန်းတော်ရာကို ထွန် ရာ၏။ ။

**သစ်ရပ် ၇-ခုစသးအဟော**

၃၀၄။ သစ်ရပ်မြေဝင်မှစ၍၊ သစ်ပခုံရောက်၊ တောင်ဖွဲ့၊ မိုက်ဖွဲ့၊ ၇-ခုစား၊ ဒွေသိဒ္ဓိ၊စတုလာဘ်၊ ဆသုခ သမ္ပတ္တိ၊ သေသကိုဟောသည်။ အကျဉ်းကား စုံကြွင်းစေဆိုလိုသည်။

**လူတို့ကိုးကွယ်သည့်နတ်အချို**

၃၀၅။ အစဉ်ကိုးကွယ်မြဲဖြစ်သော အောင်စွာမ ကြီးနတ်၊ ၅-စီးရှင်နတ်၊ သီရိမေယနတ်၊ ရွှေလဘ္ဘိနတ်၊ ရွှေသာနိုးနတ်၊ ပြည်တောင်နတ်၊ ကြက်ရှုံနတ်တို့ကို ကိုးကွယ်သည့် တံတားဦး မြင်းဖြူရှင်နတ်၊ပင်းယပွေးမကြီးနတ်၊၅-စီးရှင်နတ်၊ဂြိုဟ်၈-ပါး ဂြိုဟ် ၉-ပါး ၂၀-သောနတ်၊ ၂၄-ပါးနတ်။

**ပါရမီခန်းလာစကား**

၃၀၆။ "မြွက်ဖေါ်လိုလို၊နောက်ကိုပိုင်းခြား"ဟု ပါရမီ၌ ဆိုရာတွင် နောက်ကိုပိုင်းခြား၏၊ ရှေ့ကိုမပိုင်းခြားဆိုလိုသည်၊ နောက်ကိုတမ်းရှိ၏၊ ရှေ့ကိုတမ်းမရှိဟုလိုသည်။

**သံလျက်ကိုင်သစ္စာပြုသူများ**

၃၀၇။ သုတသောမမင်း သံလျက်ကိုကိုင်၍ သစ္စာပြု၏၊ သီလဝဇာတ်၌ ကောသလ သံလျက်ကိုင်လျက် သစ္စာပြု၏၊ ဒီဃာဝုမင်းသား သံလျက်ကိုင်၍ သစ္စာပြု၏၊ မဟောသဓာ နှင့် ပဥ္စာလရာဇ် သံလျက်ကိုင်၍ သစ္စာပြုကြ၏။

**မိစ္ဆာဒိဋ္ဌိ ၃-ပါး**

၃၀၈။ မိစ္ဆာဒိဋ္ဌိဟူသည်ကား နတ္ထိကဒိဋ္ဌိ, အဟေတုက ဒိဋ္ဌိ, အကိရိယဒိဋ္ဌိ ၃-ပါးတည်း။

**ရဝေ-ပေါ်ရာဏ**

၃၀၉။ နန်းကျောင်း နံချူရပ်မိုင်းတွင် ရှေးသူတို့ကား အသီးအကန့်ကိုရဝေခေါ်သည်၊ ဂဗ္ဘသေယျက ဝိဂြိုဟ်တွင် မှာသည်၊ ယခုကာလအလိုက်တိုက်ဟုခေါ်သည်ဟူ၏၊ ဘုံခန်း တွင် ရဝေဆီကိုလည်း စပ်ချေ၏။

**တစ် ပေါ်ရာဏ**

၃၁၀။ ဇာတိဥဏ္ဏမည်သော သားမွေးဖျား၌ ဆီကြည်ကို တစ်၍ထုတ်ပြီးသော်ဟူ၏၊ ဆွတ်သည်ကို တစ်ခေါ်သည်၊ပါရမီ တွင် ဆွတ်သစ်မေတ္တာ၊ ကရုဏာဖြင့်စပ်၏၊ ဇာတိဥဏ္ဏကို ဆိတ်မွေးဟု နန်းကျောင်းဆရာဆိုသည်။

**ကြမ်းပိုးဆေး**

၃၁၁။ နန်းလုံးကြိုင်မြစ်ကိုသွေး၍ ကြမ်းမှာ သုတ်သော် ကြမ်းပိုးမနေဝံ့၊ ရှိလျှင်ပြောင်းကြလေ၏၊ မြင်းဆီကိုတည မီးထွန်းရသော် တနှစ်ခန့်ငြိမ်း၏၊ မီးထွန်းသည်နေ့ ပျဉ်ငယ် မှာဆားစု၍ထား၊ စုရုံးလာ၏၊ အချို့နနွင်းမှာလည်း သမင်စု၍ ထား စုရုံးလာ၏၊ လွတ်ရာမှာလွှတ်။

**ဒိန့်နက်သဲပြိုကိန်း**

၃၁၂။ ဒိင့်နက်သဲကားရက် ပေါင်း ၆၃-ရက်သော် ၁-ကြိမ်ပြို၏။

**ဒဟာသဃကိုင်း**

၃၁၃။ သဟာဿဂဏ၊ သဟာဿဂိုဏ် ဆိုလိုသည်၊ ယခု ဒဟာဃကိုင်းပင်ခေါ်သည်။

**မှောင်စာ**

၃၁၄။ မှောင်စာကား ကြက်သွန်နီကိုကြိတ်၊ အရည်စစ်၍ ယူ၊ ဆပ်ပြာရည် ကြည်ကြည်နှင့်နှော၊ ထုံးဖြူအရည်ကြည်

လည်းဆ၍ တော်အောင်ထည့်၊ စက္ကူမှာရေး၊ မှောင်ရှိနေ၏၊ မထင်၊ မီးပြမှထင်သည်။

**ပြဒါးနှင့်ကြေး**

၃၁၅။ ပြဒါး ၅၀-ပေါ်မှာ ကြေးလောက် ၂၅-ကျပ် တင်၍မနေ၊ ခမြဲ၍နေ၏။

**ကျောက်ဂဝံရုပ်**

၃၁၆။ သီဟိုဠ်မဟာစေတီ၌ ဒုဋ္ဌဂါမဏိသည်လူအပေါင်း တို့ကိုး ဘွယ်စိမ့်သောငှါ ကျောက်ဂဝံရုပ်ထားသည်ဟုရွှေကျန် ဆစ်ရာဇဝင်တွင်ဆိုသည်။

**ဆံကြွစ်ဆံထိုး**

၃၁၇။ မင်းဆောင်တော်မှာ ဆံကြွစ်ကား မိန်းမဆောင် တည်း။ ကန့်လန့်ထိုး ကြက်ခြေခပ်တည်း။ ဆံထိုးကား ယောကျ်ားဆောင်တည်း၊ ခေါင်ရှကနောက်သို့ ထိုးရသတည်း၊ စာချောင်းတည်းဖြစ်သည်၊ ရွှေကိုလုပ်သည်။

**မျောက်ကိုက်ဆေး**

၃၁၈။ မျောက်ကိုက်လျှင် အဆိပ်မတက်အောင် ဆေး သုတ်ရသည်၊ အရွက်ဆေးဝင်သည်၊ မျောက်ဆိပ်ပင်တည်း၊ ရာဇမဏိစူဠာကျောက်စာ၌ မျောက်ဆိပ်ဟု ပသတ်နှင့်ရေး သည်၊ အမှန်ကိုဝဏ္ဏဗောဓနသတ်အင်း သတ်ပုံများမှာ တ သပ်စပ်လေသည်။

**မြန်မာစကားပုံ**

၃၁၉။ စိမလျှမ်း-ဝမ်းမပြည့်။

**မင်း ၃-ထပ်ရမြို့စားများ**

၃၂၀။ စဉ့်ကူးမင်း လက်ထက်(၈)မြို့စား မောင်ပျော် မင်းရဲမင်းလှမင်းကျော်ထင်။

(၅) မြို့စားရမည်းသင်းမောင်ကြီး၊ မင်းရဲမင်းလှ မင်းကျော်စွာ။

(၃) မြို့စား မောင်ငယ်၊ မင်းရဲမင်းလှ မင်းကျော်ခေါင်။

မင်း ၃-ချက်ပါ၃-ယောက်၊မင်းတကာတို့လက်ထက်မင်း ၂-ထပ်သာပေးကြသည်၊ မင်း၃-ထပ်မပေးဘူးလေ။

**စဉ့်ကူးမင်းလက်ထက်အံ့ဘွယ်များ**

၃၂၁။ စဉ့်ကူးမင်းလက်ထက်အံ့ဘွယ်ပေါင်းကား—

မင်းတကာတို့ မဆောက်ဘူးသော ၅- ထပ်ကျောင်းတွင် ပြင်ရွှေထည့်ဆောက်သည်။

စစ်မထိုးသည်။
အခွန်မတောင်းသည်။
စာရင်းမယူသည်။
မြို့ပြမတည်သည်။
နန်းမဆောက်သည်။
မြို့နန်းမပြောင်းသည် ။
စပါးဆန်ရေပေါသည်။
ခါးပြသူခိုးမရှိ။

ဆန်၂ခွဲစား ၃်စားပြူသည်၊ တနှစ်သောအခါဆန်၃်ဈေးပြူသည်တွင် ပြည်သူတို့ထိတ်လန့်ကြသည်။

မင်း၃-ထပ်ပါဘွဲ့ကို မှူးမတ်တို့အားပေးသည်။

### အမှုဓရတိမ်ဟော

၃၂၂။ ဗျာလမ္ဘမ္ဘုဓရတိမ်ကိုယ္ယာပဋ္ဌုံ နတ်ကိုလည်း တိမ်ဟောယူ၊ နန်းကျောင်း၌ နတ်သားဟောဟူ၏။

### မြင်းထိးမှန်း မြင်းမမှန်းမသိ

၂၀၁။ မြင်းထီးမှာ နို့မရှိရာ၊ နို့ရှိသော်မကောင်း။
မြင်းမမှာအစွယ်မရှိရာ အစွယ်ရှိသော်မကောင်း။
မြင်းထီးဖြစ်လျက်နို့ရှိသော် မြင်းမလက္ခဏာ။
မြင်းမဖြစ်လျက် အစွယ်ရှိသော် မြင်းထီးလက္ခဏာ။

ဤသို့အထီးမှာ အမလက္ခဏာရှိသည်၊ အမမှာအထီးလက္ခဏာတို့ ရှိသည်ကို မြင်းရှင်တို့ သိခဲသည်ကိုရည်၍ "မြင်းသာစီးလျက် မြင်းထီးမှန်း မြင်းမမှန်းမသိ" ဆိုစကနည်း။

### စာကျင် ကျောက်မြူအပြစ်များ

၃၂၃။ စာကျင်တောင်က ဖွဲရောက်သည့် ကျောက်မြူအပြစ်မှာ သမင်အံ့ရပ် သမင်အံ့နှ၊ သမင်အံ့ကြမ်း၊ သံသန်း၊ ပွဲလျက်၊မီးအက်၊ အစိတ်၊ တောင်ထိပ်၊ကမ်းရံ၊ တွင်ပလည်း၊ အိခံ၊ဆံတော်ရှင်ကျောက်များသည် အပြစ်မကင်း။

(၁) သမင်အံ့ရပ်မှာ အကွက်ကွက်မည်းညို့သည်။
(၂) သမင်အံ့နှမှာ ကျောက်မွှမ္ဘရှိသည်၊အရောင်မရှိ။
(၃) သမင်အံ့ကြမ်းမှာ အစင်းအစင်း ကျောက်သလင်းရောင်ကွက်သည်။
(၄) သံသန်းကျောက်မှာ သံစေ့သံလုံးနှံ့ ဖခဲအဆင်းကဲ့သို့ မည်းညိုသည်။

(၅) ပွဲလျက်မှာ ဖြူကိုယ်တွင် ပွဲလျက်ကွဲ့သို့ ကင်သည်။

(၆) မီးအက်မှာ ကြောက်ကိုဖြတ်၍ ယူသည် ကာလ မီးတိုက်သည်တွင် မီးလွန်၍အက်သည်။

(၇) အစိတ်မှာ ကျောက်ဖြစ်ရင်းက တသားတည်းမ ဟုတ်၊အနိစိတ်ပါသည်။

(၈) တောင်ထိပ်တွင် အလွယ်တကူယူ၍ချလျှင် အဆီ အပြားမရှိ၊ အရောင်မရ။

(၉) ကမ်းရိုတွင် ကျောက်လည်းမကောင်း၊ အရောင် မရ၊ အဆီအပျားမရှိ။

(၁၀) အိမ်မှာရင်းနည်း။

ဆံတော်ရှင်တောင်ကကျောက်လည်းမကောင်း၊ အကြော အနာများတတ်သည်။

မြောက်တောင်ဒဟပ်ချောင်တွင်းမှာ အကြောအနာမရှိ၊ (စင်ကျယ်လွတ်ကင်းသည်၊ ဘုရားထုရန်ကျောက်) ဆံတော် ရှင်တောင်မှာ အသုံးမဝင်၊ တောင်ကတောင်ပွဲလျက်တွင်းမှာ ဖုရားထုကာလပွင်ကြောမထင်၊သန့်စင်အပြစ်လွတ်ကင်းသည်။

**ဓမ္မပဒ**

၁၂၄။ ဓမ္မပဒတွင် ဝိသာခါကို အဖကဆုံးမလိုက်သည် ကား ဩဝါဒဆယ်ပါးတည်း။

**စွယ်ကြိုးဘုရားမြေလှူ**

၁၂၅။ ၅၅၄-စည်သူမင်းကြီးစွယ်ကြိုးဘုရားကိုမြေလှူသည်၊ ဆရာစွယ်ရှင်နှင့် တိုင်ပင်သည်ဟု ပါ၏။

**ထူပါရုံကျောက်စာ**

၃၂၆။ ထူပါရုံကျောက်စာတွင် သီးဘန်ခါးပင်ဟုပါသည်၊ သဖန်းခါးခေါ်သည်၊ တောင်ကြည့်ဘိုက်တွင် ရတနာဂူ မြေစပ်ဟု ပါ၏၊ သီးရှက်ပင်ဟုပါ၏၊ မုံရွာလေကူးစရပ်ဖြူ ပါသည်၊လှေကဦးဟုမပါ၊ဒိတျရေးမည်တွင်းမေးသည်ဒထွေး ဖြစ်သည်၊ နောက်သည်ကွဲ ့ ့လျှင် အစ်ဂဏန်းဟု သိရာ၏။

**သာလျောင်းကျောက်စာ**

၃၂၇။ သာလျောင်းကျောက်စာ ်ငင် ဒရှုပ်ရေးသည်။

**စည်သူရှင်ကျောက်စာ**

၃၂ ။ ပ ာန်းစည်သူရှင် အရှေ့ရှိ ကျောက်စာတွင်ကား စစ်ကိုင်းပျက်၍နှစ်လည်၍ သက္ကရာဇ်အစွန်း ်-ခုသိမ်တော် တည်သည်။

တခုကား ပုဂ္ဂိုလ်၊ ၂-စုကား အရာသယ်ဟု ပါသည်၊ အရာကား အရံသယ်ဆိုလိုသည်၊

၃၂၉-ခု နရပတိစည်သူအမည်ရှိသော လှေစကြာရတော် မူသော မင်း၏ဆရာ ပေါင်းလောင်းရှင်အမည်ရှိသော မဟာ ကဿပထေရ် တုံမောင်းအရပ်၌လှူသည်။

**နံ့ကိုင်းကျောက်စာ**

၃၃၀။ ၆၃၅-ခု မင်းကြီးတနေဖျားဟုပါသည်၊ သ ် ဒိ ကျောင်းတိုက်ရှိ နံ့ကိုင်းကျောက်စာ သက္ကရာဇ် ၇၁၃-ခု တပေါင်းလဆန်း ၉-ရက် ၆-နေ့၊ သီဟပတေ့ စစ်ကိုင်းမြို့ ကို နန်းတက်၏၊ ၇၁၄-ခု တပေါင်းလဆန်း ၁၁-ရက် ၅-နေ့ စည်းခုံကြီးတည်၏၊

**စတုလောကပါလနတ်မျိုးများ**

၃၃၁။ စတုလောကပါလ နတ်မင်းကြီး လေးယောက်တို့တွင်—

ဝေဿဝဏ်နတ်မင်းကြီးအား ကောင်းကင်၌ ဖန်ဆင်းအပ်သော နတ်မြို့တို့သည်ကား အာဋ္ဌာနာဋ၊ ကုသိနာဋ၊ ပရကုသိနာဋ၊နာဋသုရိယ၊ပရကုသိဋနာဋမြို့၊ဤမြို့တို့သည်ဖြစ်ကုန်၏။ မြောက်မျက်နှာအရပ်၌ ကသိဝန္တမြို့၊ ထိုမြို့၏ အနောက်မျက်နှာအရပ်၌ နဝနဝုတိမြို့ အမ္ဗရအမ္ဗရဝတီမြို့၊ အာဠကမန္ဒာမြို့၊ ထိုမြို့အပေါင်းတို့တွင် ကုဝေရနတ်မင်းကြီးသည်၊ မဟာဝိသာန အမည်ရှိသော ရာဇဌာနီ မင်းနေပြည်ကြီး၌ နေလေ့ပြု၏၊ ကုဝေရနတ်မင်းကြီးသည် ရှေးဘဝက ပုဏ္ဏားဖြစ်ဘူးသောကြောင့် ဝေဿဝဏ်ဟု ဆိုအပ်၏။

**ကလာပ်နိဿယစကား**

၃၃၂။ ကလာပ်နိဿယမှာ ယုပကျယ် ဆိုသည်ကား ယုပစ္စည်းဆိုလိုသည်၊ဂုဏ်ပြုတယ် သက်ဆိုရာ၌ ဂုဏ်ပစ္စည်းပင်တည်း၊ ပြေသြပြုကိုပင် ဂုဏ်ပြုသည်ဆိုသည်၊ ပြကတိကားပကတိတည်း။

ပဌမကား ပဌမတည်း၊ဒွိတီယ ဤတိယကား ဒုတိယ တတိယ တည်း။

ဝိသဂ္ဂဆိုသည်ကား ဝိသဇ္ဇနီတည်း။
အာပဒျတေ တို့သည် အာပစ္စတေပင်တည်း။
စန္ဒါဆိုသည်ကား သဒ္ဒါဆိုလိုသည်။
ပရိယူဒါသ ပဋိသေဓ။

ဘောဂီ၁ ဒတ္တာ အိုယညဒတ်။ဤဆိုရာ၌ ဝိ၁ဒတ်မဆိုလို၊ ယညဒတ် ဆိုလိုသည်ကို ထောက်၍ဇကို ယသံဖတ်ရမည်။

ဂဝယ်ရှကို တာလုဇရှ ခေါ်သည်။

ပစောက်ရှကို မုဒ္ဒဇရှပြ နိသျှဆရာ ဆိုသည်။ ။သကို ဒန္တဇရှပြ။

**ရခိုင်များမိုးရွာမိုးခဲစေနည်း**

၃၃၃။ ရခိုင်ရာဇဝင်မှာ မိုးရွာအောင် လုပ်သောအခါ ပန်းညို ဆီမီးညို ပေါက်ပေါက်ညို လူတို့မှာ ပုဆိုးညိုနှင့် ဘုရားကိုပူဇော်စေ၊ရွာလွန်းသော် အနီကိုဆောင်းစေ၊နေပူ၏။

ရခိုင်စာမှာ သိုက်ကျမ်းကို သစ်ကျမ်းဆိုသည်၊ ခုန်သော ကျမ်းဆိုလိုသည်။

**အမျိုးအနွယ် ၆၀**

၃၃၄။ ဝါသိဋ္ဌ ၁၊ ဘာရဒွါဇ ၂၊ ဂေါတမ ၃၊ ဝါသု ဒေဝ ၄၊ ဗာလဒေဝ ၅၊ ဝေသာမိတ္တ ၆၊ ဝစ္ဆာယန ၇၊ သကင္ဂာယန ၈၊ ကဏှာယန ၉၊ အဂ္ဂိဝေဿာယန ၁၀။

ဝစ္ဆာယန ၁၊ ကပ္ပာယန ၂၊ မောဂ္ဂလ္လာယန ၃၊ မုဋ္ဌာ ယန ၄၊ သံဃာယန ၅၊ လောမာယန ၆၊ သာကမာယန ၇၊ နာရာယန ၈၊ စာရာယန ၉၊ အဝဿလာယန ၂၀။

ဒွေပါယန ၁၊ ကုဏ္ဍာယန ၂၊ ကစ္စာယန ၃၊ ကတ္တိကေ ယ ၄၊ ဝေနတေယျ ၅၊ ရောဟိနေယျ ၆၊ ဂင်္ဂေယျ ၇၊ ကဒ္ဒ မေယျ ၈၊ နာဒေယျ ၉၊ အာလေယျ ၃၀။

အာဟေယျ ၁၊ ကာမေယျ ၂၊ သောစေယျ ၃၊ သာ လေယျ ၄၊ ဗာလေယျ ၅၊ မာလေယျ ၆၊ကာလေယျ ၇၊ဒက္ခိ ဏာ ၈၊ ဒေါဏိ ၉၊ သကျပုတ္တိ ၄၀။

နာဠိပုတ္တိ ၁၊ ဒါသပုတ္တိ ၂၊ ဒါသဝိ ၃၊ ဝါရုဏိ ၄၊ ဂဏ္ဍိ ၅၊ ဗာလဒေဝိ ၆၊ ပါဝကိ ၇၊ ဇေနဒတ္တိ ၈၊ ဗုဒ္ဓိ ၉၊ မဇ္ဈိဂါသံဃိ ၉၊ ကပ္ပိ ၅၀။

အနုရုဒ္ဓိ ၁၊ ဩပကာဝ ၂၊ မာနဝ ၃၊ ဘဂ္ဂဝ ၄၊ ပဏ္ဍုဝ၅ ဗာဟာဝ ၆၊ ဝေဓဝေရ ၇၊ ဗန္ဓုကေရ ၈၊ သာမဏေရ ၉၊ နာဠိကေရ ၆၀၊ (သဒ္ဒါတွက် အမျိုး ၆၀။)

**အမေရိကတိုက် ၆-လကူး**

၃၃၅။ မြန်မာတို့သက္ကရာဇ် ၁၁၈၁-ခုရာဇ်သက္ကရာဇ် ၁၈၀၉-ခုဟူ၏၊ အာမေရိကတိုက် ၆-လကူးရ၏။

**ဩြောက်အထက်**

၃၃၆။ ဩြောက်ဟူ၍ ဆိုသည်ကား ဩမကဟူသောပါဠိ ဩက္ကန္တဟူသော ပါဠိကြောင့် ဩြောက်၊ ဥဒ္ဓ၊ဥက္ကဋ္ဌဟူသော ပါဠိကြောင့် အထက် တွင်သည်၊ရှေးက ဩက်ဟု ရေးသည် (ကျမ်းရိုးသင်္ဂြိုဟ်တွင်၊)

**ကလျာဏပုထုဇဉ်သေက္ခ**

၃၃၇။ သီလဝန္တ ပုထုဇ္ဇနောသောတပန္နေသင်္ဟိတော၊ ကလျာဏ ပုထုဇ္ဇနေန သတ္တသတ္တ ပုဂ္ဂလာ သေက္ခာနာမ။

**ဒုက္ခဒုက္ခ**

၃၃၈။ ဝိပရိနာမဒုက္ခ၊သင်္ခါရ ဒုက္ခကို ဒုက္ခဟုဆိုသည်၊ မာနသိက ဒုက္ခ၊ကာ ယိကဒုက္ခကို အထူးပြု၍ ဒုက္ခ ဒုက္ခဟူ၍ဆိုသည်။

**ရူပရူပ**

၃၃၉။ အနိပ္ဖန္နရုပ်ကို ရူပခေါ်သည်၊ နိပ္ဖန္နရုပ်ကို ရူပ ရုပ်ဟူ၍ဆိုသည်။

**ပညာရှိတို့ကြံရေး**

၃၄၀။ ဓါတ်၄-ပါးသည် အဝိနိဗ္ဘောဂရုပ် ဟူ၍၎င်း, ကလာပ်ဟူ၍၎င်းဆိုပြီးမှ ဖေါ်ဌဗ္ဗာရုံ၌ အာပေါဓာတ်ကို "အာပေါဓာတု ဝိဝဇ္ဇိတံ"ဟူ၍ဆိုပြန်သည်၊ပညာရှိတို့ကြံရေး တည်း။

**မင်းရိုးနန်းတက်နိုင်-မတက်နိုင်**

၃၄၁။ (၁) လက်ကိုယှဉ်သည့် ဖြိုဟ်စဉ် ဥတ်ကာသစ်၊ စန်းကိုယှဉ်သည့်ဖြိုဟ်စဉ်လာဘစစ်၊ မင်းရိုး နန်းတက်လစ်။

(၂) လက်ကိုယှဉ်သည် ဖြိုဟ်စဉ်နိစ်နှင့်ပြ၊စန်းကို ယှဉ်သည့် ဖြိုဟ်စဉ်မရဏ၊မှောက်တော်မိစ၊ မင်းရိုးနန်းမရ၊ နေထဲပါကုဇ်သာ။

အဓိပ္ပါယ်ကား။ လက်ကို ဥတ်ကာသစ်ဖြိုဟ်ယှဉ်စေ၊ စန်းကို တနင်္ဂနွေစ၍ရေသော် လာဘခွင်က လဂ္ဂဏာသခင်ဖြိုဟ် ဖြစ်သော ကာသစ်ဖြိုဟ်ယှဉ်စေဟုလို။

နိစ်နှင့်ပြမှာ၊ နိစ်ခွင်ပြခွင်က အိမ်ရှင် ကာသစ်ဖြိုဟ်တို့ ယှဉ်အံ့၊ဖြိုဟ်စဉ်နိစ်နှင့်ပြဆိုသည်။

ဖြိုဟ်စဉ်မရဏမှာ၊ မရဏခွင်က အိမ်ရှင် ဖြိုဟ်စန်းနှင့် ယှဉ်အံ့ဟုလိုသည်။

**နှစ်ဆုံးဖြစ်ပုံ**

၃၄၂။ (၁) ရှေးဦးအမှန်ချန်၊ အမှန်မချန်သေး။ (၅၀ ပြည့်နှစ်ဆုံး၏။)

(၂) သူဘောနတ်သစ်၊ ကျော်သ [illegible] ရွေး၊ (၆၀)

(၃) ဝင်းရွှေအပျိုရုံ၊အဲးအံမြည်ကြူး၏။ (၇၀)

(၄) မင်းကြောင်ချစ်သူမျှော်၊ချုံ့သော် သည်ညနွေး။ (၈၀)
(၅) သူဇာနတ်တို့ရွာ၊စန္ဒာလလို၏။ (၉၀)
(၆) မိုးမြင့်ကြူးအိန္ဒမည်ကြည်ကြည်သာစိမ့်ကြွေး။ (၁၀၀-ပြည့်ထိ။)
(၇) သည်ညဆောင်းတွင်သာ၊ညည့်တာတုံရှိက်၏။ (၂၀၀)
(၈) အမ လွမ်းအောင်မှာ၊ မကြာ သာဘဲကွေး။ (၂၂၀)
(၉) သည်ပွဲး ကြူးကျော်သံ၊ ညံညံနားဝယ်ဆွေး။ (၂၃၀)
(၁၀) တွေးသင့်ဆင်တော်၊ ပေါင်းသော်နေ့ာပဋ္ဌေး။

**အိမ်ဆောက်ဆောင်ရာသောပန်း**

၃၄၃။ သတ္တပ္ပတ်မာသ၊ရက်လနံ၊တူကြွင်းမှု-ပဋ္ဌပ္ပတ်မှတ်-လေ၊ရက်စဉ်ဆေး၊ အိမ်ဆောက်သောခါ ဆောင်ရာသောပန်းတို့ကား ကြိုရန်းစဏ်ရန်း ပဋ္ဌပွတ် ဆပွတ်အညွန့်ပန်းတို့ဆောင်၊စတုရန်းကို ပဋ္ဌပွတ်မစီးစေလင့်၊၎င်းစကားကိုပြပေအံ့။

(၁) လဘူစသာ၊ရှောင်ကြဉ်ခွါ၊ဝေးစွာသုရိဇ။
(၂) လက်ထုတ်ဖက်သန်း၊ မကောင်းလွန်း၊ကျမ်းညွှန်းစန္ဒရ။
(၃) သတီမအူ၊ နှောင့်ချိင့်တူ၊ မှတ်ယူပြိဟ်ဘောမ။
(၄) တဲအုံသင်ကန်း၊ အရပ်ညွှန်း၊ ကျမ်းတန်းရက်ဗုဒ္ဓ။
(၅) အင်ကန်တစိုက်၊ ခန့်မကြိုက်၊ ဆူလှိုက်ရက်ဇိဝ။

(၆) အုတ်လှကြိုစာ၊ ရက်သောကြာ၊ ရှောင်ပါကိုယ် ဆိုးစွ။
(၇) ခပေါင်းဆူးလေ၊ ရက်စနေ၊ ပူထွေမီးထပ်မျှ။
(၈) ဆောင်ပါချေမိ၊ ဘေးရန်ထိ၊ မရှိကိုယ်မထ။
(၉) ပြည်ရွာသစ်နှံ၊ ပန်းမည်ကြုံ၊ ဝန်းရံပတ်လည်မျှ၊
(၁၀) အမြစ်အရင်း၊ပြီးတီးလျှင်း၊ နှောင်းကြွင်းဖွေမရ၊
(၁၁) ဟူရားဆရာ၊ထားခဲ့မှာ၊မြစ်တာကိုယ်မှစ။(ပြီးပြီ)
ပဉ္စပွတ်ကို စတုရန်းစီးစေ၊ ဆပွတ်ကို တြိရန်းစီးစေ၊ အောင်မြင်အံ့။

**ချမ်းသာပွားရပ်ရွာများ**

၃၄၄။ (၁) သာစည် မုံရွေး၊ ဂလုန်သွေး၊ နေရေး ရေတမျှ။
(၂) တလုပ်သင်ပန်း၊အရပ်ညွန်း၊ ကောင်းညွှန်း စန္ဒရ။
(၃) အုံးဘောင်တောင်သာ၊ ဗြိဟ်အင်္ဂါ၊ နေရာတု လွှတ်စွ။
(၄) ကုန်သာ အောင်ထင်၊ ရပ်မည်တွင်၊ နေချင် ရက်ဗုဒ္ဓ။
(၅) စစ်ထိမ်ကျီအာ၊ ဗြိဟ်ဇီဝါ၊ နေခါမြတ်သုခ။
(၆) ရွှေအင်စကား၊ မထူးပြား၊ ကောင်းခြား ဗြိဟ်သောကြာ။
(၇) ပုဂံရွာစည်၊ ရပ်ထူးလည်၊ ကောင်းမည် ရက်သောရ။
(၈) နေကြကုန်ပါ၊ ထိုရပ်မှာ၊ ချမ်းသာပွါး သုခ။

( ၉ ) ပြည်ရွာသစ်နှံ၊ ပန်းမည်ကြီး၊ နိုင်းစံဖက်မျိုး။
(၁၀) ဟူးရားဆရာ၊ ထားခဲ့မှာ၊ ဆောင်ပါ ကိုယ်မှစ။
(၁၁) သက်ရှည်ချမ်းသာမလွတ်ရာ။

**ဂ-ခုစား အဟော**

၃၄၅။ ဇကော ခဇော ဝါ အင်္ဂေဇွော၊ ဒွေဒုမော သမဏာ ပြုဟွကော၊ ကြည်ယော ရာဇဂေဟော၊ စတုသွာနော လုဒ္ဒ ကောစ၊ ပဥ္စဂေါကော ဒလိဒ္ဒေါစ၊ ဆဂဋြဘော သဋ္ဌိနော၊ သတ္တဂဇောအမစ္စောစ၊ သုညံကာကောစ သောဘဏံ။ ။ (အဝန်းကိုဂ-ခုစား)။

**ရက်မပေါက်ကျရာအဟော**

၃၄၆။ ကောအဇေယော၊ ဒွေသိဒ္ဓိ၊ တြိဒုက္ခံ၊ စတုလာဘံ၊ ပဥ္စကလဟံ၊ ဘဝေ၊ ဆသုခသမ္ပတ္တိ၊ သုညံမန နသောဘတိ၊ အရပ်ကို ၇-ခုစား၊ ပဌမံရာဇပူဇိတံ၊ ဒုတိယံပီယဒဿနံ၊ တတိယံအန္နပါနဉ္စ၊ စတုတ္ထံဘရိယံမတံ၊ ပဉ္စမံအတ္တနာစေတိ၊ ဆဋ္ဌံဂေါဏလာဘကံ၊ သတ္တမံနာရိလာဘဉ္စ၊ အဋ္ဌမံ ဒုက္ခပိဠနံ၊ နဝမံမရဏာပုတ္တံ၊ ဒသမံနေလာဘတံ။

သစ်ကိုဆယ်ပိုင်းပိုင်း အမျက်ရှိရာသို့ သစ်အခင်းကို တိတိ ရည်၍ထိပ်ဝကိုတိုင်း ထိုအတိုင်းနှင့်မြေဝင်ကိုသွတ်၍ အထက်သို့ တိုင်းလေ၊ ဇေယ မိတ္တ ဝိသာခ ဝိဝါဟံဟု ရေ၊ ရက်မ ပေါက် ကျရာဆို၊ ဇေယသိဒ္ဓိသုခံ၊ မိတ္တမရဏံဘဝေ၊ ဝိသာ ခဥ္စ ဟုခနံ၊ ဝိဝါဟောကလဟံဘဝေ၊ စရွေးကိုသွတ်၍ ပခုံး ကသည် အောက်သို့စား ၄-ပုတ်နှင့်လည်းဟူ၏၊ သစ်ဖျားလုံး ပတ်နှင့်လည်းဟူ၏၊ ယက်မပေါက် ကျရာကိုဆိုလေ။

## ချောင်းမောင်ဖျော်

၃၄၇။ ၁၁၀၀-ပြည့် ဧချင်း [illegible] မောင်ဖျော် [illegible]ွားသည်၊ ရာဇာခံသည်။

[၁၂၁၄-ခု ပြာသိုလဆန်း ၁၂-ရက်နေ့ မုံရွေး ဆရာတော် မှတ်စုကို ရေးကူး၍[illegible]းသည်။]

---



H 484—7 [ဟံသာဝတီ]



# မုံ ရွေး ဆ ရာ တော်
## ကဗျာလက်ာမှတ်စု

**ရှင်မဟာရဋ္ဌသာရအမေး**

၃၄၀။ ဌာနေတော်၌၊ ရွှေလှော်ရည်စင်၊ ရည်ရှင်ထွန်းရောင်၊ ဝင်းဝင်းပြောင်သား၊ ထက်ခေါင်ဘိနပ်၊ လုံးရပ်ခပင်း၊ မကြွင်းပတ်ကုံး၊ ဖေါင်းလုံးကြွာသီး၊ ရွှေတိပြီးသား၊ ရွှေထီးကိုးဆင့်၊ ရောင်လျှံမြင့်နှင့်၊ စွင့်စွင့်ဝန်းကျင်၊ ဝေးနီးမြင်သည်၊ ဆံရှင်ဘုရား၊ ထိုသည်ကားဟု၊ အများ ပူရှင်၊ ကြည်လင်ကော်ရော်၊ ညွတ်ပူဇော်သည်၊ ဆံတော်ရှင်တောင်၊ ယုဂန်ချောင်ဝယ်၊ လူ့ဘောင်မျက်ရှု၊ ကိုးရာပြုသည်၊ အတုမဲ့တောင်း၊ မြေထဲကျောင်း၌၊ အပေါင်းသဃ်ာ၊ ဆည်းကပ်လှာသား၊ နရာတမှတ်၊ ကေရတ်တည်း၊ လေးမြတ် ကြည်စွာ၊ လွှန်သဒ္ဒါသည်၊ သဃ်ာတို့မိ၊ မြတ်ဘုန်းရှိ။

ဝိစိကိစ္ဆာ၊ သက်ာပျောက်မှု၊ နှစ်ခုပဥ္စာ၊ ပြဿနာကို၊ ဖြေပါစိမ့်ကြောင်း၊ လက်စုံပေါင်း၍၊ ဆံညောင်းဖွဲ့ရှည်၊ တင်ပျည် ခွေယှက်၊ ခြေတော်စက်ကို၊ ထိပ်ထက်တင်ထား၊ လျှောက်ဝံ့ကြားသည်။ ။ရွှေနားရှိုင်းတော်မူဘုရား။

( ၁ ) စာပေပျော်၍၊မွှေလျော်ငြိမ်းချမ်း၊ ကျောင်းသခ်မ်း၌၊ ရှင်ဝမ်းမြောက်မြား၊ လူရှင်အားကို၊ တရားမေတ္တာ၊ ဘာဝနာနှင့်၊ သီလာစာရ၊ ဂုဏပြည့်ဖြိုး၊ မြင်းမိုရ်မိုးသို့၊ ပုတိုးကြီးတောင်၊ သာထွတ်ခေါင်ဝယ်၊ တန်ဆောင်မှန်ကင်း၊ သဃ်ာမင်းဟု၊ သတင်းထိန်မျှ၊ ပြည်လုံးခသည်၊ ဓမ္မခေါင်ဖျား၊ မြတ်ဘုရား။

( ၂ ) သုံးပါးဝိရတိ၊ မရှိစပါ၊ ပြဟ္မာမှာဟု၊ ကျမ်းလာ
ဆတ်ဆတ်၊ ပရမတ်ပါဠိ၊ မှန်စွာရှိလျက်၊ သိရှိ
ပုညာ၊မျိုးသကျကို၊ဓမ္မဒေသနာ၊ဟောစိမ့်ငှာလျှင်၊
ပြဟ္မာသဟံ၊ ချေဝံဇဗ္ဗေနှုတ်သံလေးနှင့်၊ "ဒေသေ
တုဘန္တေဘဂဝါဓမ္မံ၊ အညာတာရော ဘဝိဿ
တိ"၊ဤပါဠိဖြင့်၊ ရွတ်ဘိတွတ်တွတ်၊ ရှိညွှတ်ပန့်
ထွာ၊ တောင်းပန်ခါလည်း၊ ဝါစာကောင်းချည်း၊
ဖြစ်သည့်တည်းဟု၊ အသည်းရိုးတွင်း၊မှတ်ကြချင်း
ကို၊ စိုးမင်းတကာ၊ ပူဇော်ရာသား၊ သယ်ာတို့မိ၊
မြတ်ဘုန်းရှိလျှင်၊သိတော်မူလောက်၊မှားလျှောက်
မရှိ၊ ကျမ်းဂန်ညှိ၍၊ ပါဠိဠကထာ၊ ဋီကာလက်
သန်း၊ဆန်းကျမ်းအနု၊ ကြည့်ရှုစကောင်း၊ပိုင်မိန့်
တောင်းနှင့်၊ ကျမ်းပေါင်းများမှာ၊ ဤသို့လာဟု၊
ပညာစက်သွား၊ သံရှင်ဓါးနှင့်၊ လွှားလွှားပိုင်း
တော်ပါဘုရား။

( ၃ ) ညာကြေကျော်၍၊ ထင်ပေါ်သတင်း၊ ထိန့်ထိန့်
ချင်းမျှ၊ နဝင်းရွှေကျောင်း၊ ကိန်းအောင်းအစ၊
ပါဒဝန်တောင်၊ ပျော်ကြီးနောင်မှ၊ သာခေါင်လွှန်
ကဲ၊ ကျောင်းမြေထဲ၌၊ ရိပ်တဲနှင့်သာ၊ တင့်ရာမှာ
လည်း၊ အွှံအာသရဲ၊ စာသင်ပွဲနှင့်၊ လက်ဝဲ
လက်ျာ၊ ဝေးနီးလာ၍၊ နည်းနာနယ၊ ခံလှာကြ
သည်၊ သယ်ဦးစွန်း၊ ကြီးဘုန်းတန်းနှင့်၊ ရှင်
လန်းသောခါ၊ နတ်ပြဟ္မာတို့၊ လက်ျာမိုးလျက်၊
လက်ဝဲယှက်၍၊ တျက်တျက်ခေါက်ခေါက်မလမ်း
ပေါက်ဖြင့်၊ ဝမ်းမြောက်သာကြည်၊တီး ကြသည်

ဟု၊ ကျမ်းမည်ပရမတ်၊ လာကုန်လတ်သော်၊ ဖေါ်ဠ္ဌဗ္ဗရုပ်၊ မရှိငုပ်လျက်၊ ငွမ်းထုပ်နှစ်ပါး၊ ထိသောလားသို့၊ မကြားလက်သံ၊ ဖြစ်လေတံလျက်၊ သံဇုန်ယုဇနာ၊ သချာ္ဂတသောင်း၊ ကြားသောကြောင်းကို၊ ဝမ်းခေါင်းထဲက၊ ကြိုကြတုံရှောင်း၊ လူအပေါင်းကို၊ ခနောင်းလှိုက်ထိုး၊ တပိုးပြစ်ချောက်၊ ရေနောက်မြှုနည်၊ သားဆေးရည်ကြောင့်၊ မကြည်မောဟ၊ စိတ်ထိုမျှကို၊ လွလွဖြိုအောင်၊ ဉာဏ်ရောင်တော်ဝန်း၊ နေဖြင့်ထွန်း၍၊ မေးမြန်းပုစ္ဆာ၊ ပြဿနာကို၊ ကျမ်းလာခမြွခမြွ၊ ဖြေပြီး၍လျှင်၊ ခြသေ့မျိုးတွင်၊ တန်ခိုးကြီးစွာ၊ ကေသရာဟု၊ ဂူဟာလိုဏ်နန်း၊ ဟောက်သံမွန်းသို့၊ ဆန့်တန်းလက်ရုံး၊ ကြုံးသည်အသံ၊ ကြေညာလျှံက၊ မင်းဝံတောင်ပေါက်၊ ငါတယောက်လျှင်၊ ခေါင်မြောက်ကဝိ၊ ပညာရှိဟု၊ သိလေလူရှင်၊ ဤပွဲတွင်၌၊ သွတ်တင် ဦးစွန်း၊ နှုတ်သံမွန်း၍ ။ ရှင်လန်းကြိုင်းတော်မူဘုရား။

[ဝန်တောင်လယ် ဘုန်းတော်ကြီးသို့ ရှင်ရဋ္ဌသာရက မေးသည်။]

## ဝန်တောင်လယ်အဖြေ

၃၄၉။ ရွှေစက်ကြွလည်၊ အာနန်ထေရ်လျှင်၊ သုံးမည်ဒေသစာ၊ လည်သောခါ၌၊ အညာရောက်သော်၊ ဖိုးဦးမော်တွင်၊ ချပ်တော်မူ၍၊ ရသေ့ပြည်တွင်း၊ မကြွင်းသာခြေ၊ သရေခေတ္တ၊ ပြည်မဟုသည်၊ ဖြစ်လမည်ဟု၊ မိန့်မည်ဗျာဒိတ်၊ ဘိသိက်ပေး

ရာ၊ အညာ စကိုင်း၊ ရပ်တိုင်း လှည့်သွား၊ ပုဂ္ဂိုလ် များတွင်၊ သင်ကြားကျမ်းဂန်၊ အရမှန်သည်၊ နိဗ္ဗာန် ကျောင်းနေ၊ သူတော်ဆွေ။

( ၁ ) နတ်ရွှေနားခံ၊ သဟံပတိ၊ ဘုန်းရှိပြဟ္မာ၊ သုဒ္ဓါဝါသ၊ ဘုံမှကြွ၍၊ သကျမြတ်အား၊ တရားသံချေ၊ ဟောစေခြင်းငှါ၊ တောင်းပန် ထွာသည်၊ သမ္မာဝါစာ၊ မှန်စွာမရ၊ မှတ်နေ ချလော့၊ တွေးဆ ဝိုးဝါး၊တတ်ဓယောင် ကားနှင့်၊လေးပါး မည်မှတ်၊ ပရမတ်ကို၊ မတတ် သည့်သူ၊ ရ၏ဟူ၍၊ ရှင်လူ ဆိုရာ၊မမှတ် ပါလင့်၊ ပမာ နှိုင်းချက်၊ နတ်လက်နက်သည်။ ။ပစ်ချက် ရွယ်တိုင်း မှန်သည်သာ။

( ၂ ) ဖြေခက် လမည်၊ မှတ်ကြ သည်လည်း၊ ခန့်ရည်ထိုကို၊ ဖြေပိမ့်ဆိုက၊ သံချိုမချွတ်၊ ပြေ၏မှတ်လော့၊ မိုးနတ်ပြဟ္မာ၊ ရှင်သောခါမူ၊ ကာမာဝစရ၊ ကုသလဟု၊ အစတိဟိတ်၊ ပြဟ္မာစိတ်ဝယ်၊ စေတသိက်လုံး၊ သုံးဆဲ့သုံးကို၊ တရုံးတည်းသာ၊ နောင်လာဟောမြွက်၊ ဓမ္မစက်ကို၊ ရှုလျက်ချဉ်းကပ်၊ အာရုံ ညွတ်၍၊ ရှောင်လွတ် မရှိ၊ ဝိရတီလည်း၊ မိမိဖြစ်ဘက်၊ ဆဲ့ခြောက်ချက်ဝယ်၊ ဖိုလ်မဂ်တို့နှယ်၊ နိဗ္ဗာန် ရွယ်၍၊ ရှစ်သွယ်ကာမ၊ မျိုးပုညဝယ်၊ သီလစောင့်ခါ၊ ပြစ်ပလှာသည်၊ ဝါစာမရ၊ စသည်မဖြစ်၊ ခုနစ်တွင်သာ၊ မကွာချေပဲ၊ အာရုံမြဲ၍၊ ရှောင်လွဲတပါး၊ တရားအာရုံ၊ မရှိတုံ

ခွဲ၊ နတ်ဘုံဗြဟ္မာ၊ သဒ္ဒါဦးတိုက်၊ မိန့်သောကြိုက်
ဝယ်၊ မဆိုက် သမ္မာ၊ ဝါစာ မရ၊ ကေန် ချဲလော့၊
နာရ တမ၊ စသည် ဗြဟ္မာ၊ ရှေးဆရာ လည်း၊
သချာနည်းတူ၊ အရေ ယူလော့၊ ရောင်ဖြူ ပြိုးပြက်၊
ဓါးသန်လျှက်သည်။ ။ရှလျက် ထိတိုင်း မှန်သည်
သာ။

(၃) ဝေသက်မျှသည်၊ မြို့ရွှေပြည်၌၊ ပတ်လည် ကျော်
သောင်း၊ ဇမ္ဗူ စောင်းလျှ၊ ကျမ်းပေါင်း များစွာ၊
ဆန်းလက်ာနှင့်၊ သဒ္ဒါရုပ်ဓါတ်၊ ပရမတ်ကို၊ ထင်
ခတ်နိုးခိုက်၊ ရေ၌ဒုပ်ပေါ်၊ မေးနှင့်သော်လည်း၊
ဖျော်ဖျော် လေ့ကျမ်း၊ ဖြေနိုင် စွမ်း၏၊ မထမ်း
မှုသား၊ ငတို့အားကား၊တခြားမပါ၊ မဂ္ဂလေလို၊
တို့ကိုယ် တို့နှင့်၊ နှိုင်းရာသင့်၏၊ မိုးမြင့် ဘုံသာ၊
ဗြဟ္မာ တို့အား၊ ဘုန်းရှိငြားလည်း၊ တရား မရ၊
ဖေါ်ဌွဗ္ဗ၏ ကိစ္စမတပ်၊ အမြဲမှတ်လော့၊ မိုးနတ်
ဗြဟ္မာ၊ ရုံခါရှင်လို၊ ကိုယ်ကိုချီးမြှောက်၊ မလမ်း
ပေါက်ဖြင့်၊ ဝမ်းမြောက်သာယာ၊ တီးသောခါ
လည်း၊ လက်ျာနှင့်ဘယ်၊ အကာမထိ၊ ခြားဘိ
နေကြ၊ ရည်ကာမျှကို၊ ဗြဟ္မာတော်၊ အာနု
ဘော်ကြောင့်၊ ထိုခရော်ရှင်ပျ၊ ဖျစ်ခဏျ၊ စိတ္တ
ပစ္စယ၊ ဥတုဇကြောင့်၊ သဒ္ဒမည်သံ၊ အသံဖြစ်မှု၊
ဆက်ကာပုံ၍ချင့်တုအခေါင်း၊တသောင်းယူဇနာ၊
ကြားလေရာ၏၊ ရူပါဝစရ၊ စသည်တို့အား၊
များသည်ရုပ်ရှိ၊ မိမိဌာန၊ စွန့်ကုန်ကြ၏၊ ဝေးက
ပင်သာ၊ အာရမ္မဏ၊ စွန့်ကြသည်ဟု၊ ပမာ

ရှုလော့၊ လေးခုအရောင်။ မြင်းမိုရ်ဘောင်သည်။
အခေါင်မိုးထိလွှန်သည်သာ။
[ပြည်ဝန်တောင်လည် ဘုန်းကြီးဖြေတော်မူသည်။]

**သိကြားချသည့်စာ**

၃၅၀။ သစ္စာအငုံပွင့်၊ ခက်သွယ်ဝါးသုံးဆင့်။ အမြင့်ကောင်းကင်ဘုံ၊ မူဆိုးအောင်းသည့်ချုံ၊ သုံးပုံငါးဦး၊ ဒုတိယတွင်ကျားနှင့်ပူး၊ပူးတွင်မူဆိုး၊လက်ရုံးကြိုး၊ တောစိုးကျားကြီး၊ စားလုနီးမှ၊ အမြီးနှာမောင်းထောင်၊ သိကြားဖန်သည့်ဆဒ္ဒန်ပြောင်၊ စွယ်ရောင်ပြ၍ဝင်၊မူဆိုးအဆက်ရှင်၊ ကုန်း၊ အင်း၊ ကိုင်း၊ အ၊ မ၊ မူလမူဆိုး၊ ဘုံဆယ်ဆက်မှာ သွက်သွက်ကြိုး၊ ပြည်ကြီးအသစ် တည်လေကာ၊ ဗိုလ်ပါအသစ်လဲ၊ ပြောင်းလဲမဟာ၊ ကပ်ကမ္ဘာ၊ သိကြားချသည်စာ။

**အိပ်မက်ရသိုက်စာ**

၃၅၁။ ရတနာသိယ်မြို့တည် အလောင်းမင်း တရားကြီးလက်ထက် လောကီလောကုတ္တရာ ဗဟုသုတဉာဏ်စွယ်စုံရှိသော"သာထွန်းတိုက်ဆရာတော်" ညဉ့်အခါတွင် အိပ်မက်မြင်သည်မှာ "ရတနာသိယ်မြို့တွင် ရွှေတန်ဆာဘုရားရှေ့ဆီတည့်စက်တော်တွင်းမှာ ကြေးနီပုရပိုက်အရှည်၁၊အနံ၅တွင် အက္ခရာခင်းစည်ရှိသည်"၊ သူအိုတယောက် ပြောကြားလှာ၍ ရှောင်တခင်နိုးသည်၊ ထိုအကြောင်းအရာကို အလောင်းမင်းတရားကြီးထံစေ့စုံစွာပြန်ပြောလျှင် သမဏကျော်ထင်ကိုခေါ်တော်မူ၍ မိန့်ဆိုရင်း ဆရာတော်နှင့်တူးစေရာ ယခင်သိုက်

စာကိုရ၍ ရွှေနန်းစဉ်ဆက်မှတ်သားထားကြသည်ဟု အမရ ပူရမြို့တည်နန်းတည်မင်းတရားကြီးက အိမ်ရှေ့ဘဏ္ဍာစာရေး မောင်စကိုအမိန့်တော်ရှိသည်။

**မောင်စအကြောင်း**

၃၅၂။ ထိုမောင်စကား- ၎င်းနောက် သံဆင့်ခန့်တော်မူ သည်၊ ၎င်းနောက် အိမ်ရှေ့အတွင်းဝန် ခန့်တော်မူသည်၊ သက္ကရာဇ် ၁၁၈၁-ခုနှစ် အိမ်ရှေ့မင်းအထွတ်အမြတ်ရောက် တော်မူလျှင် နန်းတော်ကြီးအတွင်းဝန်ခန့်တော်မူသည်၊ ၎င်း နောက် သက္ကရာဇ် ၁၁၉၁-ခုနှစ်တွင် မြဝတီမြို့ကို အသုံး ကံကျွေးစံသနားတော်မူ၍ ဝန်ကြီးခန့်တော်မူသည်၊ သက္ကရာဇ် ၁၁၂၀-ခု အင်္ဂါနေ့ဖွားတည်း၊သက္ကရာဇ် ၁၂၁၄-ခုတွင် ရတနာသိင်္ဃမြို့ သူဇာတံခါးတွင်းတွင် ကံကုန်ရာ၊ တော်နေ ရာမနေတို့နည်း သဂြိုဟ်ရသည်၊ထိုဝန်ကြီးမောင်စကား သီချင်း ကြီး,ကြိုး,ဘွဲ့,တေးထပ်,ရတု,ရကန်,လူးတား စသည်များ၌ အလွန်နားပါးလည်သူဖြစ်သည်။

**သိမ်းဆည်းဖွေရှာ မျှားဉစ္စာ**

၃၅၃။ အဥ္စနာနံ့ ခယံ ဒိသွာ၊ ဝမ္မိကာနဥ္စ သဥ္စယံ။
မဓုနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရေ မာဝသေ။

[သုတ်သီလက္ခန်အဋ္ဌကထာ၊ တောဒေယျသုတ်အဖွင့် ဓမ္မ နီတိတို့၌လာ။]

အဥ္စနာနံ၊ မျက်စဉ်းတောင့်တို့၏။ ခယံ၊ သွေးဖန်များ သဖြင့် တစတစကုန်ခြင်းကို။ ဒိသွာ၊ မြင်၍လည်းကောင်း။ ဝမ္မိကာနံ၊ တောင်ပို့တို့၏။ သဥ္စယံ၊ ခြ,ပိုးရွတို့လုပ်ဆောင်ဖန် များသဖြင့် ကြီးပွားခြင်းကို။ ဒိသွာ၊ မြင်၍လည်းကောင်း။

မခူနံ၊ ပျားတို့၏။ သမာဟာရံ၊ ပန်းရက်ကိုယ္ဟဖန်များသဖြင့် ကြီးပွားသော ပျားအုံကို။ ဒိသွာစ၊ မြင်၍လည်းကောင်း။ ပဏ္ဍိတော၊ ပညာရှိသည်။ ဃရံ၊ အိမ်၌ဖြစ်သော ရွှေငွေ ရတနာဥစ္စာပစ္စည်းအိမ်ထောင်ခမ်းနားကို။ အာဝသေ၊ ဆည်း ပူးရှာဖွေသိမ်းဆည်းခြင်းကို ဖြစ်စေရာ၏။

**မော်နတ် ၉-ဦး**

၃၅၄။ စကိုင်းမြို့ရှိ မော် ၉-ခမော် ခရွှဟသ်ာဘောင်တော် သိမ်းစာတွင်ဆိုသည်၊ ငါးဇင်စပ်မော်နတ်၊ ကင်းမော်နတ်၊ သပိတ်လဲမော်နတ်၊ ကြစ္စယ်မော်နတ်၊ ငါးဟစ်မော်နတ်၊ ရင်ခွဲ မော်နတ်၊ မဟာမော်နတ်၊ရွှေတောင်ဦးမော်နတ်၊စကုမော်နတ်၊ (ပေါင်း ၉။)

ရှင်ရဋ္ဌသာရဆို ဝတ်ရုံကျောင်းဘွဲ့တွင်''သပိတ်လည်းမော်၊ ရှုမြော်တသွန်း၊သေနံ့စွန်းဝယ်''ဟုစပ်သည်။

**ဝတီ ၉-မျိုး**

၃၅၅။ တောင်ငူမြို့ရှိဝတီ ၉-မြို့စာရင်း၊တောင်ငူမြို့တည်စစ် တမ်းတွင် ဆိုသည်။အာသာဝတီမြို့၊ ဒွါရာဝတီမြို့၊ ကမ္ဗောဇ ဝတီမြို့၊အမြဝတီမြို့၊ ဇေယျဝတီမြို့၊ရမ္မာဝတီမြို့၊ စမ္မာဝတီမြို့၊ မြသာဝတီမြို့၊ညဝတီမြို့၊ (ပေါင်း ၉။)

**အယူမင်္ဂလာလေးချင်း**

၃၅၆။''တိမ်းငြင်းလှေပုံ၊မြစ်ညာကိုဆန်။ ။ရွှေကိုယ်တော် ပြန်ရေး၊ ခက်လှချည့်လေး''။ (စည့်ကူးမင်း အညာသို့ဆန် ကာနီး အယူမင်္ဂလာခေါ် မောင်ဦးဆက်လှေချင်း။)

[စကိုင်းမြို့စီရင်စု တပယင်းကွဲရွာဇာတိ၊ကြီးမှစကိုင်းအစေ ခံရွာသို့ရောက်သည်။]

**အယူမင်္ဂလာခွန်းချင်း**

၃၅၇။ "တန်ခူးခါကျော်၊ မဖူးသာသော်၊ အရှုံးလာသော်"ဟု ဇရစ်ဆရာတော်ကဆိုသည်တွင်—

"ဇရစ်ဆရာ၊ အနှစ်မပါ၊ ပစ်စရာ"ဟု ခွန်းချင်းအယူမင်္ဂလာက ပြန်ဆိုသည်။

"မင်္ဂလာအထူး၊ မင်္ဂလာအကြူး၊ မင်္ဂလာအရှုံး" ဟု အတုလဆရာတော်ဆိုသည်တွင်—

"အတုလဆရာတော်၊ယခုမှတာခါပေါ်၊တစုကမနာပျော်" ဟု ခွန်းချင်းအယူမင်္ဂလာကဆိုသည်။

"လာသောခါပေါင်းနှင့်၊ ပြန်သောခါ တောင်းနှင့်"ဟု အယူမင်္ဂလာဆိုသည်။

**မိုင်းခိုင်းမြို့စားဇာတာဖွဲ့ လေးချိုး**

၃၅၈။ သီတော်ဆင့် မိုင်းခိုင်းမြို့စား ဝိဇ္ဇကတ်တော်အုပ်မင်း မဟာသီရိဇေယျသူ ဇာတာ၊ လက်သစ်ရပ်နေ ရွာစည်ဆရာတော်ရှင်ဝိသုဒ္ဓါစာရဆို လေးချိုးသံထောက်,တေးထပ်။

ပဋိလုံမုမုနှင့်၊ အစ်နှစ်ခုခေါဝေါဟာ။

ဝါဆိုရှုန်း၊ ငွေဝန်းပွင့်ရောင်စုံညီ၊ ပုဏ္ဏမီပြည့်ကျော်ထွက်လို့၊ ငါးရက်ကယ်တိထိလုမှာမှ၊ ဂြိုဟ်နှုတ်အလင်း၊ စန်းမင်းနေ့မှာ။ ။

နန်းပဟိုရ်ရွှေစည်နှက်လို့၊ ညဉ့်သုံးချက်ကျော်ပါတယ်၊ နာရီသာပါဒ်ပိုရှန်း။

အောင်ဇေယျာမင်္ဂလာအချိန့်မြက်နှင့်၊ သိန်မှတ်မကိုင်နွယ်၊ ကြာတိုက်လယ်ရွှေရင်ညှို့က၊ ပွားသန့်စံကျွန်း။ ။

**တေးထပ်**

၃၅၉။ မဂါရ်ိးဘွေဘုံနန်းမှာ၊ စန်းဇုန္ဒုသောရီ၊ လက်ပြီးသရှည်မှိတယ်၊နတ်နာဂီရာဟု။ ။ခရွှေငှက်မင်းဂဠုန်ဝယ်၊ တမေခုန်ဘုန်းပြိုင်လို့ပြု။ ။ကြင့်ခွင်ဘရဂုနှင့်၊တူစုလိုဗုဒ္ဓါ။ ။ အင်္ဂါမိန်မှတ်တယ်၊ သမသတ်ပြိုဟ်ဇီ၅ါ။ ။စင်နက္ခတ်ဒွါဒွါငယ်၊ပါဒ်ဒွယာပိုရှုန်းလို့၊ စွန်းမိနာငါးတန်၊ ယင်းဇာတိမှန်။ ။ရွှေလင်းသူ့စိန်နားပန်ငယ်၊ ကဝိန်ဉာဏ်ထူးပေလိမ့်လေး။

**မြောင်လှမြို့စားဆိုသံထောက်**

၃၆၀။ ပိဋကတ်မှာလ၊ ကမ်းခတ်တဲ့ဉာဏ်မဏ္ဍိုင်။

လောကီမှုအတင်တင်လဲ၊ ရာဇဝင်ဗေဒင်ခဏ်းနှင့်၊ ဆေးကျမ်းပါနီတိမျိုးကို၊ဒိုးသို့မွေနိုင်။ ။

ရွှေနန်းစည်ပုံစာတမ်းနှင့်၊ဂန္ထန္တရဂုဏ်အဆိုင်ကို၊ပုံပြိုင်မဲ့ခေါ်သတင်း။

ဇမ္ဗူပို၊ သီဟိုဠ်တိုင်ဉာဏ်ရောင်လျှင်းပေတဲ့၊ မိုင်းခိုင်းခွန်တော်လှိုင်လို့၊ ဆဒ္ဒန်ဂိုင်ကြာလေသုံးချည်ငှဲ့၊ ဘုန်းတောက်သည်မင်း။

[သက္ကရာဇ်၁၂၃၃-ခု ဝါဆိုလဆန်း ၅-ရက်နေ့ ဝန်ထောက်မြောင်လှမြို့စားမင်းဆို သံထောက်။]

**မိုင်းခိုင်းမြို့စားပေးစာ**

၃၆၁။ မိတ်သဟာ၊ဆိတ်စာကြည့်စမ်း၊

ပါဠိ ဌကထာနှင့်၊ဋီကာ၃-ပုံဘွဲ့၊ ရေးတဲ့စာတမ်း။

[သံတော်ဆင့် မိုင်းခိုင်းမြို့စား ပိဋကတ်တော် အုပ်မင်းကပေး။]

## လယ်ဝန်မင်းပြန်စာ

၃၆၂။ ဓမ္မခန်၊ စာညက်ကုန်ထင်တဲ့၊ ရှင်ပင်ကျွန်ထူး၊ ဝိဋကတ်၊ သိမှတ်ကယ်ပါ၊ဂူညက်နှင့်၊ ရာဇဌာန်ပြည်သီရိမှာ၊ တိုင်းသိခေါင်မူး။

[သံတော်ဆင့်လယ်ဝန်မင်းက ပြန်ပေး။]

## ဦးရင်ခြိမ်ဆို သံထောက်

၃၆၃။ သပြိုဟ်ကျမ်း လက်သန်းတဲ့ ဌကထာ။

နိဿရည်း၊ ကမ္ဘည်းရာဝင်ပြောင်လိမ့်၊ ခုနောက်နောင် ပေါမထွက်ချည်ဘု၊ အနက်မှန်လိုသရွေ့ကို၊ ကျမ်းစုံစေ့မှာ။

လွန်နက်နဲပါဘိ၊ ခက်ခဲတဲ့ဘိဓမ္မာကို၊ငါ့က-ညက်ထောက် ထား။

ပိုင်မိန်းထောင်း၊ ကျမ်းပေါင်း နေတ္တိနည်းနှင့်၊ ကစ္စည်း သဒ္ဒါငံလို၊ ကျမ်းဂန်မှာ နန်းသံလိုင်းပါဘိ၊ မိုင်းခိုင်းခွန်တော် စားတဲ့ပြင်၊ တရားညက်ဆိဖြေလို့၊နန်းမတော်ဝန်များ မင်း ငယ်၊တင်းတဲ့ညက်သွား။

[သက္ကရာဇ် ၁၂၃၅-ခု၊တပို့တွဲလဆန်း ၁၅-ရက်နေ့၊ စာရေးတော်ကြီးမင်း ဦးရင်ခြိမ်ဆိုသံထောက်။]

## ဆုတ်ကပ်မှာဥစ္စာပြတ်ဂါထာ

၃၆၄။ နိစကုလံ နိပ္ပညဝါ၊ နိရူပံ နိဗလံသမံ၊
ဣမံကာလံ ဆုတ္တကာလေ၊ နေမေဝ ဝိသေသကံ။
[လောကနီတိ။]

ယောနရော၊ အကြင်ယောကျ်ား,မိန်းမသည်။ နိစကုလံ၊ နိမ့်သော အမျိုးလည်းရှိ၏။ နိပ္ပညဝါ၊ နှုတ်ပညာ,လက်ပညာ

အတတ်လည်းမရှိ။ နိရူပံ၊ အရုပ်အရည်လည်းမတင့်တယ်။ နိဗ္ဗလံသမံ၊ အစွမ်းခွန်အားလည်းမရှိ။ တထာပိ၊ထိုသို့အပြစ်ထင်သော်လည်း။ ဍမိကာလံ၊ ဤကာလကား။ ဆုတ္တကာလံ၊ ကာလဆုတ်တည်း။ ခနမေဝ၊ ဥစ္စာသည်သာလျှင်။ဝိသေသကံ၊ အထူးပြုသောကာလတည်း။

နေဝရူပီ နညာဏီစ၊ နကုလီနံ ပခါနတာ။
ကာလေ ဝိပတ္တိသမ္ပတ္တေ၊ ခနိမာဝ ဝိသေသတာ။
[မဟာရဟနီတိ။]

ဝိပတ္တိသမ္ပတ္တေ၊ ဖေါက်ပြန်ခြင်းသို့ရောက်သော။ ကာလေ၊ အခါ၌။ ရူပီ၊ အဆင်းလှသောသူသည်။ နေဝပခါနတာ၊ မမြတ်သည်သာတည်း။ ညာဏီ၊ ညာဏ်ရှိသောသူသည်။ နစ ပခါနတာ၊ မမြတ်သည်သာတည်း။ ကုလီနံ၊အမျိုးမြတ်သော သူသည်။ နပခါနတာ၊ မမြတ်။ ခနိမာဝ၊ ဥစ္စာရှိသောသူသည် သာလျှင်။ ဝိသေသတာ၊ အထူးမြတ်၏။

မြို့ရွာပျက်စီးကြောင်းဂါထာ

၃၆၅။ နောဒယာယ ဝိနာသာယ ဗဟုနာယကဘာဘုသံ။
နောမိလန္တိဝိနဿန္တိ၊ ပဒုမာဣေဟိ သတ္တဟိ။
[ရင်းမဟာရဟနီတိ။]

ဗဟုနာယကတာ၊ ဤမြို့ဤရွာ၌ အကြီးအကဲ အအုပ်အထိန်း အခန့်အထားများသည်၏ အဖြစ်သည်။ ဝါ၊ အရာအထူးအလဲအပြောင်းများသည်၏အဖြစ်သည်။ဘုသံ၊လွန်စွာ။ နောဒယာယ၊ ဆင်းရဲသားကို မသနားခြင်းငှါ။ ဝိနာသာယ၊ မြို့ရွာပျက်စီးခြင်းငှါ။ ဘဝတိ၊ ဖြစ်၏။သတ္တဟိ အဣေဟိ၊

နေခုနစ်စင်းဘို့ကြောင့်။ ပဒုမာ၊ ကြာပဒုမာတို့သည်။ နောမိလန္တိ၊ မပွင့်ကုန်။ ဝိနဿန္တိ၊ ပျက်စီးကုန်၏။

**ရုပ်စုံဆရာရွှေရေးဆို လက်စွဲချိုး**

၃၆၆။ ကျောက်ကာရွာရုပ်စုံဆရာရွှေရေးဆိုလက်စွဲချိုး။

အဝိဇ္ဇာသင်္ခါရ၊ မူလဝိညာဏ်ကြောင့်၊ ရုပ်နှင့်နာမ် တဖန်ဖြစ်ရတယ်။ ခေတ္တကြာမမြဲချည်ဘူး။ သေရှင်ချည်သံသာထဲမှာ၊ ဝဲလည်သည့်သတ္တဝါ။ တလံမျှကိုယ်ခန္ဓာ၊ ထိုက်လျောက်ရာရုပ်ဘာဝမို့၊ တွက်ဆစေကန် ရချည်ငဲ့၊ ကိုးဝဒ္ဒါရ။

ဥပမာတူရာ နှိုင်းလိုက်လျှင်၊ အိုင်းအမာ တာရှည်လို၊ သွေးရောပြည်ထွက်ယိုစီးသည်နှယ်၊ ကြီးဒုက္ခဝေဒနာ။ လူ့ကိုယ်ငါထင် အမှတ်ကယ်နှင့်၊ စွဲကပ်သည့်တဏှာလည်း ဥပါဒါမကင်း။

ဥဒ္ဒုမာတကနှင့် အသုဘမရောက်ခင်၊ သဘောဉာဏ်ဆင်ခြင်တော့၊ သွေးပြည်တွင်ဘယ်ခရပ်ချည်ဘူး၊ တံတွေးနှပ်အသွယ်သွယ်၊ ကျင်ကြီးကျင်ငယ်နှင့်၊ ပိုးရှစ်ဆယ် ဒိုမ်္ဒီးအိမ်မို့၊ ရွှေအချိန်ကာရာဆင်တော့၊ မကြာခင် ဖောက်ပြန်ပျက်တတ်ကွဲ၊ ရုပ်ကက်ယခန္ဓာတဲ့၊ သက်ဖဝါ နှံမချုပ်ခင်က၊ သိုးပုပ်ဘိခြင်း။

**ကဝိလက္ခဏာသတ်ပုံနှင့်အပွင့်**

၃၆၇။ ရောင်ခြည်ဖြိုးဝှန့်၊ တန့်ခိုးကွန့်၊ ဘန့်တီးသုံးလူ့ချက်။

[ကဝိလက္ခဏာသတ်ပုံ။]

သီရိဇမ္ဗူသောကမင်း တည်ဟောင်းနောက် နရပတိစည်သူမင်း ရဟန်းတပါးငါးဖျားရှိနေသည်ကို ရဟန်းဖြစ်လျက်ငါးမျှားသည်ဟု မနောကံ ပြစ်မှားမိသောကြောင့် ဘောင်

တော်တန့်သည်အရပ်တွင် တည်သည့်စေတီကို တန့်တီးတွင်သည်၊ ထိုစေတီကား ရာဇမဏိစူဠာစေတီတော်ကြီး အရှေ့အရပ်တွင်ရှိသည်။

**အောင်ပင်လယ်ကန်တူးသည်နှစ်**

၃၆၇။ ( ၁ ) တီအစ်ပဉ္စုပုဂံကာ၊လာထမင်းရှင်စော။
( ၂ ) တသိန်းမှန်စွာ၊ လူဗိုလ်ပေါ်၊ လိုက်လာတူသဘော။
( ၃ ) မြို့သစ်ပြင်သာ၊ ဗိုလ်တက်မှာ၊ နေကာလွန်ပြန့်ပြော။
( ၄ ) သုညတြိန္ဒ၊ ပဉ္စရောက်မှု၊ခေါ်ယူလိုက်ပါသော။ [မင်းရှင်စောအောင်ပင်လယ်ကန်ကိုတူးသည်နှစ်ဆိုသည်။]

**ကုလားအကြောင်း သူဟောင်းစကား**

၃၆၈။ (၁)ပြိုးပြိုးပြိုးပြိုး၊ပါးမုန်းနှင့်လူဟာလေ၊ ပဲလှော်နှင့် ချော့ပါလို့၊ ငေါ့တတ္တိုလှသလေ။

အမရပူရ မြို့တည်နန်းတည် မင်းလက်ထက် ဟိုင်းကြီးကျွန်းမြေတွင်တိုက်အိမ် တည်လုပ်ရန် မြေရာကိုနံနက်ညီလာခံတွင် ကုလားတို့က နှိုးသံတော်ဦးတင်ရာ အမိန့်တော်ရှိသည်၊ အလောင်းမင်းတရားကြီးလက်ထက် ဟိုင်းကြီးကျွန်းမြေ၂၅၊-ပေးကြောင်းကိုသက္ကရာဇ် ၁၁၉၁ ခုနှစ်ရေး ရာဇဝင်တော်ကြီးနှင့် ရာဇသံအမိန့်တော် ၇၊ခန့်တွင်ဆိုသည်။

( ၂ ) ကုလားအရောဝင် မာရဘင်ကိုတက်၍ မျက်နှာကြက်ချေးယိုတတ်သည်။

( ၃) ကုလားမ ရှင်မခေါ် ထဘီတောင်းလို့ ခေါင်းကို တက်တတ်သည်။

( ၄) ကုလားအကျွမ်းဝင် ကြက်ချေး ရှိန်းခိုလုပ်လို့ပေး တတ်သည်။

ဟုသူဟောင်းတို့ ဆိုစကုန်သည်။

**ခဂ္ဂဝိသာဏသုတ်ဂါထာ**

မေတ္တံ ဥပေက္ခံ ကရုဏံ ဝိမုတ္တိံ။
အာသေဝမာနော မုဒိတဉ္စ ကာလေ။
သဗ္ဗေန လောကေန အဝိရုဇ္ဈမာနော။
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

[သုတ္တနိပါတ်ပါဠိတော် ခဂ္ဂဝိသာဏသုတ်၊ ပစ္စေကဗုဒ္ဓ အပဒါန် ခဂ္ဂဝိသာဏသုတ်။]

မေတ္တံ၊ ချစ်ခြင်းဟုဆိုအပ်သော။ ဝိမုတ္တိံ၊ဆန့်ကျင်ဘက် မှလွတ်သော အပ္ပမညာကိုလည်းကောင်း။ ဥပေက္ခံ၊ လျစ်လျူ ရှုတတ်သော၊ ဝိမုတ္တိံ၊ကိုလည်းကောင်း။ ကရုဏံ၊ သနား တတ်သော၊ ဝိမုတ္တိံ၊ကိုလည်းကောင်း။ မုဒိတဉ္စ၊ ဝမ်းမြောက် တတ်သည်သာလျှင်ဖြစ်သော။ ဝိမုတ္တိံ၊ ကိုလည်းကောင်း။ ကာလေ၊ သင့်တင့်လျောက်ပတ်သော အခါ၌။ အာသေ ဝမာနော၊ မှီဝဲသောအား ပွါးစေသည်ဖြစ်၍။ သဗ္ဗေန၊ ခပ်သိမ်းသော။ လောကေန၊ လူနှင့်။ အဝိရုဇ္ဈမာနော၊ မဆန့်ကျင်စေမူ၍။ ဧကော၊ ဝဲယာ ရှေ့နောက် ဖေါ်မ လှောက်ပဲ တယောက် တည်းချည်း။ စရေ၊ကျင့်ရာ၏။ ကိမိဝ၊ တယောက်ထည်းသာ ကျင့်စရာဝယ် ပမာသမှု အတန်ကြ ကား။ ခဂ္ဂဝိသာဏကပ္ပော၊ ကြံ့ချိုအတူတည်း။ဝါ၊ ခဂ္ဂဝိသာ

ထာကပ္ပေါ၊ သန်လျက်သွားလို ဦးချို တချောင်း ရှိသော ကြံ့နှင့်အတူ။ ဧကော၊ ဝဲယာ ရှေ့နောက် ဖေါမလှောက် ဖဲ တယောက်ထည်းချည်း။ စရေ၊ ကျင့်ရာ၏။

[ဆရာတော်ဘုရားကြီး ဦးပုတ်သမ္ဘန်သည်အနက်။]

အရကဇာတ်ဂါထာ

(၁) ယော ဝေ မေတ္တေန စိတ္တေန၊ သဗ္ဗလောကာ နုကမ္ပတိ။
ဥဒ္ဓံ အဓော စ တိရိယံ၊ အပ္ပမာဏေန သဗ္ဗသော။

(၂) အပ္ပမာဏံ ဟိတံ စိတ္တံ၊ ပရိပုဏ္ဏံ သုဘာဝိတံ။
ယံ ပမာဏံ ကတံ ကမ္မံ၊ န တံ တတြာ ဝသိဿတီတိ။

[ပါဠိဇာတ် ပါဠိတော် ဒုကနိပါတ် အရကဇာတ်။]

(၁) ဘဝန္တေဘဂ္ဂသိဂထာ၊အိုရသေ့အပေါင်းတို့။ယော-ယောကောစိ၊သမထာဖြဟ္မထာ စသည်တို့တွင် အကြင် အမှတ်မရှိသောသူသည်။ဥဒ္ဓံ၊မြေအပြင်မှ နေဝသညာနာသညာယတန ဖြဟ္မာပြည် တိုင်အောင်သော အရပ်ဟုဆိုအပ်သော အထက်မျက်နှာသည်ဂုင်း။ အဓော၊ မြေအပြင်မှ ဥဿဒ္ဒငရဲကြီး တိုင်အောင်သော အရပ်ဟု ဆိုအပ်သော အောက် မျက်နှာသည်လည်းကောင်း။ တိရိယဥ္စ၊ လူတို့ပြည်၌အကြင်မျှလောက်ကုန်သော စကြာဝဠာဟု ဆိုအပ်ကုန်သော ဖီလာအရပ်မျက်နှာတို့သည် လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တွေကော၊ ဤမျှအတိုင်းအရှည်ရှိသော။ ဌာနေ၊ အရပ်၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဗျာပဇ္ဇာ၊ ကြောင့်ကြခြင်းမရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အနီဃာ၊ ဆင်းရဲမရှိကုန်သည်။ ဟောန္တု၊

ဖြစ်စေ ကုန်သတည်း။ သုဒိ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ အတ္တာနံ၊ ကိုယ်ကို။ ပရိဟရန္တု၊ ဆောင်နိုင်စေကုန်သတည်း။ ဣတိ၊ ဤသို့။ သဗ္ဗသော-သဗ္ဗာကာရေန၊ ထက်အောက်ဖီလာ အရပ်မျက်နှာဟု ဆိုအပ်သော သုဂတိ, ဒုဂ္ဂတိ ဖြစ်သော ခပ်သိမ်းသော အခြင်းအရာ အားဖြင့်။ အပ္ပမာဏေန၊ အတိုင်းအရှည်မရှိသော။ မေတ္တေန၊ မေတ္တာနှင့်ယှဉ်သော။ စိတ္တေန၊ စိတ်ဖြင့်။ သဗ္ဗလောကံ၊ အလုံးစုံသော သတ္တလောကကို။ ဝေ၊ စင်စစ်။ အနုကမ္ပတိ၊ စောင့်ရှောက်၏။

(၂) တဿ၊ ထိုသူ၏။ အပ္ပမာဏံ၊ အတိုင်းအရှည်မရှိသော သတ္တဝါလျှင် အာရုံရှိသည်ကို။ ကတွာ၊ ပြု၍။ သုဘာဝိတံ၊ ကောင်းစွာပွါးစေအပ်သော။ ပရိပုဏ္ဏံ၊ ပြည့်စုံစွာသော။ သဗ္ဗသတ္တေသု၊ ခပ်သိမ်းသောသတ္တဝါတို့၌။ ဟိတံ၊ အစီးအပွားကို အလိုရှိသော။ ယံစိတ္တံ၊ အကြင်ရူပါဝစရ စိတ်၌ယှဉ်သော ကံသည်။ အတ္ထိ၊ ရှိ၏။ တတြ၊ ထိုရူပါဝစရကံ၌။ ပမာဏကတံ၊ အတိုင်းအရှည်အားဖြင့်ပြုအပ်သော။ ယံကမ္မံ၊ အကြင်ကာမာဝစရကံသည်။ အတ္ထိ၊ ရှိ၏။ တံကမ္မံ၊ ထိုကာမာဝစရကံသည်။ နအဝသိဿတိ၊ လွှမ်းမိုး၍ မတည်နိုင်။ အထခေါ၊ စင်စစ်သော်ကား။ ရူပါဝစရ ကမ္မမေဝ၊ ရူပါဝစရ ကံသည်သာလျှင်။ ကာမာဝစရကမ္မံ၊ ကာမာဝစရကံကို။ အဝသိဿတိ၊ လွှမ်းမိုး၍ တည်နိုင်၏။

မုံရွေးဆရာတော် မှတ်စု ပြီး၏။



ဟံသာဝတီစာအုပ်တိုက်
၃၅၇ ဗိုလ်ႉအောင်ကျော်လမ်း ရန်ကုန်မြို့

တအုပ် ၁ ကျပ်-၅၀ပြား။